www.burmeseclassic.com

# မိကိုရှူးစင်



## ရင်ခုန်သံတွေ မမှန်တော့ဘူး

www.burmeseclassic.com

www.burmeseclassic.com

# မိကိုဇူးဇင်

ရင်ခုန်သံတွေ မမှန်တော့ဘူး

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၃၃၅၀၈၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၇၀၉၀၈

၂၀၀၉ ခုနှစ်၊ ဇွန်လ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်


ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# မိကိုဇူးဇင်

## ရင်ခုန်သံတွေမမှန်တော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC



သော်ကမြိုင်ရဲ့ အေးစက်တဲ့မျက်ဝန်းတွေက သွေးသွေးမြိုင် မျက်နှာရဲ့ မျက်နှာကို စူးစိုက်စွာဖြင့်ကြည့်နေမိသည်။

ညီမလေး သွေးသွေးမြိုင်က သူ့မ ညီမအရင်းမဟုတ်တာ သူမသိထား၏။

ဖေဖေနဲ့ သူမပဲသိသည်။

သွေးသွေးမြိုင်ပင် မသိ။

အမိဝမ်းက ကျွတ်ထဲက မွေးစားခဲ့ကြပြီး အဝေးတစ်နေရာကို ပြောင်းလာခဲ့ကြသည်။

ခြေရာဖျောက်ပစ်လိုက်ကြ၏။

အခု ...

သွေးသွေးမြိုင် အရွယ်ရောက်နေပြီ။

“အိမ်ဖော်မကြီးတစ်ယောက်ရဲ့ သမီးဆိုတာ သမီးလေးသွေး
သွေး မသိပါစေနဲ့ သော်ကမြိုင် ...”

ဖေဖေက သတိပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သော်ကမြိုင်ကလည်း ညီမလေး သွေးသွေးကို ညီအစ်မအရင်းကဲ့သို့ပင် ချစ်ခင်ခဲ့သည်။

အလိုလိုက် အကြိုက်ဆောင်ထား၏။

သွေးသွေးမြိုင်ကလည်း ချစ်စရာကောင်းလွန်းတဲ့ မိန်းမချောလေးပင်။

ညီမလေး အလိုကျ လိုလေသေးမရှိအောင် ဖြည့်ဆွမ်းပေးခဲ့သည်။

ဒါပေမဲ့ ...

သွေးသွေးမြိုင်က စရိုက်ကြမ်းတမ်းတဲ့ မိန်းကလေးဖြစ်နေသည်။

အလိုလိုက်၍ အမိုက်ဇော်ကားနေ၏။

လူကြီးမိဘစကားကို နာခံချင်တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပေ။

ထင်ရာစိုင်းချင်နေတဲ့ မိန်းကလေးတစ်ယောက် ဖြစ်သည်။

"သမီးရယ် ... ဖေဖေတို့က အလိုလိုက်ထားတာပဲ ... ညီမလေး စိတ်ချမ်းသာအောင် နေပါစေ ... "

ဖေဖေက အလိုလိုက်သည်။

သွေးသွေးမြိုင် ဘာပဲလုပ်လုပ် အဖေကပြောသည် မရှိခဲ့။

ပျော်သလို နေစေသည်။

"ဖေဖေ သမီးတို့ ညီမလေးကို အလိုလိုက်ထားတာ များပြီ



ထင်တယ် ... ညီမလေးက အပျော်အပါးဘက် အရမ်းလိုက်နေပြီ ... "

"သမီးကြီးကလည်းကွယ် ... ညီမလေးကို မတင်းကျပ်ပါနဲ့တော်ကြာ စိတ်ညစ်ပြီး ထင်ရာစိုင်းလိမ့်မယ် ... "

သွေးသွေးမြိုင်ဟာ ဘာပဲဖြစ်ဖြစ် သော်ကမြိုင်ရဲ့ ညီမလေးပါပဲ။

ချစ်သည်။

တန်ဖိုးထားမိ၏။

ညီမလေးကို ပျော်စေချင်သည်။

ပညာရေးမှာလည်း သိပ်မထူးချွန်တဲ့ ညီမလေးကို စိတ်ပူမိ၏။

လုပ်ငန်းတွေကိုလည်း စိတ်မဝင်စားဘဲ ပျော်သလို နေသည်။

အပူအပင် ကင်းမဲ့လွန်း၏။

သော်ကမြိုင်ကတော့ ညီမလေးကို ချစ်၍ အလိုလိုက်ထားသည်။

ညီအစ်မအရင်း မဟုတ်တာကိုပင် လေသံမျှပင် ဖွင့်ဟပြောဆိုခြင်းမရှိခဲ့။

အဖွဲ့ဆိုထဲက သော်ကမြိုင်တို့အိမ်မှာ ခိုင်းတဲ့ သွေးသွေးမြိုင်အမေ ဆုံးသွား၍ ကောက်ယူမွေးစားခဲ့သည်။

သွေးသွေးမြိုင် အဖေလည်း ကားအက်စီးဒင့်ဖြစ်ပြီး ဆုံးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ချစ်စရာလေး ... သမီးတို့ပဲ မွေးစားလိုက်ရအောင်နော် ဖေဖေ ... "

သော်ကမြိုင်လည်း ငယ်စဉ်လေးထဲက ဒုခမေဆုံးသွားရတာပဲ။

ဒါပေမဲ့ ...

သူမက ချမ်းသာသည်။

ချမ်းသာကြွယ်ဝတဲ့ မိဘတွေရဲ့ တစ်ဦးတည်းသောသမီးလေး ...

ညီမလေးကို တွေ့တော့ ... ချစ်မြတ်နိုးတဲ့ စိတ်တွေဖြစ်ပေါ်လာရသည်။

"ဖေဖေ ... သမီးတို့ အဝေးကိုပြောင်းကြမယ် ... ညီမလေးအတွက် ခြေရာဖျောက်ရမယ် ... မွေးစားသမီးဆိုတာ လုံးဝမသိစေရဘူး ... "

ညီမလေးအပေါ် သော်ကမြိုင် ဘယ်လောက်အထိချစ်မြတ်နိုးရလဲ။

ကြည့်စမ်း ...

အခု ...

သွေးသွေးမြိုင်က အလိုလိုက်လို့ အမိုက်စော်ဟားနေပြီလား။

"မမ ... "

"ညီမလေး ... "

"သွေး ငွေရမ်းလိုနေလို့ ... ကားကို ရောင်းပစ်လိုက်ပြီ မမ"



"ဘာ ... "

သွေးသွေးမြိုင်ကို သော်ကမြိုင်အကြည့်တွေက စူးရိုက်စွာ ရောက်သွားရသည်။

ငွေအရမ်းလိုလို့ စီးသွားတဲ့ကားကိုပင် ရောင်းလိုက်သည်တဲ့ ... ။

ညီမလေးလွန်နေပြီ ...

သော်ကမြိုင် ဘယ်လိုတားရမလဲ။

သူမတို့ကပဲ အလိုလိုက်လို့လား။

သွေးသွေးမြိုင်ရဲ့ ဗီဇကပဲ မကောင်းလို့လား။

ဖေဖေလည်း မရှိ။

သော်ကမြိုင်တို့ ညီအစ်မနှစ်ယောက်ပဲ ရှိသည်။

ဖေဖေက နိုင်ငံခြားကို သွားနေ၏။

"မမ ... "

"ဘာလဲ ... သွေးသွေးမြိုင်"

"ကျွန်မ ငွေလိုနေသေးတယ် ... "

"ညီမလေးရယ် ... ဘာဖြစ်လို့ ဒီလောက်အထိ ငွေက အမြဲတမ်းလိုနေရတာလဲ ... "

"ဟာ ... မမကလည်း ဘာလို့မေးနေရတာလဲ ... ဘာလဲ ဖေဖေရှာထားတဲ့ စည်းစိမ်ဥစ္စာတွေကို မမတစ်ယောက်တည်း လက်ဝါးကြီးအုပ်ထားချင်လို့လား ... "

"သွေးသွေးမြိုင်"

ညီမလေးက အလိုလိုက်လို့ အမိုက်စော်ဟားပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေကိုယ်တိုင်က သမီးပျော်သလိုနေလို့ မှာထားတာ မဟုတ်လား ..."

သွေးသွေးမြိုင်ကတော့ ချစ်သူငွေလိုနေ၍ ပေးလိုက်ခြင်း ဖြစ်သည်။

မောင်က လုပ်ငန်းတွေ လုပ်နေတာ သွေးသွေးမြိုင် ပေးရမှာပဲ။

မမက မပေးချင်ဘူးလား။

"ငွေ သိန်းနှစ်ဆယ်လောက်ထပ်ပေးပါဦးနော် မမ ..."

"အင်းလေ ... မမပေးပါ့မယ် သွေးသွေးမြိုင် ... ညီမလေး ဘာတွေ သုံးနေလဲဆိုတာပဲ ပြောပါ ..."

ဖေဖေက သွေးသွေးမြိုင်ကို ချစ်လွန်းသည်။

အလိုလိုက်လွန်း၏။

မွေးစားသမီးဖြစ်၍ မျက်နှာငယ်မှာဆိုး၍ သူမထက်ပင် ဦးစားပေးသည်။

မဖြစ်သင့်ပါဘူး။

ညီမလေးက အပျော်အပါးတွေများပြီး ဘဝမှာ ဘာမှအလေးအနက် မရှိပေ။

"သွေးသွေး ..."

"ဟင် ..."

"ညီမလေး ဘာတွေသုံးမလို့လဲဟင် ..."

"စီးပွားရေး လုပ်ငန်းတွေ လုပ်မလို့ပါ မမ ..."

"ဘာတွေလဲ ..."



"သွေးသွေး ချစ်သူလုပ်မှာပါ ..."

"ဘာ ..."

"သွေးသွေး လက်ထပ်တော့မယ် မမ"

"ဟင် ..."

"မောင်က စီးပွားရေးလုပ်ငန်းအတွက် ငွေလိုနေလို့ပါ ..."

"ဘယ်က ချစ်သူလဲ သွေးသွေးမြိုင် ... ညီမလေး ချစ်သူကို ခေါ်လာခဲ့ဦးလေ ..."

"အင်းပါ ... ခေါ်လာမယ် ... အခုလောလောဆယ် မောင်က အလုပ်တွေအရမ်းများနေလို့ပါ ..."

"မမ စိတ်ပူလိုက်တာ ညီမလေးရယ် ... လုပ်ချင်တာတွေ လျှောက်မလုပ်နဲ့နော် ... မမကိုပြောပြ ... အိမ်ထောင်ဖက်ဆိုတာ အလွယ်တကူ ရွေးချယ်လို့မရဘူးနော် ..."

ညီမလေးအတွက် သော်ကမြိုင် စိတ်ပူစွာ ပြောမိသည်။

သွေးသွေးမြိုင်ကတော့ အပြုံးမပျက်။

နှုတ်ခမ်းသားလေးတွေကို တင်းကျပ်စွာ စေ့ကပ်ထားမိသည်။

"သွေးသွေးက ငယ်တော့တဲ့အရွယ်မှ မဟုတ်တာဘဲ ... နားလည်ပါတယ် ... မောင်က စီးပွားရေးလုပ်ငန်းစလုပ်မှာပါ အောင်မြင်မှ လက်ထပ်မယ် ..."

"သွေးသွေး ချစ်သူကိုပြစမ်းပါ ... မမဆီခေါ်လာခဲ့နော်"

"အင်းပါ ... ပိုက်ဆံပေးစမ်းပါ မမရာ"

www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ ...

သွေးသွေးကို ငယ်စဉ်လေးထဲက အလိုလိုက်ထားတာပဲ မဟုတ်လား။

မတတ်နိုင်တော့ ...

ပေးရမှာပဲ။

"မမ ... "

"ဟင် ... "

"ကျေးဇူးပဲ ... "

သွေးသွေးမြိုင်က ပြောင်ချော်ချော်ပြောပြီး ထွက်သွားသည်။

"ဟင်း ... "

သော်ကမြိုင်ကတော့ သက်ပြင်းမောကြီးပြင်းပြစွာ မှုတ်ထုတ်ပစ်လိုက်သည်။

ညီမလေးတော့ မလွယ်ဘူး။

ဒုက္ခပါပဲ ...

ဘယ်လိုပြောရမလဲ။

ညီမလေးက မွေးစားသမီးဆိုတော့ မျက်နှာမငယ်စေချင်တာလည်းပါသည်။

မပြောရက်ပေ ...

ဘယ်လို ကောင်လေးမျိုးနဲ့ ညီမလေးချစ်ကြိုက်နေတာလဲ။

"ကရင် ... ကရင်"



ဖုန်းသံမြည်လာသည်။

သူမ ကောက်ကိုင်လိုက်၏။

"ဟဲလို ... "

"ဦးကျော်ခေါင်အိမ်ကပါလား ... "

"ဟုတ်ပါတယ်ရှင် ... "

"ဦးကျော်ခေါင်းနဲ့ တွေ့ချင်လို့ပါ ... "

"ဖေဖေ မရှိပါဘူး ... နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ သွားနေပါတယ် ... "

"ကျွန်တော်က အန်ကယ်ဦးကျော်ခေါင်းရဲ့ မိတ်ဆွေ ဦးညီညီရဲ့သား ဇေယျာညီပါ ... "

"ရှင် ... "

"ကျွန်တော် နယ်ကဆက်နေတာပါ ... "

"ဟုတ် ... "

"အခုပြောနေတာက ... "

"ကျွန်မ ... ကျွန်မ ဦးကျော်ခေါင်ရဲ့ သမီး သော်ကမြိုင်ပါ"

"မမသော်ကမြိုင်လား ... "

"ဟင် ... "

"မမကို ဖေဖေပြောပြထားလို့ ကျွန်တော်သိနေတာပါ"

ဖေဖေ့ မိတ်ဆွေဦးညီညီကို သူမလည်း မသိပေ။

"မမကတော့ ဖေဖေ့ဖကို သိမှာမဟုတ်ပါဘူး ... မကိုပဲ ဇေယျာသိတာပါ ... "

"ပြောပါ ဇေယျာညီ ... မမတို့ ဘာအကူအညီပေးရမလဲ ... 

www.burmeseclassic.com



ဘာကိစ္စရှိလို့လဲ ... ”

“ကျွန်တော် မနက်ဖြန်ရန်ကုန်ကို ရောက်ပါမယ် ... ဖေဖေက မမတို့အိမ်မှာ တည်းပြီး ... ရန်ကုန်မှာ လုပ်စရာရှိတဲ့ ကိစ္စတွေ လုပ်ဖို့ပါ ... ခြောက်လလောက်နေရမှာမို့ပါ ... ဖေဖေက ဇေယျာကို တခြားနေရာတွေမှာ မနေစေချင်ဘူးတဲ့ ... ”

“ဖေဖေကလည်း မရှိတော့ ... ”

“ရပါတယ် မမ ... ကိစ္စမရှိပါဘူး ... ကျွန်တော် တခြားမှာပဲ တည်းပါ့မယ် ... ”

“မောင်ဇေယျာညီ ... ”

“ဗျာ ... ”

“မမတို့အိမ်မှာ တည်းလည်းရပါတယ် ... ဖေဖေ့မိတ်ဆွေရဲ့သားပဲဟာ ... မမတို့အိမ်မှာ ထမင်းချက်အဒေါ်ကြီး မိသားစုရှိတာပဲ ... ဖေဖေလည်း မကြာခင် ပြန်လာမှာပါ ... ”

ဖေဖေတစ်လလောက်ဆိုရင် မြန်မာပြည်ကို ပြန်လာမည် ဖြစ်သည်။

“မောင်လေးလာခဲ့ပါ ... တည်းလည်းရပါတယ်ကွယ် ... ဖေဖေလည်း ပြန်လာတော့မှာပဲဟာ ... ”

သော်ကမြိုင်က အားနာတတ်သည်။

လူတစ်ဖက်သားရဲ့ အခက်အခဲကိုလည်း ကူညီချင်မိ၏။

“ဒါဆိုလည်း ဇေယျာလာခဲ့ပါ့မယ် ... ဖေဖေက လက်ဆောင်



တွေလည်း ပေးခိုင်းလိုက်လို့ပါ ... ”

“ကောင်းပါပြီကွယ် ... ”

“မနက်ဖြန် လေယာဉ်နဲ့ရောက်မယ်မမ ... ”

“ကောင်းပါပြီကွယ် ... ”

ဖုန်းချသွားသည်။

ယောကျ်ားလေးတစ်ယောက် ဒီမှာလာနေတာ သင့်တော်ပါ့မလား။

သူမတို့က မိန်းမပျိုလေးတွေ ...

ဖေဖေ ဘာပြောမလဲ။

ဖုန်းဆက်ပြီး ပြောဖို့အတွက် ဖေဖေ့ဆီဖုန်းခေါ်လိုက်သည်။

“သမီးကြီးလား ... ဘာကိစ္စအရေးကြီးလို့ ဖေဖေ့ဆီဆက်ရတာလဲ ... ”

“ဖေဖေ ... ”

“ပြော ... ”

“ဖေဖေ့ မိတ်ဆွေဦးညီညီဆိုတာ ရှိလား ... ”

“ရှိတာပေါ့ သမီးရဲ့ ... မော်လမြိုင်ကနေ ဖေဖေနဲ့ကျောင်းနေဘက် သူငယ်ချင်းပဲပေါ့ ... အရမ်းခင်ကြတာ ဘာဖြစ်လို့လဲ သမီး ... ”

“အန်ကယ်ဦးညီညီရဲ့သားက သမီးတို့အိမ်မှာ ခဏလေးလာတည်းပြီး ... ဒီမှာအလုပ်ကိစ္စတွေ လုပ်ချင်လို့တဲ့ ... ”

“တည်းပါစေ သမီး ... ညီညီက တစ်ချိန်က ဖေဖေ့ကို အများ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ကူညီဖူးတယ် ... ကျေးဇူးရှိတယ် သမီး ... တည်းပါ
စေ ... ဖေဖေလည်း ပြန်လာတော့မှာပဲကွယ် ... ”

တော်ပါသေးရဲ့ ...

သော်ကမြိုင်က အားနာပြီး လာတည်းပါလို့ပြော
ထားမိပြီး စိတ်ပူနေတာပဲ။

“သမီးက အားနာတတ်တယ်လေ ... လာတည်းပါလို့ပြော
ပြီးမှ စိတ်ပူသွားလို့ပါ ... ”

“စိတ်အေးအေးထားပါ သမီးရယ် ... ညီညီက လူတစ်ဖက်
သားကို အရမ်းကူညီတတ်တာပဲလေ ... ဖေဖေ့ကို ကူညီ
ထားတာတွေ ရှိတယ် ... ညီညီ့သားကို သမီးတို့ဧည့်ဝတ်
ကျေပွန်အောင် စောင့်ရှောက်ပေးစေချင်တယ် ... ”

“သမီးတို့က မိန်းကလေးတွေကြီးပဲဆိုတော့ ... ”

“မသွယ်တို့ မိသားစု ရှိတာပဲ ... ယောက်ျားဆိုတာလည်း
နှစ်ယောက်တောင် ရှိတာပဲ ... ဖေဖေလည်း ပြန်လာမှာ
ပါ ... ”

“ဟုတ်ကဲ့ ... ”

“သမီးလေးရေ ... ”

“တစ်နေ့တခြား အရမ်းကိုဆိုးလာသလိုပဲ ဖေဖေ ... အခု
လည်း ကားရောင်းလိုက်တယ် ... ငွေလည်း ထပ်တောင်း
တယ် ... စီးပွားရေးလုပ်မလို့တဲ့ ဖေဖေ ... ”

ချစ်သူရှိနေတဲ့အကြောင်းတော့ ပြောမပြဖြစ်တော့။
ဖေဖေ ပြန်ရောက်လာမှပဲ အေးအေးဆေးဆေး



ပြောစရာတွေ ရှိတာ ပြောပြရမည်။

“သမီးလေးကို ဘာမှမပြောပါနဲ့ကွယ် ... သုံးပါစေ ...
ဖေဖေရောက်လာမှ ပြောပါ့မယ် ... အားမငယ်ပါစေနဲ့
ကွယ် ... ”

ညီမလေးအပေါ် ဖေဖေအလိုလိုက်တာ မှားနေပြီဟု
ထင်မိသည်။

အင်းလေ ...

သော်ကမြိုင်လည်း အလိုလိုက်ထားခဲ့တာပဲ မဟုတ်
လား။

“သမီးကြီး ... ”

“ရှင် ... ”

“ဖေဖေ ပြန်လာမှာပါ ... သမီးလေး ဘယ်လောက်ပဲ ဖြုန်း
ဖြုန်း ဖေဖေတို့ခွဲမသွားပါဘူး ... သမီးကသာ စိတ်ချမ်းသာ
အောင်နေ ... ဖေဖေ ပြန်လာခဲ့မယ်နော် ... ”

“ဟုတ်ကဲ့ ... ”

ဖုန်းချလိုက်သည်။

စိတ်ထဲမှာ မောပန်းနွမ်းနယ်သွားရ၏။

ဖေဖေပြန်လာမှဖြစ်မှာပါ။

သော်ကမြိုင်ကတော့ အရာအရာကို စိတ်ပူတတ်နေ
သူပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

“သွေး ...”

“ဟင် ...”

“မနက်ဖြန် ဧည့်သည်တစ်ယောက်လာမယ် ...”

သွေးသွေး မြိုင်ကတော့ အခွေကြည့်ရင်း စိတ်မပါဖြစ်နေသည်။

သော်ကမြိုင်ကတော့ ညီမလေးကို ဆုံးမသွန်သင်စရာရှိတာလေးတွေ သွန်သင်ဖို့ပါ။

ဧည့်သည်က ယောကျ်ားလေး ...

သွေးသွေးက နေချင်သလို နေတတ်တဲ့ ကောင်မလေးတစ်ယောက် ...

ဖေယျာညီ အထင်သေးစရာ မဖြစ်အောင်နေထိုင်ပြရမည်။



“သွေး ...”

“ဘာလဲ မမရာ ...”

“မမပြောမဲ့ စကားတွေကို သေသေချာချာနားထောင်စမ်းပါ”

သူမ ...

အခွေကို ပိတ်လိုက်သည်။

“မမအရမ်း နှောင့်ယှက်နေပါလား ... ပြောလေ ဘာပြောမလို့လဲ ...”

သွေးသွေး နှုတ်ခမ်းလေးစူပြီး မမကိုပြောမိသည်။

“မနက်ဖြန် ဧည့်သည်လာမယ်လို့ ပြောတာ ...”

“ဘယ်က ဧည့်သည်လဲ ... သွေးဧည့်ခံဖို့ လိုလို့လား ... မနက်ဖြန် မောင်နဲ့ချိန်းထားတယ် ... သွေးတို့ စီးပွားရေးလုပ်ငန်းအတွက်လေ ...”

“မမက ဧည့်သည်ကို သွေးဧည့်ခံဖို့ ပြောတာမဟုတ်ပါဘူး၊ လာမဲ့ဧည့်သည်က ယောကျ်ားလေးတစ်ယောက် ဖြစ်နေတယ်လေ ...”

“ဟင် ... ဘယ်က ဧည့်သည်လဲ ... ရှုပ်ရှုပ်ယှက်ယှက် ... မမရဲ့ ချစ်သူလား ...”

“မဟုတ်ပါဘူး ... ဘယ်က မမချစ်သူရမှာလဲ ... ဖေဖေ့သူငယ်ချင်းရဲ့သား ... ဒီမှာ ခဏလာတည်းမှာတဲ့ ...”

“ရှုပ်လိုက်တာ ... အဲ့ဒါ ဘာဖြစ်လဲ ... မမဧည့်ခံလေ”

“ညီမလေးကို ပြောစရာရှိလို့ပါ ...”

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ ..."

"ဘာမှတော့ မဟုတ်ပါဘူး ... ဧည့်သည်ရှေ့မှာ အနေအထိုင် ဆင်ခြင်ဖို့ပါ ..."

"မမကလည်း သွေးက ဘယ်လိုနေလို့လဲ ... ဘယ်လောက် အရေးကြီးတဲ့ ဧည့်သည်ဖြစ်နေလို့လဲ ... မမက ဒီလောက် အထိ အဖြစ်သည်းနေရအောင် ..."

"သွေး ..."

"မသိဘူး ... မသိဘူး ... ဒီဧည့်သည်ကို သွေးလည်းစိတ်မဝင် စားဘူး ..."

"ဟုတ်ပါပြီ ... ဓတ်ကြာ ညီမလေးကို အထင်သေးသွားမှာ ဆိုးလို့ပါ ..."

"မမ ..."

"ဟင် ..."

"ဒီဧည့်သည်က ဒီမှာ ဘာကြောင့်လာတည်းရတာလဲ ..."

"မဟုတ်ပါဘူးကွယ် ... ဒီမှာ အလုပ်ကိစ္စရှိလို့ပါ ... ဖေဖေ ဆီလည်း ဖုန်းဆက်ပြီးပြီလေ ... ကျေးဇူးရှိတယ်တဲ့ ကောင်း ကောင်းမွန်မွန် ဧည့်ခံထားလိုက်ပါတဲ့ ..."

"ဧကန္တတော့ အပျိုးကြီးမမအတွက် အစီအစဉ်ထင်တယ်"

"သွေးနော် ... ပေါက်ကရတွေ မပြောနဲ့ ... မမထက်အသက် ငယ်ပါတယ် ... ဖြစ်ချင်းဖြစ် မိသွေးအတွက်ပဲ ဖြစ်မှာပါ နော် ..."

"သွေးအတွက်ဆိုရင်တော့ ... ဆောရီးပဲ ... ကျွန်မမှာ ချစ်သူရှိတယ် လုပ်ငန်းတွေအောင်မြင်ရင် လက်ထပ်ကြမှာ"



"သွေး ..."

"ပြော ..."

"ညီမလေး ချစ်သူကို မမဆီခေါ်လာခဲ့လေ ..."

"နေပါဦး မမရာ ... ဖြည်းဖြည်းပေါ့ ... မရှိလို့လုပ်စားတာပဲ ဟာ ..."

"ညီမလေး ဆုံးဖြတ်ချက်တွေ မှားမှာဆိုးလို့ပါ ... မမက ရွေးချယ်ပေးမယ်လေ ..."

"မရတော့ဘူး ... သွေးတို့က ချစ်သူတွေဖြစ်သွားကြပြီပဲ ... မမချစ်သူကိုပဲ မမရွေးချယ်တော့ ..."

"သွေးရယ် ... ညီမလေး တစ်ခုခုဖြစ်သွားမှာ မမအရမ်းစိတ် ပူတယ် ..."

"ညီမလေးအတွက် ဘာမှမပူနဲ့ ... မမသာ ရိုးရိုးအအနဲ့ ခံရ မယ် ... သွေးက အဲ့ဒါပဲ စိတ်ပူတာသိလား ..."

"မမက ချစ်သူထားတာတွေ အိမ်ထောင်ရေးတွေ ဘာမှ စိတ်မဝင်စားပါဘူး ... ဖေဖေ့ကို ပြုစုဖို့နဲ့ ညီမလေးအတွက် စောင့်ရှောက်ပေးဖို့ပဲ စိတ်ဝင်စားတာပါ ..."

"မမ ..."

"ဟင် ..."

"ဟိုလူက မမအတွက်ဖြစ်နေရင်ရော ..."

"ကောင်မလေးနော် ... ဘာတွေပြောနေတာလဲ ... ပေါက် ကရတွေ ..."

"ညီမလေးက ရှိပြီးသားဆိုတော့ ... မမအတွက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်း သွေးသွေး … ညွှသည်ရှေ့မှာ ပေါ့ပျက်ပျက် စကားတွေ မပြောနဲ့နော် … အထင်သေးသွားမယ်လေ"

"သွေးနဲ့တောင် တွေ့မှာမဟုတ်ဘူး … အပြင်သွားနေတဲ့ဟာ … ဖေဖေဘယ်တော့ ပြန်လာမလဲမမ … "

"တစ်လအတွင်း ပြန်လာမယ်တဲ့ သွေးသွေး … မမကတော့ သွေးသွေးကို နေရာတကာ အလေးအနက်ထားတတ်တဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်စေချင်တယ်ကွယ် … "

"အဟက် … "

"သွေး … "

"မမ ပြောသလိုကြီးနေရမှာကို သွေးကအရမ်းစိတ်ပင်ပန်းတယ်လို့ ထင်တယ် … "

"သွေးသွေးရယ် … နေရာတကာ ပေါ့ပျက်နေရင်လည်း လူအထင်သေးမှာပဲ … မကောင်းပါဘူး သွေးရယ်နော်"

"ကောင်းပါတယ် … "

"သွေး … "

"မမပြောချင်တာတွေက ဒါပဲလား … "

"ပြောချင်တာတွေကတော့ … အများကြီးပဲပေါ့ သွေးသွေးရယ် … မမက အရမ်းစိတ်ပူတတ်တာ သွေးသိသားပဲဟာ"

"သွေး အခွေကြည့်တော့မယ် … "

"ကြည့်ကြည့် … အပြင်မထွက်ဘဲ အခွေကြည့်နေတာ မမပိုပြီး စိတ်ချရတယ် … "

"အပျိုကြီးနော် … အရမ်းဇီဇာကြောင်တာပဲ … ယောက်ျား



မရဘဲ နေဦးမယ် … "

"ဒီကောင်မလေးကလေ … "

"ဟား … ဟား … ဟား"

သွေးသွေး အော်ဟစ်ရယ်မောတတ်တာကိုလည်း သော်ကမြိုင် မနှစ်သက်ပါ။

ဒီဟာမလေး စရိုက်ကြမ်းချင်သည်။

ဆိုးသွမ်း၏။

ပြောလို့ မရ။

သွေးသွေးကို ပြောပြီး ညွှသည်အတွက် အခန်းသန့်ရှင်းဖို့ ပြင်ဆင်ရဦးမည်။

"မသွယ် … "

"ရှင် … "

"အောက်ထပ်က အခန်းတစ်ခန်းကို ညွှသည်အတွက် ပြင်ဆင်ကြရအောင် … "

"ဟုတ်ကဲ့မမ … "

"ညိုရော … "

"ရှိပါတယ် … "

ညိုမက မသွယ်သမီးဖြစ်သည်။

ဒရိုင်ဘာ ရပ်ဆိုးက မသွယ်ရဲ့ခင်ပွန်းဖြစ်၏။

"ကိုရပ်ဆိုးနဲ့ ခြံစောင့်ရှန့်ကနားကို ခေါ်ပြီး … အခန်းသန့်ရှင်းပါ … ပြီးတော့ … ခုတင်တွေ မွေ့ရာတွေလည်း အသစ်ပြင်ထားနော် … "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... စိတ်ချပါ မမ"

မသွယ်က သော်ကမြိုင်ထက်အသက်ကြီးပေမဲ့ မမ ဟုပဲ ခေါ်သည်။

"မသွယ် ..."

"ရှင် ..."

"အိပ်ရာခင်းကို အပြာရောင်လေး ခင်းရင်ကောင်းမလား... ပန်းရောင်လေး ကောင်းမလား ..."

ညွှန့်သည်က ဘာကြိုက်တတ်မှန်းမသိ၍ ခက်နေမိသည်။

"မမ ..."

"ဟင် ..."

"အခန်းမှ မပြင်ရသေးတာ ... နောက်မှ စဉ်းစားရင် ကောင်းမယ်ထင်တယ် ..."

"ဟုတ်သားပဲ ..."

သော်ကမြိုင်ပဲ အဖြစ်သည်းနေတာများလား။

မဟုတ်သေးပါဘူး။

ဖေဖေ့အပေါ် ကျေးဇူးရှိနေတဲ့ မိတ်ဆွေရဲ့သားဖြစ်နေလို့ပါနော်။

"အခုလာမဲ့ ညွှန့်သည်က အရမ်းအရေးကြီးတယ် မသွယ်... ဖေဖေက ကောင်းကောင်းမွန်မွန် ညွှန့်ခံပါတဲ့ ..."

"ဟုတ်ကဲ့ မမလေး ... ကျွန်မတို့ သေသေသပ်သပ်သန့်ရှင်းရေးလုပ်ပြီး ပြင်ဆင်ပါ့မယ် ..."



မသွယ်ကတော့ အိမ်မှုကိစ္စတွေမှာ ကျွမ်းကျင်သူဖြစ်သည်။

စိတ်ချရ၏။

သော်ကမြိုင် စိတ်ပူနေတာလား။

ညွှန့်သည်ကို ညွှန့်ဝတ်မကျေမှာ စိတ်အပူဆုံးပင်။

အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ညွှန့်သည်က ဒီမှာလာတည်းပုံ ထောက်ရင် ... ကေန္တတော့ မမအတွက်ပဲထင်တယ် ..."

သွေးသွေးမြိုင်ပြောတဲ့ စကားတွေကို ကြားယောင်လာမိသည်။

ဒီကောင်မလေးဟာ ...

"မဖြစ်နိုင်ပါဘူး ... သော်ကမြိုင်က အပျိုကြီးပဲ လုပ်မှာပါ"

အိမ်ထောင်မှုတွေကို တာဝန်ခံပြီး စိတ်သောက ဆက်မခံနိုင်ပေ။

ဖေဖေနဲ့ သွေးသွေးကိုလည်း စောင့်ရှောက်ရဦးမယ်။

အမိက ...

သွေးသွေးပဲ ...

ဒီဟာမလေးက ဆိုးပေချင်တယ်။

မွေးစားသမီးလေးဆိုပေမဲ့ ညီအစ်မအရင်းကဲ့သို့ ချစ်သည်။

စောင့်ရှောက်လို၏။

www.burmeseclassic.com

www.burmeseclassic.com



ညီမလေး ဘာပဲလုပ်လုပ် ခွင့်လွှတ်မြဲပင်။

မမက ...

သွေးသွေးတစ်ခုခု ဖြစ်သွားမှာ စိတ်ပူမိတာပါကွယ်။

ညှို့သည် ...

ယောကျ်ားလေးတစ်ယောက် ...

ဘာဖြစ်လို့ ...

မိန်းကလေးတွေရှိနေတဲ့ အိမ်မှာမှ လာပြီးတည်း

တာလဲ။

ရိုးရိုးသားသား လာတည်းတာဖြစ်မှာပါ။

သော်ကမြိုင် ...

ညည်း ဘာတွေတွေးနေတာလဲ။

ပေါက်ကရတွေ ...

ညှို့သည်အတွက် ပြင်ဆင်နေတာတွေကို စိတ်မချ

ဖြစ်လာရသည်။

လိုလေသေးမရှိအောင် ပြင်ဆင်မှ ...

မဖြစ်ပါဘူး။

သွားပြီး ကြီးကြပ်ဦးမှပဲ ...

ညှို့သည်အတွက် အခန်းပြင်နေတဲ့နေရာ ပြ

ရောက်လာသည်။

"မမလေး ... ဒီလိုထားတာ သဘောကျရဲ့လား ..."

"မဟုတ်သေးဘူး ... ခုတင်ကို ဟိုနားလောက်အထိ တိုး

လေ ... ဒါမှ အခန်းကျယ်မှာပေါ့ ..."



"ဟုတ်ကဲ့ မမလေး ..."

ကိုရှပ်ဆိုးနှင့်ရန်ကနားး ခုတင်ကို ပြန်ရွှေ့ကြပြန်

သည်။

"ဒီလောက်လား ..."

"အေး ..."

"မွေ့ရာကြီးတင်လိုက်တော့မယ်နော် မမ ..."

"အင်း ..."

"တီဗီတွေ ဘာတွေရော ထားတာ အဆင်ပြေရဲ့လား"

"ခုတင်ပေါ်ကနေ အိပ်ပြီးကြည့်လို့ရအောင်ထားလေ ...

ရွှေ့လိုက်ဦး ကိုရှပ်ဆိုး ..."

"ဟုတ်ကဲ့ မမ ..."

"ဟုတ်ပြီ ထားတော့ ..."

ရန်ကနားက တီဗီကြီးမလာပြီး စင်ပေါ်တင်သည်။

ကတ်ဆက်တွေကအစ နေသားတကျထားနေကြ

၏။

"ဟုတ်ပြီ ... အဲ့ဒီလို ကောင်းတယ်"

အခန်းတစ်ခုလုံးကို ပစ္စည်းတွေ ဟိုရွှေ့လိုက် ဒီရွှေ့

လိုက်နှင့် အလုပ်ရှုပ်နေသည်။

"မမ ..."

"ဟင် ..."

"ဒီမှာ အိပ်ရာခင်းတွေနဲ့လိုက်ကာတွေ ..."

"များလှချည်လား ..."

www.burmeseclassic.com

www.burmeseclassic.com



"မမကြီး ရွေးပြီးခင်းချင်တာ ခင်းရအောင်လေ ..."

"အပြာရောင်လေး ကောင်းမလား မသွယ်"

"မမ သဘောလေ ... အပြာရောင်လေးဆိုတော့ ... မျက်စိအေးတာပေါ့ ..."

"သူက ကြိုက်ပါ့မလား ..."

"အပြာရောင်ကိုတော့ လူတိုင်းကြိုက်တတ်ပါတယ် မမလေးရဲ့ ... အေးမြတဲ့ မေတ္တာအရောင်ပဲဟာ ..."

ပန်းရောင်လေးရော ...

အချစ်ရဲ့ သင်္ကေတပဲ။

ဒုက္ခပါပဲ ...

သောကမြိုင် ဘာတွေများ စဉ်းစားနေမိရတာလဲ။

သူမက ဝဏ်သိက္ခာကို အလေးအနက်ထားတတ်တဲ့ ဣန္ဒြေရှင် မိန်းမတစ်ယောက်ပဲ။

အရှက်သိက္ခာကြီးမားစွာ နေတတ်သည်။

ပတ်ဝန်းကျင်မှာ အထင်အမြင်သေးစရာ သူများအမြင်ကတ်အောင် မနေခဲ့။

သွေးသွေးမြိုင်နဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ။

"အပြာရောင်လေးပဲ ကောင်းပါတယ်လေ ... ရောက်လာမှ အရောင် မကြိုက်ဘူးဆိုတော့လည်း ပြောင်းကြတာပေါ့"

"ခင်းမယ်နော် မမ ..."

"အင်း ..."

မသွယ်က လိုက်ကာအပြာရောင်လေးတွေကို ကာ



နေသည်။

သေသပ်ပါတယ်။

ကြည့်လို့ အေးနေတာပဲ။

အခန်းပြင်ဆင်မှုတွေ ဘာလိုအပ်သေးလဲဆိုတာ အသေအချာကြည့်မိသည်။

"မမ ..."

"ဟင် ..."

"ဘာတွေ လုပ်နေတာလဲ ..."

"အခန်းပြင်နေတာလေ ..."

"အဟက် ..."

သွေးသွေးရောက်လာပြီး ပြောင်ချော်ချော် အကြည့်တွေနှင့် ကြည့်နေသည်။

သော်ကမြိုင် မျက်နှာပူသွားပြီး ရှက်သွားရ၏။

"ကိုယ်တိုင် ကြီးကြပ်ပြီး ပြင်ဆင်ပေးနေတာပါလား ... မမသော်ကာရဲ့ ..."

"ညီ့သည်ကို စိတ်တိုင်းကျစေချင်လို့ပါဟဲ့ သွေးရဲ့ ... ဖေဖေက လိုလေသေးမရှိအောင် ပြင်ဆင်ထားရမယ်ဆိုလို့ပါဟဲ့ ..."

"အပျိုကြီး ဒီလောက်အထိ ပြင်ဆင်နေပုံထောက်တော့ ... အရမ်းကို စိတ်ဝင်စားစရာကောင်းတဲ့ ညီ့သည်ဖြစ်နေပြီ"

"သွေးသွေးနော် ... ပေါ့ပျက်ပျက် မလုပ်ပါနဲ့ကွယ် ... ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေရဲ့သား ဖြစ်နေလို့ပါ ... သွေးသွေးလည်း ပြောင်ချော်ချော်မလုပ်နဲ့နော် ... ”

“မမအပျိုကြီး ... ”

“ဒီကောင်မလေးဟာလေ”

“မမကားကို သွေးအပြင်ခဏမောင်းသွားမယ်နော်”

“ယူသွားလေ ... ညီမလေးလည်း ဖေဖေပြန်လာမှ ကားတစ်စီးထပ်ဝယ်လေ ... ”

“အင်း ... ”

သွေးသွေးမြိုင် စပ်ဖြဖြနှင့် အပြင်ပြန်ထွက်သွားသည်။

ဒီဟာမလေးတော့ မလွယ်ဘူး။

အခန်းပြင်ဆင်မှုတွေကို ဆက်ပြီးကြီးကြပ်နေမိသည်။



## အခန်း(၃)

ညှိသည်ကို ကြိုဖို့အတွက် သော်ကမြိုင် ပြင်ဆင်နေသည်။

လေယာဉ်ကွင်းမှာ ကြိုရမှာပါ။

“မမ ... ”

“ဘာလဲသွေး ... ”

“သွေးသွေး မလိုက်ဘူးနော် ... ”

“ဘာဖြစ်လို့လဲ သွေးသွေးရဲ့ ... မမတို့ ညီအစ်မနှစ်ယောက်လုံး သွားကြိုမှ ကောင်းမှာပေါ့ ... ”

“မမပဲသွားပါ ... သွေးသွေးမအားလို့ ... ”

“လိုက်ခဲ့ပါ သွေးသွေးရယ် ... မမတစ်ယောက်တည်း”

“ဘာဖြစ်လဲ ... ပိုပြီး နီးစပ်မှုရနိုင်တာပေါ့ မဟုတ်ဘူးလား အပျိုကြီး ... ”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ ... အဲ့ဒါ နောက်စရာမဟုတ်ဘူးနော်သွေး ... ညွှန့်သည်လည်း အားနာစရာဖြစ်မယ် ... "

သွေးသွေးမြိုင်ကတော့ တကယ့်ကို ပေါ့ပျက်ပျက်ကောင်မလေး။

"သွေးလိုက်လို့ မဖြစ်ဘူး ... မောင်နဲ့ချိန်းထားလို့လေ"

"ညီမလေး ချစ်သူနဲ့ချိန်းထားတာကိုတစ်ရက်တလေတောင် ဖျက်လို့မရဘူးလား သွေးရယ် ... "

"မရဘူးလေ ... အချိန်က တန်ဖိုးရှိနေလို့ပါ ... သွားပြီနော် မမ ... ညွှန့်သည်ကို မမပဲညွှန့်ခံလိုက်တော့ ... "

"ဟဲ့ သွေးသွေး"

သွေးသွေးကတော့ ပြောပြောဆိုဆိုနဲ့ ထွက်သွားပြီဖြစ်သည်။

"ဒီကောင်မလေးကြောင့် စိတ်ညစ်ပါတယ် ... "

သော်ကမြိုင်ပဲ သွားကြိုရတော့မည် ဖြစ်သည်။

"သော်ကမြိုင် ... ညွှန့်သည်ကို ကြိုတော့မလား ... "

"ကျွန်မ တစ်ယောက်တည်းပဲ သွားကြိုလိုက်တော့မယ် ... ကိုရုပ်ဆိုးက ဒီမှာ စီစဉ်စရာရှိတာတွေ စီစဉ်ထားပါ ... "

"ဟုတ်ကဲ့ ... မမကြီး"

မသွယ်ကပါ ဘေးကနေ ဘာမှမလိုအပ်စေရပါဘူးဟု ပြောနေသည်။

ကျွန်မ ...



အဖြစ်သည်းနေပြီလား။

ညွှန့်သည်ကို ညွှန့်ဝတ်ကျေချင်တာပဲ ဖြစ်နိုင်သည်။

"သော်ကမြိုင် သွားတော့မယ်နော် ... "

သော်ကမြိုင်က လူကြီးဆန်စွာဖြင့် ညွှန့်သည်အား ညွှန့်ဝတ်ကျေအောင် ဆောင်ရွက်ပေးခြင်းသာ ဖြစ်သည်။

ကားကို ကိုယ်တိုင်မောင်းပြီး လေဆိပ်ကို ရောက်လာခဲ့၏။

ညွှန့်သည်တွေ ထွက်လာချေပြီ။

မောင်ဧယျူညီကို သော်ကမြိုင် တစ်ကြိမ်တစ်ခါမှ မမြင်ဘူးပေ။

သော်ကမြိုင် မိုးပြာရောင်ဝတ်စုံလေးနှင့် လာကြိုမည်ဖြစ်ကြောင်းသာ ပြောပြထားသည်။

ခုက္ခပါပဲ ...

ဘယ်လို ရှာရမလဲ။

သွက်သွက်လက်လက် ရှိတဲ့သွေးသွေးက ဘယ်တော့မှ မလိုက်ဘူး ... ။

သူမ ချစ်သူကိုစွဲကလွဲပြီး တခြားဘာမှ စိတ်ဝင်စားတာ မဟုတ်။

တစ်ယောက်တည်း ရပ်ပြီး စိတ်ပူပြီး သောကတွေရောက်နေရသည်။

"မမ ... "

"ဟင် ... "

www.burmeseclassic.com

www.burmeseclassic.com



"မမသော်ကမြိုင်လား ..."

"မင်းရော မောင်ဖေယျှညီလား ..."

"ဖေပါ ..."

"သြော် ... မင်းကို မမလာကြိုနေတာလေ ..."

"မမက ကျွန်တော်ထင်ထားတာထက်တောင် အရမ်းချော နေတာပဲ ..."

လာပြန်ပြီး တစ်ယောက်။

မောင်ဖေယျှညီက ခပ်သွက်သွက်ပြောင်ချော်ချော် ကောင်လေးတစ်ယောက် ဖြစ်နေသည်။

ဘယ်လိုဟာတွေလဲ ... ။

ညီမလေး သွေးသွေးနဲ့အတော်လေး တူနေတာပဲ ဟာ။

စိတ်ပျက်မိသည်။

ကောင်လေးက ရုပ်ကလေးကတော့ ချောမောခန့် ညားသူပဲ။

သန့်ရှင်းနေသည်။

ညီမလေးလိုပဲ ပေါ့ပျက်ပျက်ကောင်လေး တစ် ယောက်ပဲလား။

"ကားပေါ်တက်လေ မောင်ဖေယျှညီ ..."

"မမ ..."

"ပြော ..."

"ဖေ့ကို ခင်မင်ရင်းနှီးတဲ့အနေနဲ့ ဖေလို့ပဲ ခေါ်ပါနော်"



"ကောင်းပါပြီးဖေ ကားပေါ်တက်နော် ..."

"ဟုတ်ကဲ့ ဖေ ... ကားမောင်းလို့ဖြစ်မလား"

"မင်းက အခုမှ ရန်ကုန်ရောက်ဖူးတာ မဟုတ်လားဖေ"

"ဘယ်ကလာ ဟုတ်ရမှာလဲ ... ဖေက ရန်ကုန်မှာ ကျောင်း တက်လာတာပါ ..."

"မင်းကို မမက အခုမှရောက်ဖူးတာ ထင်နေတာ ... မောင်းလေ မင်းလိုင်စင်ရှိရင် မောင်းပါ ..."

သူမ ...

စိတ်ပျက်သွားမိသည်။

ဖေဆိုတဲ့ ကောင်လေး တော်တော်မလွယ်တဲ့ ကောင်လေးတစ်ယောက်ပါပဲလား။

ကားကို ကျင်လည်စွာ မောင်းနေသည်။

မင်းလူလည်လေးပဲ ...

ရန်ကုန်ကိုရောက်ဖူးပြီး ဒီလောက်ကျွမ်းနေတဲ့ သူက သော်ကမြိုင်တို့အိမ်ကိုမှ ဘာလို့ရွေးပြီး တည်းရတာလဲ။

စဉ်းစားစရာပဲ။

ဧကန္တတော့ ...

ညီမလေး သွေးသွေးမြိုင်ပြောသလို နီးစပ်မှုရှိစေချင် သို့လား။

ဖေ့ကို သွေးသွေးမြိုင်နဲ့ပဲ နီးစပ်စေချင်လို့ စီစဉ်တာ များလား။

ဘာတွေမှန်းမသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေးကြည့်ရတာ သွက်သွက်လက်လက်နဲ့ ခပ်ပေပေ ကောင်လေးပဲ။

"မမ ... "

"ဟင် ... "

"ဖေ့ကို ငယ်တယ်ဆိုပြီး ... အထင်တော့ မသေးနဲ့နော် ... စီးပွားရေးလုပ်ငန်းအကြီးကြီးလုပ်ဖို့ ရန်ကုန်ကို ဆင်းလာတာ ... "

"ဟုတ်ပါတယ် ... မမက လူတွေကို အလကားနေရင်း အထင်မသေးတတ်ပါဘူး ... "

ဖေဖေက ပြောတယ်။

သွေးသွေးမြိုင်နဲ့ နီးစပ်မှုရှိအောင် မင်းရန်ကုန်ကို သွားတဲ့။

မမက သော်ကမြိုင် ...

အရမ်းကျွန်ရှိပြီး အရှက်အကြောက်ကြီးတဲ့ မိန်းမ တစ်ယောက်ပဲ။

သဘောကျသွားမိသည်။

"သော်ကမြိုင်နဲ့ သွေးသွေးမြိုင်ဆိုတဲ့ ညီအစ်မနှစ်ယောက်ရှိတယ်သား ... မင်းတစ်ယောက်ယောက်ကို ရွေးရမယ် ... မင်းအိမ်ထောင်ရေးမှာတော့ ဖေဖေအတင်းအကျပ် ဘာမှ မဆိုးဖြတ်ခိုင်းဘူးနော်ဖေ ... မင်းရွေးချယ်ပါ ... နှစ်ယောက် ထဲက တစ်ယောက်ပေါ့ ... အဓိက သွေးသွေးမြိုင်ပဲ ... ကိုကျော်ခေါင်က သူ့သမီးအငယ်သွေးသွေးမြိုင်အတွက်ပဲ



စိတ်ပူတာ ... "

ဒီကို မလာခင် ဖေဖေက အသေအချာပြောလိုက်သည်။

သွေးသွေးမြိုင်ရော ...

ဘာလို့ လာမကြိုရတာလဲ။

"မမ ... "

"ဟင် ... "

"သွေးသွေးမြိုင်ဆိုတာရော ... "

"အလုပ်ကိစ္စသိပ်များတဲ့ ကောင်မလေးပဲ ... မအားဘူးကွယ် ညီမလေးက အရမ်းအလုပ်များတာပဲ ... "

သော်ကမြိုင်ရော သွေးသွေးမြိုင်ရောကို သူက သိနေသလိုပင်။

တစ်ခုခုတော့ ထူးခြားနေသည်ဟု သော်ကမြိုင် ထင်နေမိသည်။

သော်ကမြိုင်ကတော့ စိတ်မဝင်စားပါဘူး။

သူ့မထက် ငယ်တာပဲ။

ညီမလေး သွေးသွေးမြိုင်အတွက်ပဲ သင့်တော်ပါ တယ်လေ။

အင်း ...

သွေးသွေးမြိုင်မှာ ချစ်သူနဲ့တဲ့ ...

ရှိပါတယ်။

ဘာမှ မတွေးတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



“မမ ...”

“ဟင် ...”

“ဇေ့အကြောင်းတွေ တွေးနေတာလားဟင် ...”

“မတွေးပါဘူး ... မင်းအကြောင်း ဘာလို့တွေးရမှာလဲ”

“မမကြည့်ရတာ တစ်ခုခုကို တွေးနေသလိုပဲ ...”

“မတွေးပါဘူး ...”

“ဇေက ပျော်ပျော်နေတတ်တယ်နော် မမ ...”

“ဇေ ...”

“ဗျာ ...”

“မင်း ပျော်ပျော်နေတာ ဘယ်သူမှကန့်ကွက်မဲ့သူဆိုတာ မရှိပါဘူး ... မမကတော့ ... တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးဆေးဆေးနေတတ်တယ်နော် ...”

ဒီကောင်လေးကို ပြောထားမှ ...

နောက်နောက်ပြောင်နောင်နဲ့ ပေါ့ပျက်ပျက်ကောင်လေးတစ်ယောက်ပဲ။

ခပ်တည်တည်နေမှ ...

သော်ကမြှိုင် မျက်နှာကျောကို ခပ်တင်းတင်းလေး ထားဖို့ ဆုံးဖြတ်ထားမိသည်။

မဖြစ်သေးပါဘူးလေ။

သူက ဧည့်သည်ပဲ ...

ဖေဖေ့မိတ်ဆွေရဲ့သားဆိုတော့လည်း ဧည့်ဝတ်ကျေ ရမှာပါပဲ။



“မမ ...”

“ဟင် ...”

“ပြောလေ ... မမနဲ့ ခင်မင်ရတာ အရမ်းဝမ်းသာသလိုပဲ”

သူမ ...

ငြိမ်သက်နေမိသည်။

မပြောချင်တော့။

ဇေ့ရှေ့မှာ ရိုသေအောင်နေပြမှ ဖြစ်မည်။

“မမ ...”

“ဟင် ...”

“ကျွန်တော့်အကြောင်းတွေ မစဉ်းစားနဲ့နော် ... ခေါင်းခြောက်သွားလိမ့်မယ် ...”

“ဇေ ...”

“မင်း အကြောင်းတွေကို မမကစိတ်ဝင်စားလိမ့်မယ်လို့ မင်းထင်နေလား ...”

“အဟက် ...”

“မမက ယောက်ျားတွေကို သိပ်စိတ်မဝင်စားဘူး ...”

“ကောင်းတယ် ... အဲ့ဒါ ကျွန်တော်အနှစ်သက်ဆုံးအချက်ပဲ”

“ဘာ ...”

“ယောက်ျားတွေကို စိတ်မဝင်စားတဲ့ မိန်းကလေးတွေမှ တန်ဖိုးရှိတာ ...”

ဇေ ...

မင်းအရမ်း သွက်တဲ့ကောင်လေးပဲ။

www.burmeseclassic.com

www.burmeseclassic.com



ထင်တောင် မထင်ဘူး။

ခပ်ရဲရဲ ကောင်လေးတစ်ယောက်ပဲ။

မဖြစ်ပါဘူး ...

ဒီကောင်လေးကို အရောဝင်လို့ မဖြစ်ပါဘူး။

ဣန္ဒြေသိက္ခာနဲ့နေမှ ...

သော်ကမြိုင်ကိုယ်တိုင်က ဣန္ဒြေသိက္ခာအပြည့်နဲ့ နေသူပါ။

"မမက တကယ့်ကို ဣန္ဒြေသိက္ခာကြီးမားသူပဲ ..."

သူမ ...

တုံ့ပြန်မပြောမိ။

"မမ ..."

"ပြော ..."

"မမ အသက်ဘယ်လောက်လဲဟင် ..."

"မင်းက ဘာလုပ်မလို့မေးနေရတာလဲဇေ ..."

"သိချင်လို့ပါ ..."

"နှစ်ဆယ့်ငါး ..."

"ဇေက နှစ်ဆယ့်နှစ် သိပ်တော့မကွာပါဘူးနော် ..."

ဒီကောင်လေး ဘာတွေလာပြောနေမှန်း မသိပါဘူး။

ဒုက္ခပါပဲ ...

သွေးသွေးနဲ့မှ ရှယ်တူပဲ။

"ဇေက ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးတွေကိုပဲ အထင်ကြီး



တာပါမမ ..."

မင်း အထင်ကြီးအောင် ငါကနေပြနေတာ မဟုတ်ဘူးနော်ဇေ။

ဖေဖေ့မိတ်ဆွေရဲ့သားက ဒီလိုကောင်လေးတစ်ယောက်ဟု မထင်မိပေ။

ခေတ်လူငယ်လေးပဲ ...

"မမက အပျိုကြီးဂိုက်ဖမ်းနေပေမဲ့ ... အသက်က သိပ်ကြီးသေးတာ မဟုတ်သေးပါဘူး ..."

"ဇေကတော့ မမပုံစံလေးကိုပဲ သဘောကျတယ်ဗျာ ... မမက အရှမ်းမိန်းကလေးပီသတာပဲ ..."

"ကဲ ... ဇေ အနားယူလိုက်နော် ... လိုအပ်တာရှိရင် ရန်ကနားကိုပြော ... ဒီအိမ်မှာ ဘာမှအားနာစရာမရှိဘူး ..."

"ဟုတ်ကဲ့ပါ မမ ... ကျေးဇူးပါပဲနော် ..."

သူမ ...

ဇေ့အနားကနေ ထွက်လာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၄)

"တီ ... တီ"
"တီ ... တီ"

ကားဟွန်းတီးသံ ကျယ်ကျယ်တီး၍ ညီမလေး ပြန်လာပြီဆိုတာ သော်ကမြိုင် သိလိုက်ပြီ ဖြစ်သည်။

ဒီကောင်မလေး ဟွန်းအရမ်းတီးနေ၏။

ညှို့သည် အထင်သေးတော့မှာပဲ။

သော်ကမြိုင် ထင်တာက ဖေရောက်လာတာ ... ညီမလေး သွေးသွေးမြိုင်နှင့်နှီးစပ်စေချင်တာပဲ ဖြစ်မှာ။

သွေးသွေးမြိုင်နေချင်သလိုနေလို့ မဖြစ်သေးပါဘူး။

သူမ ...

အောက်ထပ်သို့ အပြေးအလွှား ဆင်းလာခဲ့သည်။

"တီ ... တီ"
"တီ ... တီ"



ဒုက္ခပါပဲ ...

ခြံထဲရောက်တဲ့အထိ ဟွန်းကိုတီးနေဆဲပင် ဖြစ်သည်။

"တီ ... တီ"
"တီ ... "
"ဟဲ့ ... သွေး ဘာဖြစ်လို့ ဟွန်းဒီလောက်တီးနေရတာလဲ၊ ခြံထဲရောက်နေပြီပဲ ... "
"အဟက် ... မမကို နှောက်ချင်လို့လေ ... "
"ဘာ ... "
"ညှို့သည်ရောက်နေတော့ မမထိတ်ထိတ်ပျာပျာဖြစ်သွားအောင်လေ ... "
"ဒီကောင်မလေးနဲ့တော့ ခက်ပါပြီ ... "
"မမ ... "
"ဘာလဲ ... "
"ညှို့သည်ရောက်နေပြီလား ... "
"အင်း ... "
"အိုကေလား ... "
"ဘာ အိုကေရမှာလဲ ... သွေးနော် ... ဘာလို့ ဒီလောက်နှောက်ကျနေရတာလဲ ... "
"အလုပ်ရှိလို့ပါ ... "
"သွေး ... "
"ပြော ... "

www.burmeseclassic.com

www.burmeseclassic.com



"ကားပေါ်က ဆင်းလေ … ဘာလို့ ကားပေါ်မှာ ထိုင်ပြီး စကားပြောနေရတာလဲ …"

သွေးသွေးကားပေါ်က ဆင်းလာသည်။

"အိမ်ထဲဝင်မယ် …"

"ဟုတ် …"

"သွေး …"

"ရှင် …"

"မိန်းကလေးတစ်ယောက်က ဒီလောက်အထိ အပြင်မှာ မနေသင့်ဘူးကွယ် …"

"အလုပ်ကိစ္စကြောင့်ပါ မမရဲ့ … ဘာဖြစ်လို့လဲ … သွေးက လွှတ်လွှတ်လပ်လပ်နေတတ်တာ မမအသိပဲ …"

အိမ်ထဲဝင်လာကြသည်။

ညီမလေးကိုလည်း အတင်းအကျပ်ဘာမှ မပြောလိုပေ။

"သွေးသွေး …"

"ရှင် …"

"ညွှန့်သည်က ညီမလေးနဲ့ရွယ်တူပဲ …"

"ဟုတ်လား …"

"မမအထင်တော့ … ဖေဖေက ညီမလေးနဲ့နီးစပ်အောင်များ ဖွေ့ကို ဒီကိုလွှတ်လိုက်တာပဲထင်တယ် …"

"အဟက် …"

"သွေး …"



"သွေးမှာ ချစ်သူရှိတယ်လေ … ဒါတွေ စိတ်မဝင်စားပါဘူး၊ ညွှန့်သည်ကိုလည်း ညှို့ခံဖို့ အချိန်မရှိဘူးနော် …"

"အဲ့ဒီလိုမပြောနဲ့လေသွေး … ညွှန့်သည်အထင်သေးအောင် မနေပါနဲ့ကွယ် …"

"ဟာ မမကလည်း … သွေး လုံးဝအထင်မကြီးပါဘူး … စိတ်လည်း မဝင်စားဘူး … အိပ်ချင်ပြီ …"

"သွေးသွေးရယ် … ဖေဖေမျက်နှာပျက်အောင် မလုပ်ပါနဲ့ကွယ် … ညွှန့်သည်ကိုတော့ ညှို့ခံပါ …"

"မမကလည်း …"

သွေး စိတ်မဝင်စားပါဘူး။

ညွှန့်သည်ထက် သွေးသွေးချစ်သူက အရေးကြီးနေ၏။

စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့လည်း အစီအစဉ်တွေ လုပ်နေကြသည်။

"မနက်ကျရင် စောစောထနော် ညီမလေး … မနက်စာ အတူတူစားရအောင် … ညွှန့်သည်နဲ့လည်း မိတ်ဆက်ပေးရမယ် …"

"အင်းပါ …"

ညီမလေးက စိတ်မဝင်စားသလိုကြီး ဖြစ်နေ၍ သော်ကမြိုင် စိတ်ပူမိသည်။

ညွှန့်သည်တစ်မျိုးထင်မှာလည်း စိုးမိ၏။

အိပ်လို့မရ …

www.burmeseclassic.com



ဒီကောင်မလေးနဲ့တော့ ခက်ပါတယ်။

သွေးသွေးမြှင် ...

မွေးစားသမီးဆိုပေမဲ့ သူမနှင့်ဖေဖေကတော့ သမီးလေးအရင်းတဲ့သို့ပင် ချစ်ခင်မြတ်နိုးစွာ အလိုလိုက်ထားမိသည်။

မဖြစ်သေးပါဘူး။

သော်ကမြှင် ညှိသည်ကို တာဝန်ကျေပွန်အောင်ပဲ ညှိခံရမယ်။

မနက်အတွက် စားသောက်စရာတွေ စီစဉ်ရဦးမယ်။

ဇေ ဘာကြိုက်လဲ ...

သော်ကမြှင်ကိုက စိတ်ပူတတ်တာပါ။

အိပ်ပျော်အောင် အိပ်ဦးမှ ...

မနက်မိုးလင်းတာနှင့်သော်ကမြှင်အလုပ်လုပ်ဖို့အတွက် ထရသည်။

အိမ်မှာ အလုပ်သမားတွေရှိပေမဲ့ သော်ကမြှင်ကိုယ်တိုင် ဦးစီးရမှ ကျေနပ်သူ ဖြစ်သည်။

"မသွယ် ..."

"ရှင် ..."

"မုန့်ဟင်းခါးရည်ကို နွှေးဦးလေ ..."

မနက်စာအတွက် သော်ကမြှင်ဦးစီးပြီး မုန့်ဟင်းခါးချက်ထားသည်။

သွေးသွေးလည်း ခေါ်ရမယ်။

"မမ စိတ်မပူပါနဲ့ ... အားလုံးအဆင်သင့်ဖြစ်ပါပြီ ..."



"သွေးသွေးရော ..."

"မနိုးသေးဘူး ..."

"ဒုက္ခပါပဲ ..."

"မမ ..."

"ဟင် ..."

"အလှပြင်ဦးလေ ..."

"ဟုတ်သားပဲ ..."

သော်ကမြှင် မျက်နှာပဲသစ်လာပြီး ... မနက်စာအတွက် ပြင်ဆင်နေမိသည်။

"မမ အရင်အဝတ်အစားသွားလဲလေ ... မမက ဘယ်လိုပဲနေနေ အရမ်းချောတာပဲ ..."

ညီမလေး သွေးသွေးက မမခေါ်၍ အားလုံးက မမဟုပဲ နှုတ်ကျိုးနေသည်။

တကယ်တော့ ...

သော်ကမြှင်က အသက်သိပ်ကြီးသေးတာ မဟုတ်ပါဘူးလေ။

"မမ ..."

"ဟင် ..."

"ဒီက ကိစ္စမသွယ် အားလုံးစီစဉ်ထားမယ် ... ညီမလည်းရှိတာပဲ ..."

"ဒါဆို ... မမအဝတ်အစားသွားလဲလိုက်ဦးမယ်"

သူမ ...

www.burmeseclassic.com



အိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

အဝတ်အစားလဲလိုက်၏။

မှန်ရှေ့မှာ ရပ်မိသည်။

သော့်ကမြိုင်က အဝတ်အစားတွေ လဲလိုက်၏။

သူမက အလှအပကို သိပ်ပြီးဦးစားပေးတတ်သူ တော့ မဟုတ်။

အိမ်မှုကိစ္စတွေနှင့်ပဲ အလုပ်များနေတတ်သူ ဖြစ်သည်။

အိမ်မှာပဲ ...

မသွယ်ပြောသလို ဇေဝယ်ပေးထားတဲ့ အဝတ်အစားတွေပဲ ဝတ်မယ်။

ကောင်းပါတယ်။

ကိုယ်က အဘွားကြီးတစ်ယောက်လို နေမိသည်။

မကောင်းပါဘူး။

ဖေဖေနဲ့ ညီမလေးအတွက်ပဲ ဘဝကို ပေးဆပ်ထားမိသည်။

စိမ်ခန့်ခွဲနေမိ၏။

ဖေရောက်လာမှ သူမလည်း ရှင်လန်းတက်ကြွလာရသည်။

အဝတ်အစားလဲပြီး ထမင်းစားခန်းထဲသို့ ပြန်ရောက်လာရ၏။

"ဟယ် ... မမက တကယ့်ကို ငယ်နုသွားတာပဲ ..."



မသွယ်က ရှိုးမွမ်းနေသည်။

"တော်စမ်းပါ ..."

"တကယ်ပါ ..."

"ကဲ ... မသွယ် ... ဟင်းရည်ပူပြီလား ... ဇေ့ကိုသွားခေါ်လေ ..."

"ခေါ်ပြီးပါပြီ လာခဲ့မယ်တဲ့ ..."

"သွေးသွေးရော ..."

"သွားခေါ်တာပဲ တခေါ်ခေါ်နဲ့ အိပ်မောကျနေတယ်လေ"

"ဒုက္ခပါပဲ ... ဒီမနက်ညှော်သည်နဲ့ မိတ်ဆက်ပေးရမယ်လေ"

"သွေးသွေးအကြောင်းလည်း မမသိတာပဲ ... နေချင်သလို နေတဲ့ ကောင်မလေး ..."

"ဟုတ်ပါရဲ့ ..."

သွေးသွေးအတွက် စိတ်အပူကြီးပူနေမိသည်။

ကားလည်း ရောင်းပစ်လိုက်ပြီ။

ဘာတွေလုပ်နေတာလဲ ... ။

ညီမလေး ဘာတွေလုပ်နေမှန်းပင် မသိ။

ဆိုးလွန်းသည်။

ဖေဖေကလည်း ညီမလေးအတွက်ပဲ စိတ်တွေပူနေ

ဒုက္ခပါပဲ ...

"မမ ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မပူနဲ့ ... ဆံပင်တွေ ဖြူပြီး ... အဘွားကြီးဖြစ်နေဦးမယ် ..."

မိသားစုအတွက် သွေးဘယ်လောက်အထိ ပူပင်တတ်ကြောင်း မသွယ်အသိဆုံးပင် ဖြစ်နေသည်။

"မမသွားခေါ်မယ် ..."

"ရှာလည်း မဟုတ်ပါဘူး မမရယ် ... ညီမလေးက နေချင်သလိုနေတာပဲ ..."

"မဖြစ်ပါဘူး ... ဩသည်နဲ့မိတ်ဆက်ပေးရမယ် ..."

သူမ ...

ညီမလေးအခန်းရောက်လာသည်။

အိပ်နေဆဲပင်။

ဩသည်ကတော့ ဒီလောက်အပြင်းထူတဲ့ ကောင်မလေး အထင်သေးတော့မှာပဲ။

ဒုက္ခပါပဲ ...

ညကလည်း အိမ်အပြန်နောက်ကျပြီးမှ ပြန်သည်။

"သွေး ..."

"ညီမလေး ..."

"သွေး ..."

"ဒုန်း ..."

"သွေး ..."

နိုး၍မရ ...

တံခါးကို အသံအကျယ်ကြီးလည်း မခေါက်ရဲပေ။



ညီမလေး အိပ်ပုပ်ကြီးတာကို ဩသည်သိသွားမှာ စိုးမိသည်။

ဒီကောင်မလေးခက်တယ်။

နေချင်သလို နေတယ်။

ဖေဖေနှင့် သူမကလည်း ချစ်လွန်း၍ အလိုလိုက်ထားမိသည်။

ညီမလေးကို ဖျက်စီးသလို ဖြစ်နေပြီလား။

"သွေး ..."

"ညီမလေး ..."

"သွေးရေ ..."

မနိုးပေ။

တမင် အိပ်ချင်ယောင်များဆောင်နေတာများလား။

ဒီကောင်မလေးက လုပ်တတ်သည်။

"သွေး ..."

မနိုးတော့ ...

အိပ်ပါစေ။

ညဆိုတော်တော်နှင့် မအိပ်ဘဲ ချစ်သူနှင့်ဖုန်းပြောနေတတ်သည်။

သူမ ...

ပြန်ဆင်းလာခဲ့သည်။

ဩသည်က ရောက်နေပြီ။

"ဖေတောင်ရောက်နေပြီပဲ ... ဆာပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



"ဆာပြီ ... မုန့်ဟင်းခါးချက်တာလား မွှေးကြိုင်နေတာပဲ ဗျာ ..."

"မမလက်ရာလေ ညွှန့်သည်အတွက် အထူးစီမံချက်ပြွတ်ထားတာ ..."

မသွယ်က ပြောသည်။

"ကဲ ... လာလေဇေ စားလို့ရပြီ ..."

ဇေက စားပွဲမှာ ဝင်ထိုင်လိုက်ပြီး သူမပြင်ပေးထားတဲ့ မုန့်ဟင်းခါးကို စားနေသည်။

"အားမနာနဲ့နော်ဇေ ... လွတ်လွတ်လပ်လပ်နေပါ ... လို အပ်တာလည်းပြော ..."

"ဟုတ်ကဲ့ ..."

"ညီမလေးက အလုပ်များတယ် ... စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ ကြိုးစားနေတာလေဇေ ..."

"ဟုတ်လား ..."

"ဇေနဲ့တောင် မိတ်မဆက်ပေးရသေးဘူး ... ညီမလေး နာမည်က သွေးသွေးမြိုင်တဲ့ ... မင်းနဲ့ရွယ်တူပဲ ..."

ဇေကတော့ မမသော်ကမြိုင်က ဝိုပြီး ခင်မင်စရာကောင်းသည်ဟု ထင်မိသည်။

ရိုးသား၏။

မျက်နှာလေးက နုနေသည်။

လူကတော့ တကယ့်ကို လူကြီးဂိုက်အပြည့် ဖမ်းနေ၏။



မမက ငယ်သေးပါတယ်။

လူကြီးဂိုက်မဖမ်းပါနဲ့ဗျာ ...

သူ ...

စိတ်ဝင်စားမိသည်။

အိမ်မှုကိစ္စတွေကို နိုင်နင်းတဲ့ မိန်းမတွေကို သူလေးစားမိ၏။

"ဇေ ..."

"ဟင် ..."

"စားလို့ကောင်းရဲ့လား ..."

"ကောင်းပါတယ် ... မမလက်ရာက ကောင်းလွန်းလို့ နယ်က ဖေဖေ့ကိုတောင် မေ့သွားရပြီ ..."

"မြှောက်နေပြန်ပြီ ..."

"တကယ်ပါမမ ... ဇေ မုန့်ဟင်းခါး အရမ်းကြိုက်တာပဲ"

"ဟုတ်လား ..."

"အင်း ..."

"မမက အရမ်းကို မိန်းကလေးပီသတာပဲ ..."

"မမ ဝါသနာလေ ..."

"လေးစားပါတယ် ..."

"စားလေ ..."

"ဟုတ် ..."

ညွှန့်သည် ရောက်နေတဲ့အချိန်တွင် ညီမလေးရှိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သော်ကမြှိုင် အားနာနေမိ၏။

သွေးသွေးကြောင့် ခက်တယ်။

မလုပ်သင်ဘူး။

ဖေဖေက သွေးသွေးနဲ့ သူ့သူငယ်ချင်းသားကို လက်ထပ်ပေးဖို့ ပြောဖူးသည်။

ညှို့ခံသင့်တယ်။

"မမ ... "

"ဟင် ... "

"ဘာတွေ စဉ်းစားနေလဲ ... "

"မဟုတ်ပါဘူး ... ညှို့သည်ကို ဘယ်လိုညှို့ဝတ်ကျေအောင် လုပ်ပေးရမလဲဆိုတာ စဉ်းစားနေတာပါ ... "

"ရပါတယ် ... ဇွေကို ညှို့သည်တစ်ယောက်လို သဘောမထားပါနဲ့နော် ... မိတ်ဆွေ သူငယ်ချင်းအရင်းအချာလိုပဲ သဘောထားပါ ... "

"အင်းပါကွယ် ... "

"ညှို့ဝတ်မကျေမှာတော့ မပူပါနဲ့ဗျာ ... မမပင်ပန်းနေမှာလည်း ဇေ မလိုလားပါဘူး ... "

မမကို ကြင်နာစွာဖြင့် ဇေ ပြောလိုက်မိသည်။

သွေးသွေးမြိုင်ကို ဇေ စိတ်မဝင်စားမိပေ။

မိန်းကလေးတစ်ယောက်ဖြစ်ပြီး ညဉ့်နက်မှ ပြန်လာတာကို သဘောမကျမိ။

မမ ...



လေးစားစရာ ကောင်းလိုက်တာ။

ဇေအရမ်းလေးစားမိတာပဲ။

"မမကို ဇေ အစ်မအရင်းတစ်ယောက်လိုပဲ လေးစားပါတယ် ... "

မမကို ရှုးစိုက်စွာဖြင့် မသိမသာလေး ခိုးကြည့်နေမိသည်။

ရင်ထဲမှာ အေးချမ်းစေ၏။

ဇေ ရင်ခုန်နေပြီ။

မမရဲ့ မျက်ဝန်းလေးတွေက အရမ်းကိုတောက်ပနေတာပဲ။

သူ ...

မမအကြောင်းတွေပဲ တွေးနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

"မမ ... "

"ဟင် ... "

"ဖေနဲ့ တစ်ခုခုအပြင်ထွက်ပြီး စားပါလား ... "

"ဖြစ်ဘူးထင်တယ် ... မမက အဲ့ဒီလို အပြင်တွေဘာတွေ မထွက်တတ်ဘူး ... "

သူမ ငြင်းနေသည်။

ဖေက အပြင်ကိုအတင်းခေါ်နေ၏။

မလိုက်လိုပေ။

"လာပါ မမရဲ့ ... ဖေ ပျင်းလို့ပါ ... စတိုးဆိုင်တွေ လျှောက်ကြည့်ရင်း ပစ္စည်းတွေ ဝယ်ကြရအောင် ... "

"မမ အပြင်တွေကို မသွားချင်ပါဘူး ... စားစရာတွေအားလုံး လုပ်ပေးမယ် ... ဖေ ဘာစားချင်လဲ ... အကုန်လဲပြော"

"အပြင်မှာပဲ စားချင်တယ် ... "



"မဟုတ်တာပဲကွယ် ... အိမ်မှာစားတာကောင်းပါတယ် ... ပိုက်ဆံလည်း အကုန်သက်သာပါတယ် ... "

ယောက်ျားလေးတစ်ယောက်နဲ့ တွဲပြီး အပြင်မသွားချင်ပေ။

သူမက တစ်မျိုး ...

အိမ်ထဲမှာပဲ နေတတ်တဲ့ အကျင့်ရှိသည်။

"မမ ... ညီ့သည်ကို ဒီလိုပဲ စိတ်ပျက်အောင်လုပ်နေပြီလား"

"ဖေ ... "

"ဗျာ ... "

"မမကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်စေချင်ဘူး ဖေ ... သွားချင်ရင် သွေးသွေးကိုခေါ်သွားပါလား ... "

သွေးသွေးမြိုင်ကိုတော့ ဖေ သဘောမကျမိပေ။

အပြင်ပဲ ထွက်နေသည်။

အရာအားလုံးကို ဘာမှအလေးအနက် ထားတာမဟုတ်။

ဖေ့ကိုပင် ညည့်မခံချင်ပေ။

"မမနဲ့ပဲ သွားချင်တယ်ဗျာ ... ဖေတစ်ယောက်တည်းပျင်းလို့ပါ ... ပြီးတော့ ... ဖေဝယ်စရာရှိတာတွေ မမလိုက်ကြည့်ပြီး ဝယ်ပေးစမ်းပါ ... "

"မမ အပြင်မထွက်တတ်ဘူးဖေ ... ဘာပစ္စည်းမှလည်း မဝယ်တတ်ဘူး ... မမ နိုင်နင်းကျွမ်းကျင်တာက အိမ်မှုကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ... ”

မမ ...

အိမ်ထဲမှာနေတော့မှာလားဗျာ။

ဇေ သနားလိုက်တာ ...

အိမ်မှုကိစ္စတွေနှင့်ပဲ အချိန်ကုန်နေတဲ့မမကို အပြင်ခေါ် ထုတ်ချင်မိသည်။

“မမက ... ညွှေ့သည်ကို ညွှေ့ဝတ်ကျေတဲ့သူပဲ ... ဒီလောက်လေးတော့ လိုက်လုပ်ပေးပါနော် ... ”

ခက်နေပြီ ...

ညွှေ့သည်ကိုလည်း ညွှေ့ဝတ်ကျေအောင် လိုက်ပို့ချင်သည်။

နှစ်ယောက်တည်းလည်း မသွားရဲ။

ငြင်းရတာလည်း အားနာမိသည်။

ဇေက အတင်းခေါ်နေ၍ စိတ်အနှောင့်အယှက်ဖြစ်ရ၏။

ဒုက္ခပါပဲ။

ဘယ်လိုငြင်းရမလဲ ...

“ဇေက ညွှေ့သည်လေ ... ဒီကိုမရောက်တာ ကြာလို့ ... ဘယ်လိုသွားပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေရတယ် ... ဖေလိုက်ပို့ပေးပါ ... အကူအညီတောင်းတာပါ ... ”

ခက်ပြီ ...

ငြင်းဆန်ရမှာလည်း အားနာနေမိသည်။



ယောက်ျားလေးတစ်ယောက်နှင့် နှစ်ယောက်တွဲပြီး ဆိုင်တွေလျှောက်သွားဖို့လောက်အထိလည်း သော်ကမြိုင် သတ္တိမရှိပေ။

“မမ ... ”

“လိုက်ခဲ့ပါ ... ”

“မနက်ဖြန်မှ သွားပါလားဇေ ... သွေးလိုက်ပို့လိမ့်မယ် ... ”

“သွေးက အရမ်းအလုပ်ရှုပ်နေတာပါဗျာ ... ဇေ့ကိုလည်း အဖက်မလုပ်ပါဘူး ... ”

“အဲ့ဒီလို မဟုတ်ပါဘူးဇေ ... ညီမလေးက အရမ်းအလုပ်ရှုပ်တာပဲ ... စီးပွားရေးလုပ်ငန်းတွေ စတင်ဖို့ ကြိုးစားနေတာပါ ... ”

ညီမလေးကို အထင်သေးသွားမှာလည်းအကြောက်ကြီး ကြောက်မိသည်။

ဇေနှင့် ညီမလေးတို့ ခင်မင်နီးစပ်မှုရှိစေရန် ဇေရောက်လာတာပဲ ဖြစ်နိုင်၏။

အလကားတော့ ရောက်မလာနိုင်။

ဖေဖေက ညွှေ့ဝတ်ကျေအောင် ညွှေ့ခံထားကြပါတဲ့။

“သွေးလိုက်ပို့ပေးအောင် မမပြောပါ့မယ် ... ”

“နေပါစေမမရာ ... သွေးက အလုပ်များနေတာ မဟုတ်ဘဲ ဒီလောက်တောင် အဖြစ်သည်းနေတာ ဇေ့ကိုမမကိုယ်တိုင်က အဖက်မတန်သလို လုပ်ပြနေတာလား ... ”

www.burmeseclassic.com



"ဇေ ..."

"မမကို မခေါ်တော့ပါဘူး ... ဇေလည်း မသွားတော့ဘူး ယောင်ယောင်ချာချာနဲ့ ..."

တကယ်တော့ ...

ရန်ကုန်မြို့ကို ဇေကျွမ်းကျင်ပြီးသား ဖြစ်သည်။

မကြာခဏ ...

ရောက်လာတတ်လေ့ရှိသည်။

မမကို အပြင်ခေါ်ချင်တာပါ။

"ဒီလို လုပ်ပါလားဇေ ... မမလိုက်မယ် ... ဒါပေမဲ့ မသွယ် သမီး ညိုမလေးကိုတော့ ခေါ်မယ်နော် ..."

သူ ...

မမကိုကြည့်မိသည်။

ဣန္ဒြေသိက္ခာကြီးမားတဲ့ မမပဲ။ လှပလွန်းနေသည် ဟု ထင်မိသည်။

အရှက်အကြောက်ကြီးတဲ့ မမကို သူစိတ်အနှောင့် အယှက် မပြုလိုတော့။

"အင်း ... ရတယ် ခေါ်ခဲ့လေ ... မမလိုက်ရင် ကျေနပ်ပါပြီ ..."

"ဒါဆို မင်းစောင့်နေ ... မမအဝတ်အစားလဲပြီး ထွက်လာခဲ့မယ် ..."

"ကျွန်တော်ကားပေါ်ကပဲ စောင့်နေမယ်နော် ..."

"အင်း ..."



ဇေက ညည်းသည်ပဲ။

သူမ ငြင်းနေလို့မသင့်တော်ပါဘူးလေဟု တွေးမိသည်။

ညိုမကိုပါ လိုက်ခဲ့ဖို့ ခေါ်မိ၏။

"နှစ်ယောက်တည်းပဲ သွားပါလား မမရယ် ... ညိုမက ရှုပ်နေပါ့မယ် ..."

"နှစ်ယောက်တည်း သွားရဲတဲ့သတ္တိမရှိလို့ပေါ့ မသွယ် ... ညိုမကို ထည့်လိုက်ပါ မရှုပ်ပါဘူး ..."

"အင်းလေ ... မမပဲ သွားပြီးပြင်ပါ ... ညိုမက အဆင်သင့်ပဲ"

ညိုမလိုက်ဖို့ပြောပြီး သူမ အိပ်ခန်းထဲ ပြန်ဝင်လာခဲ့ သည်။

အလှအပ ပြင်ရမလား။

တစ်ခါတစ်ရံလေးသာ မဖြစ်မနေ အပြင်ထွက်တတ် ၍ အလှအပကို သိပ်ပြင်လေ့မရှိခဲ့။

အဝတ်အစားကလည်း ရိုးရိုးပဲ ရှိတယ်။

ချမ်းသာပြည့်စုံနေပေမဲ့ မမကတော့ အိမ်မှုကိစ္စတွေ ပဲ စိတ်ဝင်စားတတ်သည်။

အဝတ်အစားကအစ ရိုးရိုးပဲ။

ဘာဖြစ်လဲ ...

ဝတ်တတ်တာပဲ ဝတ်ရမယ်။

ဇေ အထင်သေးလည်း မတတ်နိုင်ဘူး။

ညိုမလေးအပေါ်ပဲ ဇေ အထင်သေးမှာ စိုးပူရတာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။

ဇေ ...

မင်းက လူတော်လေးပါ။

မမသိပါတယ်။

တည်ကြည်ခန့်ညားတဲ့ မင်းမျက်ဝန်းတွေကို မမ အကဲခတ်မိပါတယ်။

ထက်မြက်တဲ့ ကောင်လေးပဲ။

သူမနှင့်အသက် သိပ်မကွာပေမဲ့ အစ်မကြီးတစ်ယောက်လိုပဲ ဣန္ဒြေအပြည့်နဲ့နေရမယ်။

ဇေ့ မျက်စိထဲမှာ လှပနေအောင် ဝတ်စရာမလိုပါဘူး။

ဘာလုပ်ရမှာလဲ။

တော်ပြီ ...

မမဆီမှာ ခေတ်ပေါ်အဝတ်အစားတွေ မရှိ။

မဝယ်တာပါ။

အိမ်မှုကိစ္စတွေပဲ လုပ်နေရပြီး အပြင်ကိစ္စတွေ စိတ်မဝင်စားမိ။

ဒုက္ခပါပဲ ...

ဇေ့ မျက်ဝန်းတွေထဲမှာ မမပုံစံက ကျိုးကားယားဖြစ်နေလား။

ခေတ်လူငယ်ဖြစ်တဲ့ ဇေက အကြည့်ရဆိုးနေမလားပဲ။



မတတ်နိုင်ဘူး။

ဒီပုံစံပဲ ဝတ်လာတာ။

ဇေရောက်လာမှ သူမလည်း လှပချင်တာ သဘာဝမကျပါဘူး။

သွားမယ်။

ညိုမကို ခေါ်ပြီး ခြံထဲသို့ဆင်းလာခဲ့မိသည်။

ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်၏။

“မမ ရှေ့ခန်းလာပါ ... တော်ကြာ ဇေ့ကိုဒရိုင်ဘာ ထင်နေမယ် ...”

ညီမလေး တွေ့သွားမှာလည်း သော်ကမြိုင် စိုးရိမ်ပူပန်မိသည်။

သော်ကမြိုင် ဘာဖြစ်နေတာလဲ။

ဇေရောက်လာမှ စိတ်တွေ လှုပ်ရှားပြီး တစ်မျိုးကြီးဖြစ်နေရသည်။

မဟုတ်သေးပါဘူး။

ယောကျ်ားလေးတစ်ယောက်နှင့်သူမ အရောတဝင်မနေခဲ့ဘူးပေ။

သွားကြိုတဲ့နေ့ကတောင် ညီမလေးကို ဘယ်လိုမှ ခေါ်မရ၍ တစ်ယောက်တည်း သွားကြိုခဲ့ရသည်။

ကားရှေ့ခန်းပြောင်းထိုင်လိုက်ရ၏။

ညိုမရှိသားပဲ။

ပတ်ဝန်းကျင်က တစ်မျိုးထင်မှာထက် ညီမလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးထင်မှာ စိုးမိသည်။

ဖေဖေက ဓေနွဲ့သီမလေးကိုပဲ စီစဉ်ပေးချင်တာ ဖြစ်ရမယ်။

ဧည့်သည်ကို ဧည့်ဝတ်ကျေအောင် ဧည့်ခံထားပါတဲ့။

ညီမလေး လုံးဝ ဧည့်ဝတ်မကျေဘဲ သွားချင်ရာ သွားနေသည်။

အားနာနေမိ၏။

ထို့ကြောင့်ပင် ...

သူမက ဧည့်ဝတ်ကျေအောင် ဧည့်ခံနေရသည်။

"မမ ..."

"ဟင် ..."

"လန့်သွားလား ..."

"မင်းက ရုတ်တရက်ရောက်လာတာကိုဧ ..."

"မမ ဘာတွေ တွေးနေတာလဲဗျာ ..."

"မတွေးပါဘူး ... ဘာမှ မတွေးဘူး ..."

"ငြိမ်နေလို့ ..."

"မမက ဒီလိုပဲ နေတတ်တာပါ ..."

"ဇေ့ကို ဘယ်လိုကောင်လေးလဲလို့ တွေးနေတာ မဟုတ်လား ..."

"မဟုတ်ပါဘူး ..."

မမ ... အရမ်း ရိုးသားတယ်ဗျာ။

မတွေ့ဖူးဘူး။



စည်းစိမ်ချမ်းသာတွေ ဒီလောက်ပြည့်စုံနေတာများ။

ဝတ်စားပြင်ဆင်တာကအစ ရိုးသည်။

ခေတ်မမီပေ။

ပုံစံသာပြောင်းလိုက်ရင်တော့ မမအရမ်းငယ်ချော နုပျိုသွားမှာပဲ။

မမ ...

အသက်မကြီးသေးပါဘူး။

ဇေတို့နဲ့ ဘာကွာလို့လဲ။

အရုပ်လေးတစ်ရုပ်လို ငြိမ်သက်နေတဲ့ မမကို ကြည့်မိသည်။

"ဇေ ..."

"ဗျာ ..."

"ကားကို ဂရုစိုက်မောင်းလေ ..."

"ဟုတ်ကဲ့ ..."

သူမကိုပဲ ကြည့်နေ၍ သတိပေးလိုက်ရသေးသည်။

ဇေ ...

မင်းက ဘယ်လိုကောင်လေးလဲ ...

"မမက ဇေ့ကို သူငယ်နှပ်စားလေးလို့ ထင်မနေနဲ့နော် ... ခင်ဗျားနဲ့ အသက်ချင်းက သိပ်ကွာတာမဟုတ်ဘူး ..."

"တစ်နှစ်ကြီးလည်း မင်းထက်အကြီးပဲ ... မမပဲလေ ... မင်းကို မောင်လေးတစ်ယောက်လို့ပဲ မမက သတ်မှတ်ထားတာ ..."

www.burmeseclassic.com

www.burmeseclassic.com



အပြတ်ပြောထားရသည်။

ယောက်ျားလေးတစ်ယောက်ရဲ့ အထင်သေးအမြင်သေးတာ မခံလိုပေ။

တမင် ...

လူကြီးဂိုက်ဖမ်းထားရသည်။

"ဖေကတော့ ... ရှယ်တွှပဲ သဘောထားတယ် ..."

မမ ...

လူကြီးဂိုက် မဖမ်းစမ်းပါနဲ့ ...

အသက်လည်း သိပ်မကြီးသေးဘဲနဲ့ဗျာ ...

ဖေကတော့ မမကိုပဲ အရမ်းသဘောကျနေမိပြီ ထင်တယ်။

ဣန္ဒြေသိက္ခာကြီးမားတဲ့ မမပဲ။

ကျွန်တော် ကြိုက်တယ်ဗျာ ...

ဖေဖေ ဒီကိုလွှတ်လိုက်တာကိုက ဘယ်လိုရည်ရွယ်ချက်မျိုးရှိတာ ဖေသဘောပေါက်ပြီးသား ဖြစ်သည်။

"ကျော်ခေါင်သမီးတစ်ယောက်ယောက်နဲ့ နီးစပ်စေချင်တယ် ..."

ဖေဖေပြောခဲ့သည်။

သူ ...

ရွေးချယ်မှာက မမ ...

အပြစ်ကင်းစင်အောင် တည်ငြိမ်လှပမှုရှိသည်ဟု ထင်မိသည်။



"မမ ..."

"ဟင် ..."

"ကျွန်တော် ဈေးမဝယ်တတ်ဘူးနော် ... မမပဲကြည့်ပြီး ဝယ်ပေးပါ ..."

"မမလည်း သိပ်ဝယ်တတ်တာ မဟုတ်ဘူးဧ ... ဟင်းချက်စရာတွေပဲ စီမံဝယ်ယူတတ်တယ် ... မမက စတိုးဆိုင်တွေ လျှောက်မဝယ်တတ်ဘူး ... အဝတ်အစားဆိုရင်လည်း အိမ်မှာပဲ ဝိတ်စဝယ်ပြီး မမကိုယ်တိုင် ချုပ်တာပဲ ... လိုအပ်တာရှိရင်လည်း ညီမလေးကိုမှာတယ် ..."

"မမက အင်္ကျီချုပ်တတ်တာပဲလား ..."

"အင်း ..."

"ကပ်စေးအရမ်းနှည်းမယ် ထင်တယ် ..."

"ကပ်စေးနဲတာတော့ မဟုတ်ပါဘူးဧရယ် ... မမက စိတ်ပူတတ်တော့ အိမ်မှာဖေဖေနဲ့ ညီမလေးအဆင်မပြေမှာ စိတ်ပူပြီး အိမ်ထဲမှာပဲ နေဖြစ်နေတာပါ ..."

အိမ်မှုကိစ္စတွေ ဆောင်ရွက်ဖို့ဆိုရင်တော့ သူမပဲနှင့်အပြင်ထွက်ရတာ ...

ဝယ်စရာရှိတာ ဝယ်ရသည်။

တခြားကိစ္စနဲ့တော့ မသွားပေ။

"အိမ်မှုကိစ္စတွေပဲ ... မမက စီမံနေတတ်တာလေ ..."

အဲ့ဒီအကျင့်စရိုက်တွေကိုတော့ ဧပြုပြင်ပေးရမယ်

www.burmeseclassic.com

www.burmeseclassic.com



မမစိတ်က အိုစာနေမှာပဲ။

အသက်အရွယ်ငယ်ငယ်ပဲ ရှိနေသေးတာတောင် မမလှုကြီးဝိုက်ဖမ်းထားသည်။

ပြောင်းလဲပေးရမယ်။

ဗိုလ်ချုပ်ဈေးထဲ ရောက်လာသည်။

သူ ကားပေါ်မှ ဆင်းပြီး မမလည်းဆင်းလာ၏။

"ညီမ ကားစောင့်ပြီးနေနော် ... မမလာသွားမယ်"

"ဟို ... ဟို ... ကားသော့ပိတ်ခဲ့လေ ... ညီမပါခေါ်သွား ဖြစ်မှာပေ့ါဗေ ... မမ"

"လာပါမမရာ ... ကားက စိတ်မချရဘူး ... ညီမစောင့်နေ စေ လာပါ ..."

သူ ...

ဓွတ်အတင်း ခေါ်နေသဖြင့် မမလိုက်လာခဲ့ရတော့ သည်။

"မမရယ် ... ပတ်ဝန်းကျင်ကို ဘာဖြစ်လို့ ဂရုစိုက်နေရတာ လဲ ... ဇေတို့က မဟုတ်တာလုပ်တာမှ မဟုတ်တာဘဲ ... ရှက်စရာ အပြုအမူတွေမှ မလုပ်တာဘဲ ..."

ညီမလေးကြောင့်ပါ။

ဒီကောင်မလေးက နေရာအနှံ့သွားနေတာတွေ ယောက်ျားလေးတစ်ယောက်နဲ့ တွဲသွားတွဲလာ သွားနေတာ ... ညီမလေး သိသွားရင် လျောင်ပြောင်ရယ်မောစရာ ဖြစ်နိုင်သည်။

ဇေနှင့်လည်း တစ်မျိုးထင်မှာ စိုးမိ၏။



သွားတာသွားရသည် စိတ်ကမဖြောင့်။

ဇေလိုချင်တာတွေ ဝိုင်းကူဝယ်ပေးရင်း ပတ်ဝန်း ကျင်ကိုလည်း ကြည့်မိသည်။

"ဟင် ..."

ညီမလေးပါလား။

အတွဲနှင့်တွေ့ပြီး ကောင်လေးကို ဒိုပ်ဇနဲ့တွေ့လိုက် သည်။

သူမကို လှစ်ခနဲ ပြုံးပြသွားတဲ့ ညီမလေးရဲ့ ပြောင် ချော်ချော်အပြုံးတွေနှင့်ပဲ ရင်ဆိုင်လိုက်ရ၏။

"မမဘာဖြစ်တာလဲ ..."

"ဘာမှ မဖြစ်ပါဘူးဇေ ..."

ဇေ ဘာမှမပြောတော့ ...

ညီမလေးလည်း လုံးဝထပ်မတွေ့တော့ဘဲ ပျောက် သွားရသည်။

ဘာပြောဦးမလဲ ... ။

ဒုက္ခပါပဲ ...

စိတ်တထင့်ထင့်နှင့် ဇေနောက်သို့ လျှောက်လိုက် နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

"မမ …"

"ဟင် …"

"အရမ်း ညှော်ဝတ်တွေကျေနေပါလား …"

သွေးသွေးမြိုင်က စပ်ဖြဲဖြဲနှင့် မမကို ပြောလိုက်သည်။

"အပျိုကြီး … ညှော်သည်က ရုပ်ချောတယ်နော် …"

"သွေးသွေး … မမကို ဘာလို့စနောက်နေရတာလဲ … ကိုယ့်အိမ်လာတဲ့ ညှော်သည်ကို ဒီလိုပဲ ညှော်ဝတ်ကျေရတာပဲလေ"

"ဟုတ်ပါတယ် … ဟုတ်ပါတယ် … သွေးက ညှော်ဝတ်မကျေနဲ့လို့ မပြောပါဘူး … မမက နဂိုတည်းက စိတ်ပူတတ်တာလေ …"

"သွေး …"

"ရှင် …"



"ညည်းလေးရော … ဈေးကို ဒီလောက်အထိ ဥပေက္ခာ မပြုထားသင့်ဘူးနော် …"

"သွေးက အားမှမအားတာဘဲ မမ … အလုပ်ကိစ္စတွေများနေတာလေ …"

"သွေးချစ်သူကိုလည်း ပြပါဦး … မမ စိတ်ပူလို့ပါ …"

"ပြမယ်လေ … ဒါက အရေးမကြီးပါဘူး … အခုသွေးငွေလိုနေပြန်ပြီ မမ …"

"ဟင် … ဘယ်လောက် လိုပြန်ပြီလဲ … မမက ညီမလေးကားပြန်ဝယ်ပေးမလို့ …"

"ဝယ်ပေးချင်လည်း ဝယ်ပေးလိုက်တာ မဟုတ်ဘူး … အပျိုကြီး ကပ်စေးနှည်းနေပြီးတော့ …"

"မမကို အပျိုကြီးလို့ မခေါ်စမ်းပါနဲ့ဟယ် … မမအသက်သိပ်မကြီးသေးပါဘူး …"

"အဟက် … ငယ်ချင်တာလား ဟုတ်ပါတယ် … မမက အသက် သိပ်မကြီးသေးပါဘူး … အခုမှ အသက်အစိတ်ပဲရှိသေးတာ …"

"ကဲ အမိ … ငွေဘယ်လောက်လိုလဲပြော …"

"သိန်းနှစ်ဆယ် …"

"သွေး …"

"ဟင် …"

"ညီမလေး စီးပွားရေးလုပ်နေတာမှ ဟုတ်ရဲ့လား … ငွေတွေ အရမ်းတောင်းလွန်းနေပြီထင်တယ်နော် …"

www.burmeseclassic.com

www.burmeseclassic.com



"မမကလည်း ပေးမှာသာပေးစမ်းပါ ... သွေး စီးပွားရေ
လုပ်နေတာပါ ... ဖေဖေ့ဆီမှာ တောင်းရင် ... ဒီထက်
တောင်ရသေးတယ် ..."

"မမက မပေးချင်လို့ မဟုတ်ပါဘူး ... ညီမလေး တစ်ခုခု
ဖြစ်သွားမှာ မမအရမ်းစိတ်ပူလို့ပါ ..."

"မပူနဲ့ ညီမလေးက မမထက်တောင် လူ့လောကကြီး
အကြောင်း သိသေးတယ်နော် ..."

"သွေးရယ် ..."

သော်ကမြိုင်က သွေးသွေးမြိုင်ကို ကြမ်းကြမ်းတမ်း
တမ်းလည်း မဆက်ဆံလိုပေ။

အပြစ်တင်စကားတွေလည်း မပြောရက်ဘဲ ဖြစ်နေ
သည်။

မွေးစားသမီးဖြစ်နေတော့ ပို၍ မပြောရက်ပေ။

ညီမလေး စိတ်အနှောင့်အယှက် ဖြစ်သွားမှာလည်း
မလိုလားမိ။

ထို့ကြောင့်ပင် ညီမလေးကို အလိုလိုက်အကြိုက်
ဆောင်ပေးနေရသည်။

သော်ကမြိုင် မှားနေပြီလား။

မဖြစ်ပါဘူး။

ညီမလေးကို သိပ်အလိုလိုက်လို့ မဖြစ်ဘူးဆိုတာ
သိပေမဲ့ မပြောရက်။

"ရှေ့လေ ... ညီမလေး"



"မမ ..."

"ပြော ..."

"သွေးသွေးမြိုင်အတွက် လုံးဝ စိတ်မပူနဲ့ ... လုပ်ငန်းတွေ
ပျိုးထောင်နေတာပါ ... မောင်နဲ့ လက်ထပ်ပြီးရင် အားလုံး
ပြည့်စုံနေဖို့လေ ..."

"မမကိုပြလေ ... ဘာလို့ အိမ်မခေါ်လာရတာလဲ ... လူကြီး
မိဘတွေကို အသိပေးလိုက်တာ အကောင်းဆုံးပဲ ... ဝိုင်း
စဉ်းစားပေးလို့ရတာပေါ့ ..."

"အင်းပါ ... နောက်တော့ ပြောပြမှာပေါ့ ... အပျိုကြီးနော်၊
အိမ်ထဲမှာပဲ ချည်သည်ကို ချည့်ခံနေရလို့ အပြင်လောကကြီး
အကြောင်းမသိဘဲ နေဦးမယ် ..."

သွေးသွေးမြိုင် ထွက်သွားသည်။

သော်ကမြိုင်ရဲ့ကားကိုပဲ ယူသုံးနေတော့၏။

ညီမလေးကို ကားတစ်စီးဝယ်ပေးရမယ်။

ဒီကောင်မလေး အသုံးအဖြုန်းကြီးလွန်းနေတယ်။

ဒုက္ခရောက်တော့မှာပဲ။

ဘယ်လိုလုပ်ရမလဲ။

ညီမလေးကို ဖေဖေက ပိုပြီးအလိုလိုက်နေတတ်
သည်။

"သမီးလေးကို မျက်နှာမငယ်စေချင်တာပါ ... နေပါစေ ...
ပျော်သလိုနေပါစေ ..."

ဖေဖေက ပိုပြီးအလိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ ... "

"ဟင် ... "

ဇေ အနားရောက်လာသည်။

"ဇေ အပြင်သွားမလို့ ... "

"သွားလေဇေ ... မမတော့ မလိုက်တော့ဘူးနော်"

"မမကလည်း ... ဇေကလည်း မခေါ်ပါဘူး ... ဇေအပြင်ခေါ်မှာ မမက ကြောက်နေသလိုပဲ ... "

"မမက အပြင်မထွက်တတ်လို့ပါ ... အိမ်ထဲမှာပဲ အိမ်မှုကိစ္စတွေ လုပ်နေတာ ဝါသနာပါတယ် ... "

ဇေ ...

မမကို သနားမိသည်။

အိမ်ထဲမှာပဲ အချိန်တွေ ကုန်ဆုံးနေ၏။

ရိုးရိုးလေးနှင့် လှပသော မမကို ဇေသဘောကျမိသည်။

"သားအတွက် အငယ်မလေးနဲ့ နီးစပ်စေချင်တာပဲ ... ကိုကျော်ခေါင်က သမီးအငယ်မအတွက်ပဲ စိတ်ပူတာ ... သွေးသွေးမြိုင်နဲ့ နီးစပ်မှုရှိအောင် လွှတ်တာ ... "

ဖေဖေပြောတဲ့ စကားတွေကို ဇေ ကြားယောင်မိလာသည်။

"အကြီးမ သော်ကမြိုင်က အေးတယ် ... ဣန္ဒြေကြီးတယ်၊ နေရာတကာ ကြောက်ရွံ့တုန်လှုပ်နေတတ်တယ်၊ ကိုကျော်ခေါင်က အပျိုကြီးပဲ လုပ်စေချင်တယ် ... "



မမ ... ချစ်စရာကောင်းတယ်။

သွေးသွေးမြိုင်က သွားချင်ရာသွား လုပ်ချင်တာလုပ်နေတာပဲ။

ဇေ့ကိုလည်း အရေးမစိုက်။

သွေးသွေးမြိုင် နေထိုင်တာကိုတော့ ဇေသဘောမကျမိသလို ဖြစ်နေသည်။

ညှော်သည်ကို သဘောလောက် ညှော်ခံဆက်ဆံနေတတ်၏။ မမက ညှော်ဝတ်ကျေတယ်။

လိုလေသေးမရှိ ပြုစုတယ်။

ဇေလည်း လူငယ်ပီပီ နေချင်သလိုနေတတ်ပေမဲ့ ကိုယ့်ဂုဏ်သိက္ခာ ကျဆင်းမဲ့ အလုပ်တွေကို ရှောင်တတ်သည်။

စီးပွားရေးမှာ အာရုံစိုက်တတ်၏။

သွေးသွေးမြိုင် ...

မိန်းကလေးတစ်ယောက်ဖြစ်ပြီး အပြင်မှာပဲ နေတတ်သည်။ ဇေ မကြိုက်ဆုံးဘဲ။

"ဇေ ညနေစောစောပြန်လာခဲ့မယ် ... မမနဲ့ ထမင်းလက်ဆုံစားမှာနော် ... စောင့်နော်"

"အင်းပါ ... "

"ဇေ ကြိုက်တဲ့အသုပ်တွေလည်း လုပ်ထားနော် ... "

"အင်းပါ ... "

"မမ ... "

"ပြော ... "

www.burmeseclassic.com

www.burmeseclassic.com



"ဇေ သောက်ဖို့ သံပရာရည် ဖျော်ပေးထား ..."

"ကောင်းပါပြီ ... မင်းကြိုက်တာတွေ အားလုံးလုပ်ပေးထားပါ့မယ် ..."

"အိုကေ ..."

"ဇေ ..."

"ဗျာ ..."

"ကားကို သတိထားမောင်းနော် ..."

"ဟုတ်ကဲ့ ..."

ဇေက နေချင်သလိုနေပေမဲ့ စီးပွားရေးလုပ်ငန်းမှာ အာရုံစိုက်တဲ့ ကောင်လေးတစ်ယောက်ပါ။

"မမ သွားပြီ ..."

"အင်း ..."

သူမ ... ကားနားအထိ လိုက်ပို့မိသည်။

သွေးသွေးပြောသလို သူမက အဖြစ်သည်းသလိုဖြစ်နေပြီလား။ ဇေနဲ့ နေထိုင်တာ သူမတရင်းတနှီး ဖြစ်နေမိတာက အမှန်ပဲ။

မဟုတ်သေးပါဘူး။

သော်ကမြိုင်က ဣန္ဒြေသိက္ခာနဲ့ နေတတ်သည့် မိန်းကလေးပဲ။ ဇေ့ကိုတော့ သံယောဇဉ်တွယ်နေမိသည်။

မဟုတ်သေးပါဘူး။

သူမ စိတ်တွေပျော့ညံ့နေတာကိုက မကောင်းတာပါ။



"သမီး ... အပျိုကြီးဘဝနဲ့ပဲ ညီမလေးကိုစောင့်ရှောက်စေချင်တယ် ..."

ညီမလေးအတွက်ပဲ ဖေဖေက စိတ်ပူပင်နေတတ်သည်။

"မွေးစားသမီးလေးဆိုတော့ ပိုပြီးသနားနေမိသလိုပဲ ... ညီမလေးကို သမီးဂရုစိုက်ပါ ..."

ဖေဖေက မှာသွားသည်။

"မမရေး ဖုန်း ..."

"ဟုတ်ကဲ့ ..."

"ဘဘကြီးဆီက ..."

"အေး ... အေး"

မသွယ်လာခေါ်၍ သူမ ဖုန်းနားသို့ အပြေးအလွှားရောက်လာရသည်။

"ဖေဖေ ..."

"သမီးကြီးလား ..."

"ဟုတ် ..."

"သမီးငယ်ရော ..."

"အပြင်သွားတယ်လေ ..."

"မောင်ဇေယျာညီရော ..."

"အပြင်သွားတယ်ဖေဖေ ..."

"အတော်ပဲ ... ဖေဖေ သမီးကိုပြောစရာရှိနေလို့ ..."

"ပြောပါ ဖေဖေ ..."

www.burmeseclassic.com

www.burmeseclassic.com



"မောင်ဇေယျညီကို ဒီမှာလာနေစေတာ ... ဖေဖေတို့ လူကြီးချင်း တိုင်ပင်ပြီး တမင်လွှတ်လိုက်တာပါ ... "

"ပြောပါ ဖေဖေ ... "

"တခြားတော့ မဟုတ်ပါဘူး ... သွေးသွေးမြိုင်နဲ့ လက်ထပ်ပေးမလို့ပဲ သမီး ... "

"ဟင် ... "

သူမ ...

စိတ်ထဲမှာ တင်းကျပ်သွားရသည်။

ညီမလေးနဲ့ ဇေ့ကို လက်ထပ်ပေးဖို့တဲ့။

"လူငယ်ချင်း နီးစပ်စေချင်လို့ ဖေဖေတို့ စီစဉ်တာ ... သမီးငယ်ကို ပိုပြီးဂရုစိုက်ရမယ်လို့ ဖေဖေ အတွေးထဲမှာ အမြဲရှိတယ် ... "

"ဟုတ်ကဲ့ ဖေဖေ ... ဒါပေမဲ့ ညီမလေးမှာ ချစ်သူရှိနေတယ်"

"ဟင် ... "

"သူတို့ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့တောင် အစီအစဉ်တွေ လုပ်နေကြပြီလေ ... "

"ဟုတ်လား ... "

"ဖေဖေ့ကို မပြောချင်လို့ပါ ... ဟိုမှာ ဖေဖေ အလုပ်လုပ်ရတာ စိတ်မဖြောင့်မှာ စိုးလို့ပါ ... "

"ဘယ်လိုလူလဲ ... သမီးကြီးတွေ့ဖူးလား ... "

"ဟင့်အင်း ... ခေါ်လာပြဖို့ ပြောပေမဲ့ ... ညီမလေးက ပေါ့ပျက်ပျက် လုပ်နေတယ်ဖေဖေ ... "



"မောင်ဇေယျညီ သိလား ... "

"လောလောဆယ်တော့ ဘယ်သိဦးမလဲ ... ဒါပေမဲ့ ညီမလေးက သွားချင်ရာသွား ပြန်လာချင်တဲ့အချိန်မှာ ပြန်လာနေတာပါ ... သမီး ပြောရင်လည်း နားမထောင်ဘူး ဖေဖေ ... "

"ခက်တာပဲ ... "

"ဖေဖေ ဘယ်တော့ ပြန်လာမလဲဟင် ... "

"နည်းနည်းလိုသေးတယ် ... ဖေဖေ အမြန်ဆုံး ပြန်လာနိုင်အောင်တော့ ကြိုးစားမှာပါ ... "

ဇေ့ကို ညီမလေးနဲ့ လက်ထပ်ပေးဖို့တဲ့ ...

ဖေဖေက ညီမလေးရှေ့ရေး စိတ်အေးရအောင် စီစဉ်တာပါ။ ညီမလေးက နေချင်သလိုနေသည်။

သွားချင်ရာသွားနေ၏။

ဇေ သဘောကျပါ့မလား။

"သမီး ... "

"ရှင် ... "

"မောင်ဇေယျညီရဲ့ အခြေအနေက ဘယ်လိုလဲ ... "

"ခပ်သွက်သွက်ကောင်လေးတစ်ယောက်ပါပဲ ဖေဖေ ... ဆိုးပေတေနေတဲ့ ပုံစံတော့ မဟုတ်ပါဘူး ... စီးပွားရေးကိုလည်း စိတ်ဝင်တစား လုပ်ပုံပါပဲ ... "

"သမီးသဘောကျရဲ့လား ... "

"ရှင် ... "

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးနဲ့လက်ထပ်ပေးဖို့ သဘောတူရဲ့လားလို့ ... "

"သဘောတူပါတယ် ... ဇေက မဆိုးပါဘူး ... အရေးကြီးတာက ညီမလေးမှာ ချစ်သူရှိနေတယ်လေ ... "

"အင်းလေ ... သမီးကြည့်ပြီး ဒွေ့ခံထားလိုက်ပါ ... ဖေဖေ ပြန်လာမယ် ... ဒီမှာ အလုပ်ကိစ္စတွေ နည်းနည်းအရေးကြီးနေလို့ပါ ... "

"ဟုတ်ကဲ့ပါ ဖေဖေ ... စိတ်အေးအေးနေပါ ... ညီမလေးမှာ ချစ်သူရှိနေပြီဆိုတော့လည်း ... ဘယ်တတ်နိုင်မလဲ ... ဒီကောင်မလေးက ခေါင်းမာတယ် ... "

"ဖေဖေ ပြန်လာမှာပါ ... သမီးကြီး ဘာမှ စိတ်သောကမရောက်နဲ့ အားလုံးအဆင်ပြေသွားမှာပါ ... "

"ဟုတ်ကဲ့ပါ ဖေဖေ ... ကျန်းမာရေး ဂရုစိုက်ပါ"

"အေး ... အေး"

ဖေဖေ ဖုန်းချသွားသည်။

သူမ ... စိတ်မောစွာ ကျန်ခဲ့သည်။

ဘာဖြစ်လို့လဲ ...

ဇေ ... မင်းကရော ...

ညီမလေးမှာ ချစ်သူရှိနေတော့ ခက်နေသည်။

"မမ ... "

"ဟင် မသွယ် ... "

"ကြက်အသည်းအမြစ်သုပ်တို့ ... မြင်းခွာရွက်သုပ်တို့ မမကိုယ်တိုင် လုပ်မှာလား ... "



"အင်း ... "

ဇေက အသုပ်တွေ ကြိုက်တယ်ဆိုရှ် သူမကိုယ်တိုင် သုပ်နေမိသည်။

"ဇေက ညနေမှပြန်လာမှာ မဟုတ်လားမမ... "

"အင်း ... "

"တခြား ဘာအသုပ်လုပ်ပေးရဦးမလဲ ... "

ဇေက အသုပ်တွေဆိုရင် အကုန်ကြိုက်သည်ဟု ပြောထားသည်။

သူမ ... ဘာထပ်စီစဉ်ရင် ကောင်းမလဲ။

"ဇေက အသုပ်တွေကြိုက်တယ်တဲ့ ... ငါးပိသုပ်စပ်စပ်လေး ထည့်ကြရအောင်"

"ကောင်းတယ်မမ ... "

"မမကိုယ်တိုင် အားလုံးလုပ်မယ်နော် ... "

"အင်းပါ ... မသွယ် စီစဉ်ပေးထားမှာပါ ... "

"ဟုတ်ပါ ... "

သော်ကမြိုင်ကတော့ အလုပ်သမားတွေနှင့်လည်း အဆင်ပြေအောင် နေထိုင်ပြောဆိုတတ်လေ့ရှိသည်။

သွေးသွေးမြိုင်လို မဟုတ်။

စားသောက်စရာတွေကို ဘယ်လိုပြင်ဆင်ရမလဲဆိုတာ စဉ်းစားနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

"မမ ... "

"ဟင် ... "

"ဒီမှာ ... "

"ဟင် ဘာတွေလဲ ... "

"မမအတွက်လေ ... "

ဇေ ပေးတဲ့လက်ဆောင်ထုပ်တွေကို သော်ကမြိုင် တအံ့တသြ ကြည့်မိသည်။

"ဘာကြည့်နေတာလဲ ... ယူလေ ... မမအတွက် လက်ဆောင် ခေတ်ပေါ်အဝတ်အစားတွေ ... "

"ဟာ ... မမမှ မဝတ်တတ်တာပဲ ... "

သူမ ...

ရိုးရိုးယဉ်ယဉ် အဝတ်အစားတွေပဲ ဝတ်စားတတ်သည်။



ချမ်းသာပေမဲ့ သော်ကမြိုင်က ဟော့ဟော့ရမ်းရမ်း မနေတတ်ပေ။

"မမက အရမ်းရိုးသားတဲ့ မိန်းကလေးပဲနော် ... ဒီလောက် ချမ်းသာနေသားနဲ့ အေးအေးဆေးဆေး ရိုးရိုးသားသား နေထိုင်တတ်တယ်နော် ... "

"မမ ဒီလိုနေတာပဲ သဘောကျတယ်ဇေ ... "

"မနေရတော့ဘူး ... "

"ဘာ ... "

"မမကို လှလှပပကြွကြွရွရွလေး နေတတ်အောင် ပုံစံသွင်း လေ့ကျင့်ပေးရမယ် ... "

"ဟာ ... မမဒီလိုပဲ နေချင်တယ် ... အိမ်မှုကိစ္စတွေ လုပ်ပြီး နေရတာကို မမဝါသနာပါတယ် ... "

"မမက အရမ်းချောတယ် ... လှပတယ် ... ရိုးရိုးကြီးနေ တော့ ညိုးညိုးနွမ်းနွမ်းလေး ဖြစ်နေတာပေါ့ ... "

"အဲ့ဒါ ဘာဖြစ်လဲ ... ကောင်းတာပဲဟာ ... "

"မမကို အပြင်ဗဟုသုတတွေ ရှိနေစေချင်တယ် ... "

သော်ကမြိုင်က ယယ်စဉ်လေးထဲက ဖေဖေ့ရှာဖွေ ပေးတဲ့ စီးပွားဥစ္စာတွေကို စုဆောင်းသိမ်းဆည်းပြီး အိမ်မှုကိစ္စတွေ ဦး စီစဉ်ပေးတတ်နေသည်။

အိမ်ထဲမှာပဲ နေ၏။

အဝတ်အစားအပြင်အဆင်ကအစ ရိုးအေးစွာပဲ နေ တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကျင့်ပဲ ...

ညီမလေးကို ထိန်းသိမ်းရ ...

ဖေဖေ စိတ်ချမ်းသာအောင် လုပ်ဆောင်ပေးနေရသည်။

စီးပွားရေးနဲ့ပတ်သက်ပြီး သူမက အတိုင်ပင်ခံပဲ ဖြစ်၏။

"မမ ..."

"ဟင် ..."

"ဒီနေ့ကစပြီး ... မမ လှလှပပလေးနေ အပြင်ထွက် ..."

"အဲ့ဒါ မမကဘာလုပ်ရမှာလဲ ..."

"လောကကြီးအကြောင်းကို မမသိအောင် ..."

"မမသိပါတယ် ... မင်းက မမကိုငတုံးအထင်လို့လား ..."

"မမကြည့်ရတာ ... အိမ်မှုကိစ္စတွေနဲ့ပဲ အချိန်ကုန်နေလို့"

"အဲ့ဒါ ... မမဝါသနာပါတာပါ ... ဘယ်သူကမှ မမကို ခိုင်းတာမှ မဟုတ်တာဘဲ ..."

"မမကို ဧကပျော်ရွှင်သွက်လက်ပြီး လှပတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်စေချင်တယ် ..."

ဧ ...

မင်းက ညီမလေးနဲ့ လက်ထပ်ရမှာပါ။

ဖေဖေတို့ လူကြီးတွေ စီစဉ်ထားတာက ညီမလေးနဲ့ လက်ထပ်ဖို့ပဲ။

ဧကတော့ သူမကို ဂရုတစိုက်ရှိသည်။



"မမ ဝတ်ပါဗျာ ... ဧပေးတာ လက်ခံပါ ... မမဝယ်ဝတ်နိုင်မှန်း ဧ သိပါတယ် ..."

"ဧ ..."

"ပြော ..."

"နောက်ဆို အဲ့ဒီလို လက်ဆောင်တွေဝယ်လာတာမျိုး မလုပ်ပါနဲ့ ..."

"ဝယ်ပေးမယ်ဗျာ ... ဧ ဝတ်စေချင်တဲ့အဝတ်အစားတွေ စားစေချင်တာတွေ ... သွားစေချင်တာတွေ အားလုံး လုပ်ပေးမယ် ..."

"မမ ကလေးမဟုတ်ဘူးနော်ဧ ... မင်း လျှောက်ပြီးလုပ်ချင်တာတွေ လုပ်မနေနဲ့ ..."

"မမအတွက်ပါ ..."

"မမက သူဌေးသမီးလေ ... တမင် ဝါသနာပါလို့ အိမ်မှုကိစ္စတွေလုပ်တာ ... မေမေမရှိတော့ ဖေဖေ့ကို သနားပြီး ... ပြုစုပေးရင်း ... အိမ်ထဲမှာပဲ အနေများသွားရတာ ..."

"ခေတ်နောက်ကို အရမ်းကျသွားမယ် ..."

"ကျ ကျကွာ ..."

"မမကို ဧသဘောကျတဲ့ပုံစံ သွင်းပေးရမယ် ..."

"ဘာ ..."

"အဲ့ဒီလိုဆိုရင် ... မမအရမ်းလှသွားမှာပဲ ..."

ဧ့အကြည့်စူးစူးတွေကြောင့် သော်ကမြိုင် ရှက်သွေးရဲ ဖြစ်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကောင်လေးလဲ။

မင်း စိတ်ဝင်စားရမှာက သွေးသွေးမြိုင်ဆိုတဲ့ ညီမလေးကိုပါ။

ညီမလေးမှာက ချစ်သူရှိနေသည်။

ဘယ်ကကောင်လေးလဲ ... ။

ဖေဖေကတော့ ညီမလေးအတွက်ပဲ စိတ်ပူပင်နေ သည်။

"ကဲ ... ဖေ ညစာ စားကြမယ် ... "

"အင်း ... လမ်းမှာတောင် ဘာမှမစားလာဘူး ... မမလ ရာတွေကို စားချင်လို့ ... "

"ဖေ ရေချိုးတော့ ... မမ ထမင်းပွဲကိုအဆင်သင့်ပြင်ထ မယ် ... "

"ဟုတ်ကဲ့ ... "

သော်ကမြိုင် မီးဖိုခန်းထဲသို့ ဝင်လာခဲ့မိသည်။

"မသွယ် ... ထမင်းပွဲတွေ ပြင်ရအောင် ... မမအသုပ် သုပ်တော့မယ် ... "

ဖေဖေနှင့် ညီမလေးကလည်း အသုပ်တွေကြိုက် ၍ သော်ကမြိုင် အမြဲတမ်း လုပ်ပေးရသည်။

သော်ကမြိုင် အသုပ်တွေ သုပ်နေမိ၏။

"မသွယ် ... ထမင်းပွဲတွေပြင်တော့မယ်နော် ... "

"အင်း ... ဟင်းချိုရော မီးနွေးနွေးလေးနဲ့ နွေးလိုက်

"ဖေဆင်းလာရင် ပူပူနွေးနွေး စားရအောင်လေ ...



"ဟုတ်ကဲ့ ... "

မသွယ်လည်း သော်ကမြိုင် စိတ်ကျေနပ်အောင် လုပ်ပေးနိုင်သည်။

ထမင်းပွဲတွေ ဖြစ်နေကြ၏။

"ထမင်းပွဲကြီးက မြိုင်လိုက်တာ မမရယ် ... စားချင်စရာ ကောင်းလိုက်တာ ... "

ဖေ ...

မမဝါသနာပဲ။

အိမ်ထဲမှာနေပြီး အိမ်မှုကိစ္စတွေ လုပ်ရင်း အေးအေး ချမ်းချမ်း နေချင်တာပါ။

အခုက ...

ဖေဖေပဲ ...

ပြီးတော့ ...

ညီမလေး ... ။

သူတို့ ဝေယျာဝစ္စတွေကို မမလုပ်ပေးရတာ ပျော်တယ်။

ဖေ ရောက်လာသည်။

"အား ... ဗိုက်တောင် အရမ်းဆာလာပြီ ... တကယ့်ကို စားချင်စရာကောင်းတဲ့ ထမင်းဝိုင်းလေးပဲ ... အနုပညာလည်း အရမ်းဆန်တယ် ... "

"ရှင်က ပိုပြီ ... "

"တကယ်ပါ မမရာ ... နေ့ဘဝမှာ တကယ့်ကိုရင်ခုန်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ ထမင်းဝိုင်းပဲ ... ”

“ကဲ ... သုံးဆောင်နိုင်ပါပြီ ... ”

“မမရော စားလေ ... ”

“အင်း ... ”

သူ ...

စားပွဲမှာ ထိုင်သည်။

မမကို အရမ်းသဘောကျသွားမိတော့၏။

ချမ်းသာကြွယ်ဝတဲ့ မမသည် အိမ်မှုကိစ္စတွေကို ကိုယ်တိုင်စီမံလုပ်ဆောင်ပြီး ရိုးရိုးအေးအေးလေး နေတတ်တာပဲ ဖေ သဘောကျလို့မဆုံးအောင် ဖြစ်ရသည်။

ဒါပေမဲ့ ...

လူ့လောကကြီးနဲ့ အဆက်ပြတ်ပြီး မမကို ဘဝခြောက်သွေ့အေးစက်နေမှာတော့ မလိုလားမိပေ။

ပျော်ရွှင်သွက်လက်စေချင်တဲ့ ဆန္ဒတွေ ဖြစ်ပေါ်နေမိသည်။

ပြုပြင်ပေးရမယ်။

မမဘဝကို ပျော်ရွှင်စေရမယ်။

ဖေကတော့ မမကို အရမ်းသဘောကျနှစ်သက်နေမိပြီ။

သွေးသွေးမြိုင်ကို စိတ်ထဲမှာပင် မရှိတော့။

အပြင်ထွက်နေတတ်တဲ့ မိန်းကလေး ...

ခေတ်ဆန်လွန်းပြီး ရဲတင်းသွက်လက်နေတာလည်း



သဘောမကျမိပေ။

ဖေဖေ ဘာပဲပြောပြော ...

ဖေ ရွေးချယ်မိတာက မမပဲ။

“ဖေ ... ”

“ဟင် ... ”

“စားလေ ... ”

ဖေ့အကြည့်တွေက သူမထံပဲရောက်နေ၍ သော်ကမြိုင် ရှက်နေမိသည်။

ဒုက္ခပါပဲ ...

ဒီကောင်လေးရှေ့မှာ ထိုင်နေရတာ စိတ်လှုပ်ရှားနေရတယ်။

ထသွားချင်မိသည်။

“အသုပ်တွေက အရမ်းကောင်းတာပဲ ... မမကတော့ တကယ့်ကို လက်ရာကောင်းတာပဲ ... ဖေ မြှောက်တာ မဟုတ်ဘူး ... မမ အရမ်းတော်တယ် ... ”

ဖေက ချီးကျူးနေသည်။

အသုပ်တွေကိုလည်း မိန်ရေယှက်ရေ စားနေသည်။

သော်ကမြိုင် ငေးစိုက်ကြည့်မိ၏။

ဖေ ...

လူငယ်ပဲ ...

ဒါပေမဲ့ ...

တည်ကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောမောခန့်ညားနေ၏။

သော်ကမြိုင်ဘဝတွင် အိမ်ထဲမှာပဲ အချိန်ကုန်နေရသည်။ ဝါသနာကြောင့်ပါ။

ဖေဖေက စီးပွားရှာပြီး သော်ကမြိုင်က ထိန်းသိမ်းရတာ အကျင့်ဖြစ်နေသည်။

သော်ကမြိုင်ကိုယ်တိုင်လည်း ဤက္ကန္ဒြေသိက္ခာကြီးမားစွာ နေထိုင်လိုသည်။

ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာကျရမှာ အတင်းပြောဆိုခံရမှာ အကြောက်ဆုံးပင်။

ဇေက ငယ်တယ်။

သူမ ... ခပ်တည်တည်နေမှ ...

လူကြီး ပီသစွာ ပြောဆိုဆက်ဆံဖို့ပဲ သော်ကမြိုင် စဉ်းစားနေမိသည်။

"မမ ..."

"ဟင် ..."

"စားလေ ..."

"အင်း ..."

"ဘာတွေ စဉ်းစားနေတာလဲ ..."

"မစဉ်းစားပါဘူး ..."

"ဇေ့အကြောင်းလား ..."

"မစဉ်းစားပါဘူး ... မမက ဧည့်သည်ကို ဧည့်ဝတ်ကျေအောင် ဘယ်လိုဖြည့်ဆွမ်းပေးရမလဲဆိုတာပဲ စဉ်းစားတာ



တာပါ ..."

ဇေ လေးစားအောင် နေထိုင်ပြောဆိုဖို့ လိုအပ်သည်ဟု ထင်မိသည်။

ညီမလေး ... ပြန်လာတာ နောက်ကျတယ်။

အမြဲတမ်း ...

အကြောင်းအမျိုးမျိုးပြပြီး အိမ်ပြန်နောက်ကျတတ်သည်။

အရင်က အကြောင်းမဟုတ်။

ဇေရှိနေတော့ အနေအထိုင်ဆင်ခြင်သင့်ပါတယ်လေ။

ထမင်းစားပြီးသွားသည်။

"မမ ..."

"ဟင် ..."

"သွေးသွေးမြိုင်က အလုပ်တွေအရမ်းများနေသလိုပဲနော် ... ဘာတွေ လုပ်နေတာလဲ ..."

"စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့လေ ... ညီမလေးက သွက်တော့ သူပဲလုပ်ငန်းတွေကို ဦးစီးနေရတာ ..."

တကယ်တော့ ...

သွေးက စီးပွားရေးလုပ်ငန်းတွေကို ဘာမှ စိတ်ဝင်စားတာ မဟုတ်ပေ။

အပျော်ပဲများနေတာ။

အခု ...

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ စီးပွားရေးလုပ်ငန်းတွေ လုပ်မယ်လို့ပြော တာပဲ။ ဘာမှ အကောင်အထည်မပြနိုင်။

ဖေက မေးနေပြီ ...

ဘာပဲဖြစ်ဖြစ် ...

ညီမလေးကို ဖေနဲ့ပဲ လက်ထပ်ဖို့ သော်ကမြိုင် သဘောတူမိနေသည်။

"မမက အိမ်မှုကိစ္စတွေပဲ စိတ်ဝင်စားတာလေဖေ ... အခုက ညီမလေးပဲ လုပ်နေရတာ ... "

"သွေးသွေးမြိုင်က အရမ်းသွက်တယ် ... မမနဲ့ ရုပ်ရည်လည်း မတူဘူး ... "

"ဟုတ်တယ်လေ ... မမက ဖေဖေနဲ့တူတာပါ ... ညီမလေးက မေမေနဲ့တူတာ ... "

မွေးစားသမီးလေးဖြစ်တာ ဘယ်သူမှ မသိစေဖို့ ပေါ့။

ညီမလေး သွေးသွေးမြိုင်ကို မွေးစားပြီးထဲက အိမ်မှာ ရှိတဲ့ အလုပ်သမားတွေရော အိမ်နေရာရောအားလုံး အစဖျောက် ပြောင်းလဲပစ်လိုက်ကြသည်။

"မိဘမဲ့တဲ့ သမီးလေးဖြစ်လို့ ဖေဖေက အားမငယ်စေချင် တာပါ ... သနားတယ် ... ဖေဖေ့ သမီးအရင်းလေးထက် တောင် သာလွန်ပြီး ချစ်မိတယ် ... "

သော်ကမြိုင်ကလည်း မနာလိုမဖြစ်ဘဲ ညီမလေးကို ချစ်မိသည်။



ညီမလေး ပျော်ရွှင်သွက်လက်နေတာပဲ မြင်တွေ့ ချင်မိ၏။

အလိုလိုက်ထားမိသည်။

သွေးသွေးမြိုင်ဘဝ တိုးတက်ကောင်းစားရေးအတွက် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးချင်တဲ့ ဆန္ဒတွေပဲ ရှိနေသည်။

စိတ်မောလိုက်တာ ...

ထမင်းစားပြီးသွားသည်။

"ခြံထဲမှာ ထိုင်ရအောင်မမ ... "

"ဖေ အနားယူတော့လေ ... မမလည်း အနားယူတော့ မယ်"

"မမ လိုက်မထိုင်ချင်လည်း နေပါ ... ဖေတစ်ယောက်တည်း စာဖတ်ပြီး ထိုင်တော့မယ် ... "

ဖေနှင့် မထိုင်ချင်တော့၍ သူမ အခန်းထဲပဲဝင်လာမိ သည်။

အချိုရည်နှင့် လိုအပ်တာတွေ စီစဉ်ထားပေးလိုက်မိ သည်။

ညီမလေး မလာသေးဘူး။

ဒီနေ့ ...

စောစောပြန်လာပါစေ။

ဖေ ခြံထဲမှာ စာထိုင်ဖတ်နေတုန်း ညီမလေးကို ပြန် ရောက်စေလိုသည်။

"တီ ... တီ"

www.burmeseclassic.com

"တိ ..."

သွေးသွေး ပြန်ရောက်လာ၍ သော်ကမြိုင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။

တော်ပါသေး၏။

"သွေးသွေး ..."

"ဟင် ..."

"ခြံထဲကနေ ဝင်လာတာ ဖေ့ကိုနှုတ်ဆက်လိုက်ဦးလေ"

သူမ ...

သွေးသွေးမြိုင် ကားနားရောက်သွားပြီး ပြောမိသည်။

"အင်းပါ ... နှုတ်ဆက်မှာပါ ..."

"သွား ... သွား ... နှုတ်ဆက်လိုက်ဦးနော် ညီမလေး ... ကိုယ့်အိမ်လာတဲ့ ဧည့်သည်ပဲ ... ဧည့်ဝတ်ပြုရမယ်လေ"

"မမကတော့လေ ... ဒီဧည့်သည်ကို ဧည့်ဝတ်မကျေမှာပဲ အတော်ကြောက်နေတာပါလား ..."

"သွေးသွေးနော် ... မမက ရှင့်အတွက် စေတနာနဲ့ပြောပြတာပါ ..."

"အဟက် ..."

သွေးသွေးမြိုင်က အမြဲတမ်းပေါ့ပျက်ပျက်နှင့် ပြောပြီး ထွက်သွားတော့သည်။



## အခန်း(၈)

"ဖေ ..."

"သွေးသွေးပါလား ... ဒီနေ့ ပြန်လာတာ စောတယ်နော်"

"ကျွန်မက အလုပ်တွေများတယ်လေ ... စီးပွားရေးလုပ်ငန်း လုပ်ဖို့အတွက် အစီအစဉ်တွေ အများကြီးလုပ်နေရတာ"

သွေးသွေးမြိုင်ကတော့ ခေတ်ရေ့ကို ပြေးလွှန်းနေတဲ့ မိန်းကလေးပဲ ...

ဖေလည်း ခေတ်လူငယ်ပါပဲ။

သွေးသွေးမြိုင်ကိုတော့ အရှုံးပေးရမလို ဖြစ်နေရသည်။

ကြည့်လေ ...
ဂျင်းနိပင်နဲ့ ...
စပို့ရှပ်အပျော့စားက တိုနံ့နံ့ ...
ဗိုက်သားဝင်းအိအိလေးတွေက မလုံ့တလုံ။

www.burmeseclassic.com



"မောလိုက်တာ ... ဒီအအေးတော့ ကျွန်မသောက်မယ်နော်"

"သောက်ပါ ... "

သွေးသွေးမြိုင်က သူ့ရှေ့မှာ ချထားတဲ့အအေးကို ယူသောက်နေသည်။

"ကိုဧ ... "

"ဟင် ... "

"ဒီမှာ နေရတာ အိုကေလား ... မမရဲ့ ဧည့်ဝတ်ကျေပွန်မှုကတော့ ကျေနပ်စရာကောင်းပါတယ်နော် ... "

"အင်းကောင်းပါတယ် ... မမက အရမ်းမိန်းကလေးပီသပြီး ကိုယ့်အပေါ် ဧည့်ဝတ်ကျေပါတယ် ... "

"သွေးကတော့ ဧည့်မခံတတ်ဘူးနော် ... အလုပ်များတယ်"

ယောက်ျားလေးတစ်ယောက် လာတည်းတယ်ဆိုထဲက အကြောင်းတစ်ခုခုရှိမယ်ဟု သွေးသွေးမြိုင် ထင်ထားမိသည်။

ညီအစ်မနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ နီးစပ်အောင်ပဲ။

မမနဲ့တော့ မဖြစ်နိုင်ဘူး။

သွေးသွေးမြိုင်နဲ့က သက်တူရွယ်တူပဲ။

မရတော့ဘူး ...

ကျွန်မမှာ ချစ်သူရှိတယ်။

မမနဲ့ပဲ အောင်သွယ်ပေးရမယ်။

တော်ကြာ ...



ဖေဖေက ကိုဧနဲ့ သူမကိုအတင်းအကျပ် လက်ထပ်ပေးရင် ဒုက္ခပဲ။

မဖြစ်ဘူး။

မမနဲ့ တွန်းပေးမှပါ။

"ကိုဧ ... "

"ဟင် ... "

"မမက တကယ်ကို တော်တယ်နော် ... အဘက်ဘက်က ပြည့်စုံနေတာ ... အိမ်မှုကိစ္စလည်း ကျွမ်းကျင်တယ် ... "

"မမကတော့ တကယ့်ကို ချီးမွမ်းထိုက်တဲ့ မိန်းကလေးပဲ သွေး ... "

"ဟုတ်တယ် ... မမသာ အဝတ်အစားသားသားနားနား ဝတ်ပြီး သွက်လက်နေရင် ... အရမ်း အဖိုးတန်မှာပဲ ... "

"သွေး မမကို ကိုယ်ကပုံစံသွင်းမလို့လေ ... "

"ကောင်းတယ် ... ကိုဧ ပုံစံသွင်းပေး ... မမက အိမ်ထဲမှာပဲ နေချင်တာ ... အပျိုကြီး လုပ်မလို့တဲ့ ... "

သွေးသွေးမြိုင် ပြောပြီး နေရာမှ ထလိုက်သည်။

"သွားလိုက်ဦးမယ်နော် ... "

ဒီလူကို သွေးသွေးမြိုင် ဧည့်မခံနိုင်သေးပေ။

သွားစရာရှိသေးတယ်။

သွေးသွေးမြိုင် အိပ်ခန်းထဲရောက်တော့ မမဝင်လာသည်။

"သွေးသွေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... "

"ညစာ စားပြီးပြီလား ... "

"ဟင့်အင်း ... "

"မမပြင်လိုက်မယ်နော် ... "

"မပြင်နဲ့တော့ မမ ... သွေး အခုပဲ အဝတ်အစားလဲပြီး ပြ
ထွက်မှာလေ ... "

သွေးသွေး အစောကြီး ပြန်လာ၍ ဝမ်းသာနေတုန်း
ပြန်ထွက်မယ်ဆို၍ စိတ်ပူသွားရသည်။

"ဘယ်သွားမလို့လဲ သွေးသွေးရယ် ... အိမ်မှာပဲ နေပါတော့"

"ရှိုးပွဲသွားကြည့်မလို့လေ ... သူငယ်ချင်းတွေနဲ့ပါ မမရဲ့ ...
သွေးတို့ ချိန်းထားပြီးနေလို့ပါ ... "

"ဒုက္ခပါပဲ ... သွေးရယ်"

"မမကလည်း ဘာမှပူစရာ မရှိပါဘူး ... ဒီရှိုးပွဲက ကောင်း
တယ် ... လူစုံမှာ မမရောလိုက်ကြည့်မလား ... "

"ဟာ မကြည့်ချင်ပါဘူး ... တော်ကြာ ဖေကတစ်မျိုးထ
နေဦးမယ် ... "

"ထင်ပါစေလေ ... ဘာဖြစ်လဲ ... မမကိုတော့ ညီမလေး
အရမ်းအမွန်းတင်ပေးထားတယ်နော် ... "

"ဘာ ... "

"မမက အဘက်ဘက်ကနေ ပြည့်စုံနေတဲ့အကြောင်း အရ
တော်တဲ့အကြောင်း ... ရိုးသားတယ်ဆိုတဲ့ အကြောင်းတွေ
ပေါ့ ... စုံနေတာပဲ ... ကိုယ့်အစ်မကို အထင်ကြီးအောင်



လေမမ ... "

"တော်စမ်းပါသွေး ... အရေးကြီးတာက ညီမလေးပဲ ...
မမက အပျိုကြီးလုပ်မှာ ... "

"တကယ် ... "

"အင်း ... "

"ကိုဇေက မဆိုးဘူးနော် ... "

"ဟဲ့ ကောင်မလေး ... "

"တကယ်ပြောတာ ... မမနဲ့လည်း အသက်ချင်းက သိပ်ကွာ
တာမှ မဟုတ်တာ ... ကိုဇေကထွားလို့ မမကနုနေသေး
တယ် ... "

"ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ ...
ပေါက်ကရတွေ ... ရှင့်အတွက် ဖေဖေက ရည်မှန်းထားတာ
ဖြစ်နေဦးမယ် ... "

"ကျွန်မမှာ ချစ်သူရှိတယ် ... ရှင် ငရဲကြီးလိမ့်မယ် ... "

"သွေး ... "

"ပြော ... "

"နေရာတကာ ပွေ့ပျက်ပျက်လုပ်မနေပါနဲ့ ... သွေးရယ် ...
မမစိတ်ပူတယ် ... ညီမလေး ချစ်သူကိုလည်း မမတွေ့ချင်
တယ် ... ဖေဖေပြန်ရောက်လာရင်တော့ ... ညီမလေး
ချစ်သူကို ခေါ်ခိုင်းမှာပဲ ... "

"သွေးခေါ်ပြမှာပါ ... "

"သွေးရယ် ... အခုလည်း ညီမလေးက သူငယ်ချင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားတာကို ဧကတစ်မျိုးထင်ရင် မကောင်းဘူး ... "

"ထင်ထင် ... သွေးက ကိုဇေ့ကို လုံးဝစိတ်မဝင်စား ပါ
ရုပ်ရည်ကတော့ ဖြူပြီးသန့်နေတာပဲနော် မမ ... အ ဟဲ
အပျိုကြီး ရင်မခုန်ဘူးလားဟင် ... "

"ဒီကောင်မလေးဟာလေ ... "

သွေးသွေးက ပြောဆိုပြီး ကားမောင်းထွက်သွား
တော့သည်။

သော်ကမြိုင် စိတ်ပူပြီး ခြံထဲဆင်းလာခဲ့မိ၏။

"ဧ ... "

"ဟင် မမ ... "

"သွေးသွေးလေ မိန်းကလေးသူငယ်ချင်းတွေနဲ့ ရှိုးပွဲဆို
သွားကြည့်မလို့တဲ့ ... ဒီကောင်မလေးက သီချင်းဆို
လည်း ဝါသနာထုံတယ်လေ ... "

ဧ အထင်သေးမှာဆိုး၍ သော်ကမြိုင် ဖာဖာ
ထေး ပြောမိသည်။

"မမ ... "

"ဟင် ... "

"ထိုင်လေ ... "

"မမ အနားယူတော့မယ် ... "

"ထိုင်ပါ မမရဲ့ ... ဧ မမကို ပြောစရာတွေရှိလို့ ...

"ပြောလေ ... "

"ထိုင်ပါဦး ... "



ဧနဲ့နှစ်ယောက်တည်း ထိုင်ရမှာကို တွန့်ဆုတ်နေမိ
သည်။

ရှက်နေမိ၏။

ဖေဖေက ပြောထားပြီးသား။

ညီမလေးနဲ့ လက်ထပ်ပေးဖို့တဲ့။

ဧ လာနေတာ ညီမလေးသွေးသွေးမြိုင်နဲ့ နီးစပ်ဖို့ပါ

"မမ ... "

"ဟင် ... "

"ထိုင်ပါ ... ညှိသည်ကို တစ်ယောက်တည်း ထားပြီး ...
မမက အိပ်တော့မလို့လား ... အစောကြီးရှိသေးတာပဲ"

"မမ ဘုရားရှိခိုးရဦးမယ်လေ ... ဧထိုင်နေနော် ... အေး
အေးဆေးဆေးသာနေပါ ... လိုအပ်တာရှိရင် ကိုရုပ်ဆိုးနဲ့
ရန်ကနားရှိတယ် ... "

ရန်ကနားက ခြံထဲမှာ သစ်ပင်တွေကို ပြုပြင်နေ
သည်။

ကိုရုပ်ဆိုးက ကားကိုရေဆေးသုတ်သင်နေ၏။

"မမကို ပြောစရာရှိလို့ပါ ... ခဏလေးဖြစ်ဖြစ် ထိုင်ပါဦးမမ"

သူမ ...

ဝင်ထိုင်လိုက်မိသည်။

"ပြောလေ ဧ ... "

"မနက်ဖြန်ကြရင် ... ဧ တိုက်တစ်လုံး ဝယ်ဖို့ရှိတယ် ...

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါ မမကို ပြချင်လို့ ... ”

“ဟင် ... မမ ဘာမှနားမလည်ဘူးဇေ ... မကြည့်တတ်ဘူး ဇေကြိုက်ရင် ဝယ်ပေါ့ ... ”

“ဖေဖေနဲ့ မေမေက ဇေမိန်းမယူရင် လက်ဖွဲ့အဖြစ်ပေး တိုက်ပါ ... ”

“အဲ့ဒါဆို ... မမက ပိုတောင်လိုက်ဖို့ မလိုသေးတယ် ... မင်းဟာမင်း သွားဝယ်ပါဇေ ... ”

“မရဘူး ... မမက ကောင်းမကောင်း ဆုံးဖြတ်ပေး ဇေ တောသားပဲ ဘာမှမသိဘူး ... မမက မြို့သူလေ ... ဈေးနှုန်း သင့်မသင့် ကြည့်ပေးစမ်းပါ ... ”

“မမလိုက်လို့ မဖြစ်ဘူးဇေ ... အပြင်မထွက်ချင်ဘူး ... အရေးကြီးတဲ့ အကြောင်းမရှိဘဲ မမအပြင်မထွက်ချင်ပါဘူး”

“မမ အိမ်ထဲမှာပဲ နေရလို့ ... ဇေက အပြင်ခေါ်ထုတ်တာပါ မမကို လှလှပပကြွကြွရွရွလေး ဖြစ်စေချင်တာပါ ... ”

“ကျေးဇူးပဲနော် ဇေ ... မမ အပြင်မထွက်ချင်လို့ပါနော်”

သူမ ...

ပြန်လာခဲ့သည်။

အိပ်ခန်းထဲရောက်လာ၏။

ဒုက္ခပါပဲ ...

ဇေက တစ်မျိုး ...

သော်ကမြိုင်ကို စိတ်ဝင်စားနေသည်ဟု ထင်မိနေ သည်။



မဟုတ်ပါဘူး။

သူမလေးစားတာလား။

ဇေ လက်ထပ်ပြီးရင်နေဖို့ ဇေ့မိဘတွေ လက်ဖွဲ့တဲ့ အိမ်ကို သူမအား ခေါ်ပြီးဝယ်ရမှာလဲ။

စိတ်ညစ်လိုက်တာ။

တကယ်လို့ ...

ဇေက သူမအား စိတ်ဝင်စားနေတယ်ဆိုရင်ရော ...

မဖြစ်သေးပါဘူး။

ညီမလေးနဲ့ပဲ ဖြစ်စေချင်တာပါ။

သော်ကမြိုင် စိတ်ထဲမှာ အလှုပ်ရှားကြီးလှုပ်ရှားသွား တော့သည်။

လက်ဆောင်ထုပ်တွေ ...

“မမကို လှလှပပကြွကြွရွရွလေး ဖြစ်စေချင်တယ် ... ခေတ်ဆန်တာ မဟုတ်တာတောင် ... ခေတ်မီဆန်းသစ်တဲ့ အဝတ်အစားတွေ ဝတ်စေချင်လို့ပါ မမဝတ်နော် ... ”

သော်ကမြိုင် ဝတ်ရမလား ... ။

သူမက ရိုးရိုးသားသား ဝတ်စားပြင်ဆင်တတ်သည်။

ဝတ်ကြည့်ရင် ကောင်းမလား။

“မဝတ်ပါ ... ဇေက မမကို လှပစေချင်တာပါ ... ”

သူမက ရိုးရိုးကြီးမို့ ဇေက စိတ်ပျက်လက်ပျက်ဖြစ် လား။

ဝတ်ကြည့်မှပဲ ...

www.burmeseclassic.com

www.burmeseclassic.com



"မမက အသက်မကြီးသေးပါဘူး ... ဇေတို့နဲ့ မတိမ်းမယိမ်း ပဲဟာ ... အပျိုကြီးဂိုက်ဖမ်းနေလို့ အိုစာနေရတာပါ ..."

ဇေဝတ်ပေးတဲ့ အဝတ်အစားတွေကို ဝတ်တော့ လည်း လှနေသည်။

သော်ကမြိုင်နှင့်ကြည့်၍ ကောင်းနေ၏။

"မမကို ကြွကြွရွရွလှလှပပလေး ဖြစ်စေချင်တယ် ..."

မှန်ထဲမှာ အရမ်းကိုလှပနေသည်။

သော်ကမြိုင်ပင် အရမ်းသဘောကျသွားမိသည်။

အပြင်တော့ မထွက်ရဲ ...

"မမ အိမ်ထဲမှာပဲနေတာ ... လူ့လောကကြီးအကြောင်း ဘာမှ မသိဘဲနေမယ် ... အပြင်တွေဘာတွေ ထွက်ကြည့်ရ အောင် ..."

ဇေက ခေါ်ပေမဲ့ အပြင်ထွက်ဖို့ သူမက ငြင်းဆန်နေ မိသည်။

ယောက်ျားတစ်ယောက်နဲ့တွဲပြီး သွားလာလေ့မရှိ၍ ဖြစ်၏။

ဇေ ဝယ်ပေးတဲ့အဝတ်အစားတွေ ဝတ်ကြည့်ပြီး မှန်ရှေ့မှာ ကြည့်မဝ ဖြစ်ရသည်။

သူမ ...

ငွေကြေးပြည့်စုံသည်။

မဝယ်နိုင်၍ မဟုတ်။

အိမ်ထဲမှာပဲ ဖေဖေနှင့်ညီမလေးတို့ ဝေယျာဝစ္စ



ပြုပေးရင်း အချိန်တွေကုန်နေ၍ အပြင်လောကနှင့် အဆက် အသွယ်ပြတ်နေခြင်းသာ ဖြစ်ရသည်။

"မမ ..."

အပြင်မှာ မသွယ် ...

ဇေ ဝယ်ထားတဲ့ အဝတ်အစားတွေ ဝတ်ထား၍ လှချင်မှာ ရှက်သွားမိသည်။

"မမ တံခါးဖွင့်ပါဦး ... ဒီမှာ ပန်းသီးလာပို့တာ ..."

မသွယ်က အော်နေသဖြင့် သူမ တံခါးဖွင့်ပေးလိုက် သည်။

"ဟယ် ... ဟိုနေ့က ကိုဇေဝယ်ပေးတဲ့လက်ဆောင်လား လှလိုက်တာ ... မမနဲ့ အရမ်းလိုက်ဖက်တာပဲ ..."

"ဟိုလေ ... ဟို ... မမဝတ်ကြည့်တာပါ ... ဘယ်လိုနေလဲ"

"လှတယ် ... အရမ်းလှတာပဲ ... သွေးသွေးထက်တောင် ငယ်ပြီး နုသွားတာပဲ ..."

"လုပ်ပြီ ..."

"တကယ်ပါ ... ဟိုခြံထဲ ခဏဆင်းလိုက်ပါလား ... ကိုဇေ တွေ့သွားရအောင်လေ ..."

"ဟာ မဆင်းပါဘူး ... ဝတ်ကြည့်တာပါ ... မမ ဒီလိုမျိုး တစ်ခါးမှ မဝတ်ဘူးတော့ အရမ်းရှက်တာပဲ ..."

"မမရယ် ... အသက်ဖြင့် ဘယ်လောက်မှ မကြီးသေးဘဲနဲ့ ငယ်ငယ်လေးရှိသေးတာပါ ... ပြီးတော့ မမက ပိန်ချော တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



"မြှောက်ပြန်ပြီ ..."

"တကယ်ပြောတာပါ ... မမက ပိုပြီးစွဲမက်စရာကောင်း
အလှတွေကို ပိုင်ဆိုင်ထားတာပါ ..."

"တော်ပြီ ..."

"မမ ..."

"ဟင် ..."

"ပန်းသီးတွေ ထားခဲ့မယ်နော် ... ကိုဇေ့အတွက်လည်း
ထားပြီးပြီ ..."

"မသွယ် ..."

"ပြော ..."

"မနက်ကြရင် ... ကတ်ကြီးကိုက်ကျွေးမလို့ ... အသား
ကို စောစောထပြုတ်ထားနော် ..."

"အင်းပါ ... မမလက်ရာတွေကို တစ်ခုပြီးတစ်ခု စား
ကိုဇေမောင်ကြီး မပြန်နိုင်ဖြစ်နေဦးမယ်နော် ..."

မသွယ်က နောက်နောက်ပြောင်ပြောင် ရယ်
ပြောဆိုပြီး ထွက်သွားသည်။

မောင်ကြီး မပြန်နိုင်တဲ့ ...

မမနဲ့ ဘာမှမဆိုင်ပါဘူး။

ဇေနဲ့ သဘောတူထားတာက ညီမလေးသွေး
မြိုင်နဲ့ပဲ ...

"ကျွန်မမှာ ချစ်သူရှိတယ် ... ရှင် ငရဲကြီးလိမ့်မယ် ..."

သွေးသွေးမြိုင်ကတော့ ချစ်သူရှိသည်ဟု အ



အလင်း ပြောနေသည်။

ဒီကောင်မလေး ဟုတ်ပါ့မလား။

ဘယ်လို ချစ်သူမျိုးလဲ။

သွေးက စိတ်မချရ။

ဖေဖေကလည်း ညီမလေးအတွက်ပဲ စိတ်ပူနေတာ
မဟုတ်လား။

ဇေက ညီမလေးအတွက်ပဲ ဖြစ်သင့်တယ်။

ချစ်သူဆိုတာလည်း ဘာဖြစ်လို့များ လူကြီးမိဘတွေ
သို့ မပြရတာလဲ။

သွေးက ခက်တယ်။

နေချင်သလို နေတတ်ပြီး ဘာကိုမှ အလေးအနက်
ထားတတ်သူ ဖြစ်သည်။

အစ်မကြီးတော့ အမိအရာတဲ့ ...

မွေးစား ညီမလေးလည်း သူမရဲ့ညီမလေးပဲ ဖြစ်
သည်။

တွယ်တာစရာဆို၍ ဒီညီမလေးပဲ ရှိနေတာ မဟုတ်
လား။

ညီမလေး ဘဝကောင်းစားရေးပဲ ဦးစားပေးလုပ်
ဆောင်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

သော်ကမြိုင်ကတော့ ညီမလေးအတွက်ပဲ စိတ်ပူနေမိသည်။

ဒီကောင်မလေး ပြန်မလာသေးဘူး။

ကြည့်စမ်း ...

ဇွဲရှေ့မှာ နေချင်သလို နေသည်။

နည်းနည်းပါးပါးတော့ အနေအထိုင် ဆင်ခြင်သင့်သည်ဟု ထင်မိ၏။

ခက်တာပဲ ...

စိတ်ပူလိုက်တာ ...

အင်းလေ ...

ရှိုးပွဲဆိုတော့ ... နောက်ကျမှာပဲ။

ခေတ်လူငယ်တွေ လုပ်တဲ့အလုပ်ဆိုတော့လည်း ပြောရခက်တယ်။



ညီမလေးကို ဘယ်လိုတားရမလဲ။

ချစ်သူကလည်း ရှိသေးတယ်။

အခြေအနေအရ ညီမလေး ချစ်သူကိုလည်း ကြည့်ရခယ်။

ဖေဖေ ပြန်လာပါစေ။

ညီမလေး ရှေ့ရေးအတွက် စိတ်ပူမိတာတော့ အမှန်ဖြစ်သည်။

မလာသေးဘူး ... ။

အိပ်လို့မရ ...

ညီမလေးကို စောင့်နေမိသည်။

"တီ ... တီ ..."

"တီ ... တီ ..."

သူမ ...

ဝမ်းသာအားရနှင့် အခန်းထဲမှ ပြေးထွက်လာခဲ့မိသည်။

"မမ ဘာဖြစ်တာလဲ ... ခြံတံခါးကို ရန်ကနား ဖွင့်ပေးမှာပေါ့ မသွယ်ရှိပါတယ် ..."

"မဟုတ်ပါဘူး မသွယ်ရယ် ... မမစိတ်ပူလို့ပါ ... ညီမလေးကို ပြောစရာရှိလို့ပါ ..."

"မမလည်း ဒီညီမလေးကို ပူရတာနဲ့ အဘွားကြီးဖြစ်တော့မယ်နော် ..."

တိုက်ကြီးထဲသို့ အေးအေးဆေးဆေး ကားသော

www.burmeseclassic.com



လေး ယမ်းပြီး ဝင်လာသည်။

"သွေး ... "

"ဟင် မမ ... "

"ညည်းလေး ပြန်လာတာ နောက်ကျလိုက်တာ"

"မမ ဘာလို့ မအိပ်သေးတာလဲ ... သွေးသွေးကို စောင့်နေတာလား ... "

"အင်း ... "

"ဘာလို့ စောင့်နေရတာလဲ ... သွေးသွေး ဘာမှ မဖြစ်ပါဘူး အေးအေးဆေးဆေး အိပ်စမ်းပါ ... ဒါမှ အိပ်မက်လှလှလေးတွေ မက်မှာနော် ... "

"ကောင်မလေးနော် ... "

"ဘာလဲ ... ညွှန့်သည်က တစ်မျိုးထင်မှာ စိတ်ပူလို့လား"

"အင်း ... ညီမလေး ညွှန့်သည်ရှေ့မှာ နည်းနည်းတော့ ဆင်ခြင်သင့်တယ်နော် ... "

"မမ ... "

"ဟင် ... "

"ညွှန့်သည်က မမအတွက်လေ ... "

"ဟဲ့ကောင်မလေး ... ဘာတွေ လျှောက်ပြောနေတာလဲ ကြားသွားပါဦးမယ် ... "

"ကြားပါစေလေ ... သွေးသွေးမှာ ချစ်သူရှိတယ် ... မမထ အပျိုကြီး ... "

"တော်စမ်းပါဟယ် ... "



ဖေဖေက ညီမလေးနှင့်လက်ထပ်ပေးချင်တဲ့ ဆန္ဒတွေ ပြင်းပြနေသည်။

သွေးသွေးအတွက်ပဲ ...

ဒီကောင်မလေးက နေချင်သလို နေ့နေသည်။

"မမ ... "

"ဟင် ... "

"အိပ်တော့ ... "

"သွေး ... "

"မနက်မှ ပြောပါ ... သွေးအိပ်ချင်နေပြီ ... "

"သွေးရယ် ... မမပြောတဲ့ စကားတွေကို နားထောင်ပါ"

"မမရာ ... သွေးအရမ်းနားပူမခံနိုင်ဘူးနော် ... ညွှန့်သည်ကို သွေး စိတ်မဝင်စားဘူးလို့ ပြောထားပြီးပြီပဲ ... မမပဲ ဂရုတစိုက်နဲ့ ညွှန့်ခံ ... "

သွေးသွေးအပေါ် ထပ်သို့ လှေကားထစ်တွေအတိုင်း ပြေးတက်သွားတော့သည်။

"ဟဲ့ ... ဟဲ့"

ပြောမရ ...

ညွှန့်သည်ကြားတော့မှာပဲ။

"မမ ... "

"ဟင် ... "

"စိတ်မောလိုက်တာ ... ဘာမှ မစဉ်းစားနဲ့ အိပ်တော့နော်"

မမတစ်ယောက်တည်း စိတ်သောကတွေ ရောက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ပူမိသည်။

"မမရယ် ... ညီမလေးက ဘယ်တော့မှ ပြောမရတာ ... ဘာလို့ စိတ်မောခံနေရတာလဲ ... "

"မဟုတ်ပါဘူး မသွယ် ... အရင်က အကြောင်းမဟုတ်ဘူး နော် ... အခုဟာက ဇေရှိတယ့် ... ဇေက ညီမလေးနဲ့ နီးစပ်အောင် လူကြီးတွေ စီစဉ်တာ ... "

"ညီမလေးမှာ ချစ်သူရှိတယ်လေ ... ညီမလေးက သူလုပ် ချင်တာ လုပ်နေတာပဲဟာ ... "

"မမကတော့ ဇေနဲ့ပဲ ညီမလေးကိုသဘောတူတယ် ... "

"မမ ... "

"ဟင် ... "

"တကယ်လို့ ကိုဇေက ညီမလေးကို မချစ်ဘဲ ... မမကို ချစ်နေတယ်ဆိုရင်ရော ... "

"မသွယ်ကလည်း ... "

"ကိုဇေ့ကြည့်ရတာ မမကိုပိုပြီး စိတ်ဝင်စားသလိုပဲ ... "

"သွားတော့မယ် ... "

"အပျိုးကြီး ရှက်သွားပြီ ထင်တယ် ... မသွယ်ကတော့ အပျို ကြီးကို စွံစေချင်တာပါ ... "

"တော်ပါပြီ ... "

မသွယ်ကို ကျောခိုင်ပြီး သူမအိပ်ခန်းထဲ ပြန်ဝင်လာ ခဲ့မိသည်။

အိပ်ရာပေါ် လှဲအိပ်မိ၏။



"မမကို ကြွကြွရွရွလှလှပပလေး ဖြစ်စေချင်တယ် ... မမ ပျော်နေတာကို မြင်ချင်တယ် ... "

ဇေ ...

မင်း မမကိုရိုသေလေးစားနေတာပဲ မဟုတ်လား။

မမသိပါတယ်။

ယောကျ်ားတစ်ယောက်က ... ချစ်ခင်နှစ်သက် လောက်တဲ့ ဆွဲဆောင်မှုတွေ မမမှာ လုံးဝမရှိပါဘူး။

အလှအပလည်း မပြင် ...

အိမ်ထဲမှာပဲ ဖေဖေနှင့်ညီမလေးရဲ့ ဝေယျာဝစ္စတွေ နဲ့ ရှုပ်ထွေးနေတတ်သည်။

မဖြစ်တော့ဘူး။

ပြင်မှာပဲ ...

တော်ကြာ ...

သူများတွေ အထင်သေးစရာဖြစ်မယ်။

သော်ကမြိုင် အိပ်ရမယ်။

ညှော်သည်က ရှိသေးတယ်။

ဖေဖေရယ် ...

ပြန်လာပါတော့နော် ...

ညီမလေးကို ကြည့်ပြီး မမအရမ်း စိတ်ပူပင်သောက ရောက်နေရပြီ။

ဖေဖေ့ကိုပဲ တမ်းတနေမိသည်။

ညဦးနက်မှ အိပ်ပျော်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းတာနဲ့ ဆက်ခနဲ နိုးတာ မမအကျင့် ဖြစ်နေသည်။

အကျင့်ပဲ ...

ဆင်းရဲ ဓာတ်တာများ ပါနေလားပဲ။

နေမြင့်အောင် မအိပ်တတ်။

ဖေဖေနဲ့ ညီမလေး စားသောက်ရေး အဆင်မပြေမှာ ပူမိသည်။

ထို့ကြောင့်ပင် ...

မနက်အစောကြီး နိုးနေတတ်တာ အကျင့်ဖြစ်နေသည်။

အိပ်ရာမှထ၏။

မျက်နှာသစ်ပြီး အဝတ်အစားလဲသည်။

ဖေ ဝယ်ပေးတဲ့ အဝတ်အစားတွေ ဝတ်ရင်ကောင်းမလား။

ရှက်စရာကြီး ...

မိန်းကလေးက ဣန္ဒြေသိက္ခာနဲ့ နေထိုင်ပြရမယ်။

သော်ကမြိုင်က ဂုဏ်သိက္ခာပိုင်းကို အလေးထားသူဖြစ်သည်။

"မသွယ် ..."

"ဟင် မမ ... အစောကြီး ဘာလို့ ထလာရတာလဲ ..."

"ညီ့သည်အတွက် စားသောက်စရာတွေ ပြင်ဆင်ဖို့လေ"

"မမရယ် ..."



"မမက အမြဲတမ်း အစောကြီးထပြီး ပြင်ဆင်ပေးတတ်တာ အကျင့်ဖြစ်နေပြီလေ ..."

"မမရယ် ..."

မသွယ်ပင် မမကိုကြည့်ပြီး သနားနေမိသည်။

တကယ်ပဲ အပင်ပန်းခံတယ်။

ငယ်ငယ်လေးထဲက သော်ကမြိုင် မိသားစုအပေါ် ပူပင်နေတတ်သည်။

အားလုံးအတွက် ပူပင်နေတတ်၏။

"မမရယ် ... ငွေကြေး ချမ်းသာပြီး ဘာလို့အေးအေးချမ်းချမ်း စည်းစိမ်နဲ့ မနေရတာလဲ ..."

သူမ ...

မနက်စာအတွက် စားသောက်ဖွယ်ရာတွေ ပြင်ဆင် မိသည်။

"မမ ..."

"ဟင် ..."

ဖေရောက်လာသည်။

"ခဏလေးနော် ... ဖေ ဒီမှာပြင်လို့ မပြီးသေးဘူး ... ဗိုက်ဆာပြီလား ..."

"မဆာပါဘူး ... မမကို ကူညီမလို့ပါ ..."

"ဟာ ... မကူညီပါနဲ့ ..."

"ဟင် ... မမကို ဘာလို့ကူညီရမှာလဲ ... အေးအေးဆေးဆေးနေပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာဘဲ ... မမကို ပင်ပန်းမှာ စိုးရိမ်လို့ ..."

"ဇေ ထိုင်နေပါကွယ် ..."

"မမ ..."

"ဟင် ..."

"အရမ်းပင်ပန်းနေပြီ ထင်တယ် ..."

ဇေ ...

မမကိုကြည့်မိသည်။

မိန်းကလေးပီသလွန်းတဲ့မမကို သနားနေမိ

နှစ်သက်မြတ်နိုးနေရသည်။

"မမ ..."

"ဟင် ..."

"ဇေလည်း ဒီလိုကိုယ်တိုင် ပြင်ဆင်ပြီး ... စားသောက် အရမ်းပျော်တာပဲ ..."

ဇေပြောပြီး စားပွဲပေါ်သို့ ပန်းကန်တွေချပြီး ပြင် ပေးနေမိသည်။

"ဇေ နေစမ်းပါကွယ် ... မမ လုပ်ပါ့မယ် ..."

"မမနဲ့ ဇေ အတူတူလုပ်ရတာ ပျော်လို့ပါ ..."

"ကဲ ... ကဲ ... ဒါဆိုလည်း လုပ်ပါနော် ... ရှင့်သဘော

မမကို ဇေတမင်တကာ ဝိုင်းကူလုပ်ပေးနေခြင်း ဖြစ်သည်။

လှပတဲ့ မမမျက်နှာလေးကို ငေးစိုက်ကြည့်နေ

"ဇေ ..."



"ဟင် ..."

"မမပေါင်မုန့်ကို မီးကင်ရဦးမယ် ... ဇေ ကြိုက်တယ် မဟုတ်လား ..."

"ဇေ ကင်မယ် ..."

"ရပါတယ် ..."

"ပေးစမ်းပါ ... ဇေလည်း အားလုံးလုပ်တတ်တယ် ... မမ ထိုင်ကြည့်နေ ..."

"မထိုင်ပါဘူး ... ရှင်လုပ်နေတာကို ကျွန်မက ထိုင်ကြည့်နေရမလား ..."

"အင်း ..."

"မကြည့်ပါဘူး ... ဇေက ဧည့်သည်ပဲ ရှင်ထိုင်နေ ..."

"ဇေ့ကို ဧည့်သည်လို သဘောမထားပါနဲ့ မမရာ ... မိသားစုဝင်တစ်ယောက်လိုပဲ သဘောထားပါ ..."

မိသားစုဝင်တဲ့။

ရှင်က ညီမလေးနဲ့ လက်ထပ်ရမယ်ဆိုတာ သိနေပြီ တယ်။

ဒါပေမဲ့ ...

ဇေကလည်း ညီမလေးကို လုံးဝ စိတ်မဝင်စားသလို နေသည်။

ဘာအကြောင်းမှလည်း မမေး ...

မပြောပေ။

"ညီမရေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ပန်းကန်တွေ ဆေးပါဦး ... တော်ကြာ ဖေက ဝင်ဆေး
နေပါဦးမယ် ..."

"ဟုတ်ကဲ့ မမကြီး ..."

မသွယ်သမီး ညီမကလည်း အိမ်မှုကိစ္စတွေ
သွက်လက်စွာ ဝိုင်းကူကြသည်။

အားလုံး တက်ညီလက်ညီ ရှိ၏။

"မမ ..."

"ဟင် ..."

"ဖေ ဝယ်ပေးထားတဲ့ ... အဝတ်အစားတွေ ဘာလို့
တာလဲ ..."

"အိမ်မှာနေတာပဲကွယ် ... အပြင်သွားရင် ဝတ်မှာပေါ့

"ဟာ အိမ်မှာလည်း လှလှပပလေးပြင်ပြီး နေစမ်းပါ
မမကို အမြဲတမ်းလှပနေစေချင်တာပါ ..."

"မမကတော့ ... အိမ်မှုကိစ္စတွေနဲ့ လုံးထွေးနေရ
ပျော်တာပါ ..."

"မမရာ ... ကိုယ်က ငွေကြေးဥစ္စာတွေပေါများပြီး
ဒီလောက်အထိ စုတ်စုတ်နုတ်နုတ် နေရတာလဲ မမရာ

"ဖေဖေနဲ့ ညီမလေးအတွက်ပဲ မမဘဝကိုပေးအပ်ထား
တယ်လေ ..."

"ထားတာလည်း ထားပါ ... ဒါပေမဲ့ ... ကိုယ့်ပျော်ရွှင်မှု
လည်း ဂရုစိုက်ထားသင့်ပါသေးတယ် ..."



"အင်းပါ ဖေရယ် ... မမ စိတ်တွေ ဖေရောက်လာမှ ပျော်
ရွှင်သွက်လက်လာရသလိုပဲ ... အထီးမကျန်တော့ဘူးပေါ့"

သော်ကမြိုင်ဘဝတွင် အဖေက စီးပွားရှာပြီး ညီမ
သာ သွားချင်ရာသွားနေသည်။

အထီးကျန်လွန်းနေ၏။

ဖေရောက်လာတော့ သူမဘဝ စိုပြည်လာရသလို
ရသည်။ ဂရုတစိုက်နှင့် ပြောဆိုနေတတ်တဲ့ ဖေကြောင့် ပျော်
တွေ ရှိလာရ၏။

"မမ ..."

"ဟင် ..."

"တွေ့လား ... ပေါင်မုန့်မီးကင် အိုကေတယ် မဟုတ်လား"

"အင်း ... အိုကေတယ် ... ဖေက လုပ်တတ်သားပဲ"

"ဖေနဲ့ မမက ဒီနေရာမှာတော့ ဝါသနာချင်းတူတယ် ...
ဖေလည်း အိမ်မှာဆို ကိုယ်ကိုယ်တိုင် လုပ်ရမှ ကျေနပ်တာ"

"တော်ကြာ ... ညှို့သည်ပါ အလကားမနေရဘူး ဖြစ်နေပါ
ဦးမယ် ဖေရယ် ... မမက စိတ်ပူတတ်တယ် ..."

"ဖေက ဒီမှာအခန့်သားနဲ့ စိမ်းစိမ်းကြီး မနေချင်ပါဘူး မမ
ရယ် ... မမနဲ့အတူ ဝိုင်းကူလုပ်ကိုင်ပေးချင်တယ် ... ဖေ
ရောက်လာလို့ မမကိုလည်း မပင်ပန်းစေချင်ပါဘူး ..."

စားသောက်စရာတွေက ပြင်ဆင်ပြီးသွားသည်။

မြန်မာ့ရိုးရာ စားစရာမုန့်တွေအစုံ မမက ပြုလုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



မမ ... အရမ်းတော်တာပဲ ... ။

မမနဲ့ လက်ထပ်ရတဲ့ ယောကျ်ားကတော့ အရ
စိတ်ချမ်းမြေ့ပြီး ပျော်ရွှင်စရာကောင်းမှာပဲဟု တွေးနေမိသည်။

"ဓေ ... "

"ဗျာ ... "

"စားလေ ... "

"မမရော စားလေ ... "

မမကော်ဖီကို ဓေ့ကို ကိုယ်တိုင်တယုတယ
ပေးမိသည်။

"မမအတွက် ... "

"ကျေးဇူးပဲ ... "

"မမ ပင်ပန်းနေတာကို ဓေ တကယ်မကြည့်ရက်ဘူး

သော်ကမြိုင် နည်းနည်းတော့ ထူပူပြီး ရှက်သွ
ရသည်။ ကော်ဖီခွက်ကိုသာ ငုံ့သောက်နေမိ၏။

ဓေရယ် ...

မင်းက ညီမလေးအတွက်ပဲ ဖြစ်သင့်ပါတယ်။

"မမနော် ... ဒီညွှံသည်ကို သွေးသွေး လုံးဝစိတ်မဝင်
ဘူး ... မမပဲ ညွှံခံ ... သွေးသွေးမှာ ချစ်သူရှိတယ် ...

သွေးသွေးကတော့ အပြတ်သားဆုံး ပြင်းဆန်
သားဖြစ်သည်။



အခန်း(၁၀)

"မောင် ... "

"ဟင် ... "

"ကျွန်မကို အိမ်က သဘောတူတဲ့လူတစ်ယောက်နဲ့ လက်ထပ်ပေးတော့မယ် ... "

မောင့်ဘက်မှ အေးစက်နေ၍ သူမ စိတ်ပူပြီးပြောမိသည်။

လုပ်ငန်းတွေအကြောင်းပြပြီး မောင် သွေးသွေးမြိုင်
ဆီက အရှင်းအနှီးတွေ တောင်းထား၏။

"မောင် လုပ်ငန်းတွေ ဘယ်လိုပြရမလဲ ဟင် ... "

"သွေးက မောင့်ကို မယုံလို့လား ... "

"မဟုတ်ပါဘူး ... မောင် သွေး မိုက်ဆံတွေယူတာများနေ
လို့ပါ ... အိမ်က မေးနေပြီလေ ... "

"သွေး ကိုယ် သိပါတယ်နော် ... မင်းမိဘတွေက မင်း

www.burmeseclassic.com



သဘောပဲ ... မင်း သုံးချင်တိုင်းသုံး ... ဖြုန်းချင်တိုင်းဖြုန်းလို့ ရနေတာပဲ ... ”

မင်းမောင်မောင်ကတော့ သွေးသွေးကို လက်ထပ်ဖို့ စိတ်ကူးထဲမှာပင်မရှိ။

လုပ်ငန်းလုပ်ဖို့ ငွေတွေတောင်းတယ်ဆိုတာလည်း ဘာလုပ်ငန်းမှမလုပ်။

သွေးသွေးမြိုင်ကို ဘယ်လိုပတ်ရမလဲပဲ စဉ်းစားနေမိသည်။

“မောင် ... ကျွန်မတို့ ဘယ်တော့လောက် လက်ထပ်ကြမလဲဟင် ... ”

မောင် ...

သူမကို ပတ်နေပြီလား။

အလုပ်အကိုင်နဲ့ ပတ်သက်ပြီး ဘာမှမယ်မယ်ရရ မပြပေ။

သွေးသွေးမြိုင် စိတ်ပူမိသည်။

“သွေး ... ”

“ဟင် ... ”

“မင်းက မောင့်ကို မယုံတာလား ... ”

“သွေးတို့ ဘယ်တော့လက်ထပ်ရမလဲဆိုတာပဲ ပြောစမ်းပါ”

မောင့်ကို မယုံတော့ ...

သူမ စိတ်ထဲမှာ မောင်ပတ်နေသည်ဟု ထင်လာသည်။



“သွေးရယ် ... မကြာခင် မောင်တို့လက်ထပ်မှာပါ ... မောင့်မှာ စီးပွားရေးလုပ်ငန်းအတွက် နယ်ထွက်ရဦးမယ် ... ”

“မောင်နဲ့ ကျွန်မ လက်ထပ်ဖို့အတွက်လည်း စဉ်းစားပါဦး... မောင့်ကို အိမ်ခေါ်လာဖို့ မမက ပြောနေတယ် ... ဖေဖေ ရောက်လာရင်တော့ ... မောင် ငြင်းလို့မရဘူးနော် ... ”

“အင်းပါ ... မောင်လိုက်မှာပါ ... သွေး ဘာလို့ ပူပင်သောကတွေ ရောက်နေရတာလဲ ... မောင့်ကို ယုံစမ်းပါ ... ”

သွေးသွေးမြိုင်လို ရှုစ်စပ်ကဂျင်ဂျင်လည်နေတဲ့မိန်းမတစ်ယောက် အခုတော့ ထိနေပြီလား မသိပါဘူး။

မောင်က ရှောင်နေသည်။

အိမ်ကိုခေါ်လို့လည်း မရပေ။

အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေသည်ဟု ထင်မိသည်။

မောင့်ကို မယုံတော့ ...

သွေးသွေးမြိုင် ကားကို ရောင်းပြီးပေးရသည်။

အစ်မဆီကလည်း ငွေမကြာခဏ တောင်းနေရ၏။

ဘယ်လိုအကြောင်းပြရမလဲ။

ဖေဖေရောက်လာရင်တော့ သွေးသွေးမြိုင်ရှင်းရမှာ။

မောင့်ကို ပြရမယ်။

သွေးသွေးမြိုင်ကတော့ မောင်နဲ့လက်ထပ်ဖို့ စီစဉ်ရ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့ မောင်လက်ထပ်ပြီးမှ စီးပွားရေးလုပ်ငန်းတွေ လုပ်လည်းရတာပေါ့ ..."

"မောင် သိပါတယ် ... သွေးဘာမှစိတ်မပူပါနဲ့ ... ငွေပဲပေးပါ ... လုပ်ငန်းတွေ အများကြီးလုပ်ဖို့ ရှိနေတယ် ... မင်းယုံပါကွာ ... ဘာလဲ မောင့်ကိုမယုံဘူးလား ..."

"ယုံပါတယ် ... သွေးသွေးက မောင့်ကို ချစ်လို့ ဒီလောက်အထိ လိုက်လျောနေတာပါနော် ... ကျွန်မ ဘဝမှာ ဘယ်ယောကျ်ားကိုမှ စွဲလမ်းနှစ်သက်ခဲ့တာ မရှိပါဘူး ... မောင့်ကို ယုံပြီး ပုံအပ်ခဲ့တာပါနော် ..."

သွေးသွေးမြိုင်တော့ ဝန်ဝင့်လည်နေပြီလားတောင် မသိဘူး။

မောင်နဲ့ကျမှ သွေးဘက်ကပဲ အကုန်အကျတွေများနေသည်။

အမြဲတမ်း ...

ပေါ့ပေါ့ပါးပါးနှင့် နေချင်သလို နေလာတဲ့ သွေးသွေးမြိုင်ပါ။

ဖေဖေကရော မမကပါ သွေးသွေးမြိုင်ကို အရမ်းချစ်ပြီး အလိုလိုက်ကြသည်။

ဆိုးချင်တိုင်း ဆိုး ...

ပေချင်တိုင်းပေပြီး နေလာခဲ့တဲ့ သွေးသွေးမြိုင်တစ်ယောက် မောင်နှင့်ကျမှ အရှုံးပေးရသလို ဖြစ်နေသည်။

ငွေတွေ လက်လွှန်နေ၏။



မောင်လုပ်ငန်းလုပ်မည်ဆို၍ သွေးသွေးမြိုင် ပေးထားရသည်။

"ဒီကားက ကောင်းသားပဲ ... သွေးသွေးမြိုင်ကို တစ်စီးထပ်ဝယ်ပေးလိုက်ပြီလား ..."

"ဟင့်အင်း ... ဒါက မမကားပါ ... သွေးသွေးမြိုင် ခဏစီးလာတာ ..."

မမကားကိုပါ မောင်က မျက်စောင်းထိုးချင်နေသေးသည်။

မဖြစ်ဘူး ...

မမကတော့ ကားတစ်စီးဝယ်ပေးဖို့ စီစဉ်နေသည်။

မောင့်ကို မယုံရတော့ ...

"သွေး ..."

"ဟင် ..."

"မောင့်ကို ယုံပါကွာ ... မင်းနဲ့အတူနေဖို့ မောင် စီးပွားရေးလုပ်နေတာပါ ... သွေးယုံရဲ့လား ..."

"ယုံပါတယ် ... မောင်နဲ့ကျမှ သွေးအချစ်ဆိုတာ သိလာတာပါ ..."

"ဒါဆိုလည်း မောင့်ကိုနားပူအောင် မလုပ်ပါနဲ့ကွာ ... သွေးအဖေလာရင် ... မောင်လိုက်တွေ့မယ် ... လူကြီးစုံရာနဲ့ တောင်းမယ် ... ကဲ ... သွေးကျေနပ်ပြီလား ..."

"အင်းပါ ... မောင် ဖေဖေ့ကိုတော့ ရှောင်လို့ရတော့ဘူးနော် ... ကျွန်မတို့ လက်ထပ်ပြီးရင်လည်း ဖေဖေက အမွေ

www.burmeseclassic.com

www.burmeseclassic.com



တွေ ပေးမှာပါ ... ”

“စိတ်ချ ... လောလောဆယ်တော့ မောင်လုပ်ငန်းတွေမှာ ငွေတွေ မြှုပ်နေရတယ် ... ”

“သွေးသိပါတယ် ... နိုင်သလောက်လည်း သွေးပေးနေတာပဲ ... မောင့်ကို သွေးဘယ်လောက်ချစ်လဲဆိုတာ မောင်အသိနော် ... ”

“မောင်သိပါတယ် ... သွေးလည်း မောင့်ကိုယုံပါ ... ကဲ ဘာစားမလဲပြော ... ဘယ်သွားမလဲ ... ”

“သွားလေ ... မောင်သွားတဲ့နောက်ကို ကျွန်မလိုက်မယ်”

မောင်က ကားပေါ်တက်သည်။

သွေးသွေးမြိုင် မောင့်ကို ချစ်မိပေမဲ့ မောင်က ဆင်းရဲ၏။

ဘာမှ အခြေအမြစ်မရှိ။

ရုပ်က ချောသည်။

အပြောကောင်းတဲ့သူ ...

ရှစ်စပ်ကဂျင်ဂျင်လည်လာတဲ့ သွေးသွေးမြိုင်လည်း မောင်နဲ့ကျမှ ကျဆုံးခန်းကို ရောက်နေပြီလား။

စိတ်ပူလာမိသည်။

မောင့်အကြောင်းတွေကို သွေးသွေးမြိုင် သိပ်မသိပေ။

“ကဲ ... ဘာမှ မပူနဲ့တော့ မောင်တို့လျှောက်လည်ကြမယ် သွေး ... ”



မောင်က ကားကိုပေါ့ပါးသွက်လက်စွာ မောင်းနှင်နေသည်။ သွေးမှားပြီလား။

မောင့်ကို မင်းမောင်မောင်ဆိုတဲ့ နာမည်ကလွဲပြီး ဘာမှ မသိ။ နေရပ်လိပ်စာပင် အတိအကျ မပြောပြခဲ့။

“မောင် ... ”

“ဟင် ... ”

“မောင်တို့အိမ်ကို သွေးလိုက်လည်မယ် ... လူကြီးတွေနဲ့လည်း တွေ့ရတာပေါ့ ... ”

“သွေးရာ ... မင်းက ဘာဖြစ်လို့ မောင့်အိမ်ကို လိုက်လည်ချင်ရတာလဲ ... မောင့်မိဘတွေက မိန်းကလေးတစ်ယောက် အိမ်လာလည်ရင် ... အထင်သေးမှာစိုးလို့ပါ ... ”

မောင် လိမ်နေတာပဲ ...

ကျွန်မကို ရှောင်နေတာပါ။

စိတ်ထဲမှာ မောင့်ကို မယုံမကြည်ဖြစ်လာရသည်။

စိတ်ပူလာရ၏။

မောင်အိမ်ကိုတောင် မခေါ်ရဲလောက်အောင် မောင့်မှာ အိမ်ရောရှိရဲ့လား။ သွေးသွေးမြိုင် စိတ်ပူလာမိသည်။

“မောင် ... ”

“ဟင် ... ”

“သွေး ပြန်တော့မယ် ... ”

“ဘာဖြစ်လို့လဲသွေး ... မောင့်အိမ်ကို လိုက်မလည်ရလို့ သွားက စိတ်ကောက်တာလား ... ”

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး … ကျွန်မ အိမ်ပြန်ချင်လို့ပါ … စိတ်ထဲမှာ တစ်မျိုးကြီးပဲ နေမကောင်းချင်သလိုကြီးဖြစ်လာလို့ပါ”

ကားရပ်လိုက်သည်။

သွေးပြန်တော့မယ်။

မောင့်ကို အလျှော့ပေးလို့ မဖြစ်နိုင်ပေ။

“သွေး …”

“ဟင် …”

“မောင့်ကို မယုံလို့လား …”

“ကျွန်မ ပြန်တော့မယ် …”

“သွေး … မောင့်ကို မချစ်လို့လားကွာ … မောင့်မှာ လောလောဆယ် လုပ်ငန်းမပြနိုင်သေးလို့ သွေးက အထင်သေးတာလား …”

“သွေးဘာမှ မပြောချင်တော့ဘူး … မောင်လောလောဆယ် သွေးနေမကောင်းချင်သလို ဖြစ်လာလို့ပါ …”

ကားရပ်လိုက်သည်။

သွေး ပြန်တော့မယ်။

မောင့်ကို အလျှော့ပေးလို့ မဖြစ်နိုင်ပေ။

“သွေး …”

“ဟင် …”

“မောင့်ကို မယုံလို့လား …”

“ကျွန်မ ပြန်တော့မယ် …”

“သွေး … မောင့်ကို မချစ်လို့လားကွာ … မောင့်မှာ လော



လောဆယ် လုပ်ငန်းမပြနိုင်သေးလို့ သွေးက အထင်သေး တာလား …”

“သွေး ဘာမှမပြောချင်တော့ဘူး မောင် … လောလော ဆယ် သွေးနေမကောင်းချင်သလို ဖြစ်လာလို့ပါ …”

သွေးပြန်ချင်ပြီ။

မောင့်ကိုလည်း သွေးတင်းလို့မဖြစ်သေးပါဘူး။

ငွေကြေးတွေက လွှန်နေပြီ။

“သွေး …”

“ဟင် …”

“အချစ် …”

“ဆောရီး မောင် … ကျွန်မ ပြန်ချင်တဲ့ဆန္ဒတွေပဲ ပြင်းပြနေပြီ …”

သွေးသွေးမြိုင် မောင့်ကို နှုတ်ဆက်ပြီး ပြန်လာခဲ့မိသည်။

အိမ်ပဲ ပြန်တော့မယ်။

ကားကိုမောင်းပြီး အိမ်ပြန်လာခဲ့သည်။

ခြံထဲမှာ …

မမနှင့် ကိုဇေထိုင်နေသည်။

အေးချမ်းနေတဲ့ လူသားနှစ်ယောက်အဖြစ် တွေ့မြင်နေရ၏။

မမ …

ရှိုးနဲ့ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အလှအပတွေ ပြင်ထားသည်။

မမ ပျော်နေတာလား။

"သွေးအတွက် ဖေဒီကိုရောက်လာတာလည်း ဖြစ်နိုင်တယ် နော် ..."

မမစကားတွေကို ကြားယောင်လာမိသည်။

"သွေးသွေး ညီမလေးပြန်လာပြီလား ..."

သွေးသွေးကားပေါ်မှ ဆင်းလိုက်ပြီး မမတို့အနား လျှောက်သွားမိသည်။

"လာထိုင်လေသွေး ..."

မမနဲ့ ကိုဖေ ချစ်သူတွေများဖြစ်သွားကြပြီလား။

အရမ်းကို ကြည်နူးစရာကောင်းတဲ့ အတွဲလေးပဲ။

သွေးဝင်ထိုင်လိုက်သည်။

"သွေး အအေးသောက်လေ ... အလုပ်တွေများနေတော့ ညီမလေး မောပန်းလာတာလားကွယ် ..."

ညီမလေးမှ အလုပ်တွေများနေသယောင် သော်ဇာ မြိုင်ပြောလိုက်သည်။

ချစ်သူနှင့် တစ်နေကုန်လျှောက်သွားနေတာ သိ သည်။

ဖေက ညီမလေးကို အထင်မသေးစေလို၍ ဖြစ် သည်။

"အင်း ..."

"အအေးသောက်လေ ..."



သွေးသွေးကိုကြည့်ရတာ စိတ်ပင်ပန်းနွမ်းနယ်နေ သလိုပင်။

ညီမလေး ဘာဖြစ်လာလဲ ...

စိတ်ပူသွားရသည်။

"သွေးက စီးပွားရေးလုပ်ငန်းတွေ ထူထောင်ဖို့ အရမ်း အလုပ်များနေတာလေ ..."

ဖေ အထင်သေးမှာဆိုး၍ ဖေးမပြောနေရသည်။

ညီမလေး ဘာဖြစ်လာလည်းဆိုတာ မမေးရဲပေ။

ချစ်သူနှင့် အဆင်မပြေဖြစ်လာတာမျိုးလား။

ဒုက္ခပါပဲ ...

စိတ်ပူလိုက်တာ ...

သော်ဇာမြိုင် စိတ်ထဲမှာ ညီမလေးအတွက်ပဲ စိတ်ပူ သည်။ သွေးသွေး အအေးသောက်နေ၏။

"ကိုဖေ ..."

"ဟင် ..."

"အပြင်မသွားဘူးလား ..."

"မသွားဘူးသွေး ... အိမ်မှာ မမကို အဖော်လုပ်ပေးနေတာ လေ ..."

"မမနဲ့ ပေါင်းရင်တော့ ကိုဖေအိမ်ထဲမှာပဲ အရိုးဆွေးသွား မယ် ..."

"ရပါတယ် ... မမရဲ့ စိတ်တွေရော ... လူရော အားလုံးပြုပြင် ပြောင်းလဲပေးမလို့လေ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... မမက အရမ်းစိတ်ပူတတ်ပြီး အဘွားကြီး
ဖြစ်နေတာ ..."

"သွေးနဲ့ဖေ စကားပြောကြဦးနော် ... မမလက်ဖက်သု
လေးသွားသုပ်လိုက်ဦးမယ် ... သွေးသွေးကြိုက်လို့ ..."

"မသွယ်ကို ခိုင်းလိုက်ပါ မမရယ် ..."

ဖေက တားနေသည်။

သူမကတော့ သွေးသွေးနဲ့ဖေ့ကိုပဲ နီးစပ်စေချင်မိ

သူမ အသက်အရွယ်က ဖေ့ထက်ကြီးသူဖြစ်ေ
သည်။

ဣန္ဒြေသိက္ခာနဲ့နေရမယ်။

"ရပါတယ် ... မမကိုယ်တိုင်သုပ်မှ သွေးကကြိုက်တ
မဟုတ်လား ..."

"မမ ..."

"ဟင် ..."

"သွေးကို သံပရာရည်တစ်ခွက်ပါဖျော်ပေးနော် ..."

"အေး ... အေး"

မမထသွားစေရန် တမင်ခိုင်းလိုက်ခြင်း ဖြစ်သည

ကိုဖေက မမကို အရေးအရာလုပ်လွန်းသည်ဟု ထ
မိ၏။

သွေးစိတ်ထဲမှာ ကိုဖေ့အပေါ် စိတ်ဝင်စားသလို ဖြ
သွားရသည်။

မောင်နဲ့ တခြားစီပဲ ...



ကိုဖေက ယောကျ်ားပီသပြီး တည်ကြည်ခန့်ညားသူ
သင်။

အလုပ်အကိုင်နှင့် မိဘကလည်း အခြေအမြစ်ရှိသူ
ဖြစ်သည်။

မောင်ကတော့ ... သွေးမှားပြီ ထင်တယ်။

မောင့်အခြေအနေကို ဘာမှ မစုံစမ်းမိ ချစ်ခဲ့မိသည်။

"ကိုဖေရော ... ဘာအကူအညီလိုသေးလဲ ... လိုအပ်တာရှိ
ရင် ကျွန်မကိုပြောလေ ..."

"မလိုပါဘူးသွေး ... ကိုယ်က အနားယူတဲ့သဘောမျိုးပါပဲ"

သွေးသွေးမြှင်က မမကို နိုင်းတာမျိုး သူသဘော
ကျမိပေ။

မမသနားပါတယ်။

ညီမလေးအပေါ် အလေးအနက်ထားကြောင်းသိ
နေသည်။

အရာရာ အနစ်နာခံတတ်တဲ့မမပါ။

ဖေ့ရင်ထဲမှာ ထိခိုက်ကြေကွဲမှုတွေ ခံစားနေရသလို
သင်။

အကြာကြီးနေမှ ...

လက်ဖက်နှင့်အအေးကို ဗန်းလေးနဲ့ထည့်ပြီး မမပြန်
ရောက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

ကိုမင်းမောင်မှောင်
သွေးအပေါ် သစ္စာမဲ့နေပြီလား။
ခုထိ အဆက်အသွယ်မရသေးဘဲ ဖြစ်နေသည်။
သွေး ဘယ်လိုလုပ်ရမလဲ။
ဒုက္ခပါပဲ ...
ဖေဖေလာတော့မယ်။
ဘယ်လို စာရင်းပြရမလဲ။
မောင် ...
ကျွန်မကားတောင် ရောင်းပြီး မောင့်ကိုအရင်းအနှီး
ပေးခဲ့သည်။

မောင်က မဆက်သွယ်ပေ။

ညက ... ကိုဇေနဲ့သူမ အကြာကြီးထိုင်ပြီး စကား
တွေပြောမိကြသည်။



ကျွန်မဘက်က ကိုဇေ့အပေါ် စတင်ဂရုစိုက်လာ
တာပဲ။

ကိုဇေ ... ရှင်က တကယ်ကိုယောကျ်ားပီသတဲ့
ယောကျ်ားတစ်ယောက်ပဲ ...

စီးပွားရေးလုပ်ငန်းတွေမှာလည်း အောင်မြင်နေ
သည်။

သွေးမှားနေပြီ ...
ကိုဇေ့ကို ရွေးချယ်ရတာမှ မှန်ဦးမယ်။
ဟုတ်တယ် ...
သွေးရွေးချယ်သင့်တာ ကိုဇေ ...
မမနဲ့များ ...
မဖြစ်သေးပါဘူး။
ကိုဇေနဲ့ ရင်းနှီးအောင်လုပ်တော့မှ ဖြစ်သည်။
သွေးသွေးမြိုင်တို့ကတော့ ဘာမဆို ကိုယ့်အတွက်
ပဲ ကြည့်ရမယ်။

မမနဲ့ကိုဇေများ ...
ဘာဖြစ်လဲ။
သူမကတော့ ဘယ်အရာမျိုးမဆို ရအောင်ယူရမှာပဲ။
"ညီမလေးနဲ့ နီးစပ်စေချင်လို့ လွှတ်လိုက်တာဖြစ်နေဦး
မယ် ..."
မမကပြောခဲ့သည်။
ဟုတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကလည်း သွေးသွေးမြိုင်အတွက်ပဲ စိတ်ပူထား ပါ။

"သွေးသွေးမြိုင်က အရမ်းအလုပ်ရှုပ်တယ် ... စီးပွားရေးရှေ့ သူပဲ လုပ်နေရတာ ... "

မမက သူ့ကို ကာကွယ်ပြီး ပြောနေသည်။

ကိုဇေ့ကို သွေးအတွက်ပဲ မမကရည်ရွယ်ပြီးထားနေ တာပါ။ ဟုတ်မယ်။

အမိအရဖမ်းထားမှ ...

သူမကတော့ ကိုဇေ့အနားကပ်ဖို့ ဆုံးဖြတ်လိုက်ပါ သည်။ အိပ်ပျော်အောင် အိပ်လိုက်၏။

တီးလုံးသံလေး ပေါ်လာ၍ သူမဟာမ်းဖုန်းမှ ဖုန်း ခေါ်နေကြောင်း သိလိုက်သည်။

ဖုန်းကိုကြည့်လိုက်တော့ မောင်ဆက်နေကျအဆင် ဖြစ်၏။

မပြောချင်တော့ ...

သူမ စိတ်တွေက ကိုဇေ့ထံပဲ ရောက်နေကြသည်။

မပြောလို့ မဖြစ်ဘူး။

ငွေကြေးကိစ္စတွေက ရှိသေးသည်။

"ဟဲလို ... "

"အချစ်လား ... "

"ဟင် ... "

"ချစ် ... "



မောင် ... သွေးကို အရမ်းချဲ့ပြနေသည်။

မောင့်အပေါ် အရင်ကလောက် စိတ်မပါတော့။

ငွေကြေးကိစ္စရှင်းရမယ်။

"အိပ်ပြီလား ချစ် ... "

"မောင် ... ကျွန်မဆီ အခုမှဘာလို့ ဖုန်းဆက်ရတာလဲ ... မောင် ရှောင်နေတာ မဟုတ်လား ... "

"သွေးကို မောင်ရှောင်နေတာ မဟုတ်ပါဘူး ... မောင့်ရဲ့ စီးပွားရေးလုပ်ငန်းတွေက ရှိနေသေးတယ်လေ ... သွေးနဲ့ မောင့်ဘဝပါ ... မောင်ကြိုးစားနေတာ ... "

"ဟုတ်လို့လား ... "

"တကယ်ပါ ... အခုမောင်အိပ်လို့တောင် မပျော်ဘူး ... သွေးဆီ ဖုန်းမဆက်ရသေးလို့ ... "

"မောင် ... "

"ပြော ... "

"ကျွန်မကိုတော့ ယုံကြည်အောင် မောင်နေပြပါ ... "

"အင်းပါ ... ကဲ ... မနက်ဖြန် သွေးမမနဲ့ မောင်လာတွေ့ ရမလား ... "

ဒါကျတော့ ... သူမ လန့်သွားရသည်။

မမနဲ့တွေ့ရင် ကိုဇေက သူမကို ချစ်သူရှိတယ်ဆိုတာ သိသွားဦးမယ်။

သိလို့ မဖြစ်ရဘူး။

မောင်က စိတ်မချရ ...

www.burmeseclassic.com

www.burmeseclassic.com



သွေးသွေးမြိုင်ကို ပတ်နေသည်ဟု ထင်မိလာသည်

"သွေး ..."

"ဟင် ..."

"မောင်လာရမလား ..."

"မလာပါနဲ့ဦး ... ဖေဖေလာမှ တွေ့မယ် ... အခုလော လောဆယ်တော့ အိမ်မှာညှော်သည်ရောက်နေလို့ ..."

"မင်းနဲ့လက်ထပ်ပေးမဲ့ ယောက်ျားလေးလား ..."

"မောင် ဒါပဲနော် ... သွေးအိပ်ချင်ပြီ ..."

"သွေး ဘယ်လိုဖြစ်တာလဲ ... အေးစက်လှချည်လား ... မောင့်ကို ဘယ်လိုဆက်ဆံတာလဲကွာ ..."

"မနက်ဖြန်မှ တွေ့ကြမယ်နော်မောင် ..."

"အင်း ..."

"သွေးအိပ်ပြီ ..."

ဖုန်းပိတ်လိုက်သည်။

ကျွန်မ ... ဘာဖြစ်သွားတာလဲ။

မောင့်ကို စိတ်မဝင်စားသလိုကြီး ဖြစ်လာရသည်

မယုံတော့ဘူး ...

သွေးကိုပတ်နေပြီ။

သိပါတယ် ...

လူသိရှင်ကြားလုပ်လို့ မဖြစ်သေးဘူးဟု ထင်လာသည်။

အိပ်တော့မယ်။



ဘာမှ မစဉ်းစားတော့ဘူး။

ကိုဇေ ...

ကျွန်မ စိတ်ဝင်စားနေပြီ။

ရှင့်ပဲ ရွေးချယ်သင့်တယ်။

ဟုတ်တယ်။

ကျွန်မ ရှင့်ကိုပဲ ရွေးချယ်တော့မယ်။

အိပ်ရာက နိုးတော့ သူမထပြီး အလှအပပြင်သည်။

"မမ ..."

"ဟင် ... သွေး"

"မမနဲ့ မနက်စာ အတူတူစားမလို့ ..."

"ဟယ် တကယ် ... ညီမလေးတစ်ခါမှ မစားပါဘူး"

"အခုစားမှာ ..."

"ထိုင်နေဦးနော် ... မမစီစဉ်မယ်"

ညီမလေး အစောကြီးထလာပြီး မနက်စာစားဖို့ ပြောရ၍ အံ့ဩနေမိသည်။

ဇေလည်း ရောက်လာ၏။

"မမ ဧဘာကူညီရမလဲ ..."

"ဟင် ... ကိုဇေက မမကိုမနက်တိုင်းကူညီနေတာလား"

"ဟုတ်တယ်သွေး ... မင်းရောအစောကြီးရှိနေတာပါလား"

"မနက်စာ အတူစားမလို့ ..."

"အိုကေ ... ဒါဆို မမကိုဝိုင်းကူဦး ..."

"ရပါတယ် ... ထိုင်နေကြပါ ... မမက အရေးမကြီးပါဘူး

www.burmeseclassic.com



ဘာမှအရေးမကြီးပါဘူး ... တစ်ယောက်တည်းလုပ်မယ်"

"မရဘူး ... မမပင်ပန်းမှာ ကိုဇေမကြည့်ရက်လို့ သွေးထိုင်ချင်ထိုင်နေ ... ကိုယ်တော့ လုပ်ရမှာပဲ ..."

"သွေးလည်း လုပ်ပါ့မယ် ... ကိုဇေနဲ့အတူတူလေ ..."

သွေးသွေးကပါ ဝင်လုပ်နေသည်။

ဒီကောင်မလေး ထူးခြားနေ၏။

ဘာကြောင့်လဲ ...

ကိုဇေ့အပေါ် တရင်းတနှီးပြောဆိုဆက်ဆံနေသည်။

ထူးခြားတာပဲ။

ညီမလေး ချစ်သူနဲ့များကွဲကြပြီကြ ဖြစ်နေပြီလား။

မနက်စာမပြောနဲ့ ညစာပင် ညီမလေးနဲ့အတူစားဖို့မဆုံဖြစ်ကြ ...

သော်ကမြိုင် စိတ်ထဲမှာ စူးနင့်ကြေကွဲမှု ခံစားနေရသလိုပင်။

သွေးသွေး ...

ထူးခြားနေတယ်။

ဇေ့ကိုများ ...

အင်းလေ ...

ဖြစ်သင့်တာပါပဲ။

သော်ကမြိုင်ကလည်း ညီမလေးနဲ့ သွေးသွေးကိုနီးစပ်စေချင်တာပါ။

"မမ ..."



"ဟင် ..."

"ဟိုအရှုပ်မလေးရောက်လာတာနဲ့ မမနဲ့ဇေမနက်စာ စားရတဲ့ ဗီးလ်တွေတောင် ငုတ်သွားပြီ ..."

ညီမလေးသွေးသွေးမြိုင်က စားပွဲမှာ ထိုင်နေသည်။

"ဇေ့ သွားထိုင်လေ ..."

"ဟင့်အင်း ... မမကိုပဲ ကူညီချင်တယ် ..."

"ဇေ ..."

"ဟင် ..."

"သွားထိုင်လေ ..."

"ဟင့်အင်း ..."

"မင်းက မမကိုလာရှုပ်နေသလို ဖြစ်နေပြီနော် ..."

"ဖြစ်ဖြစ်ဗျာ ... မမ တစ်ခုလုပ်ရင် ဇေလည်းတစ်ခုလုပ်ပေးချင်တယ် ... မမလုပ်နေတာကို အခန့်သားမစားချင်ပါဘူး"

"ကောင်လေး စကားမများနဲ့ ... သွေးနဲ့ သွားစကားပြောနေ ... ညီမလေးက ထူးထူးခြားခြား မနက်စာလာစားတာနော် ..."

သွေးသွေးနဲ့ ဇေ့ကိုပဲ နီးစပ်စေချင်ပါတယ်။

သူမက အရွက်အကြောက်ကြီးတဲ့ မိန်းကလေး ...

ကိုယ့်ထက်ငယ်တဲ့ကောင်လေးတစ်ယောက်ကိုစိတ်မဝင်စားသင့်ပါဘူး။

ဇေ့က သူမကိုကြည့်နေသည်။

အရမ်းကြင်နာတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ ..."

"ဟင် ..."

"ဘာတွေ စဉ်းစားနေရတာလဲ ..."

"ဘာမှ မစဉ်းစားပါဘူး ... ဇေ ရှင့်စကားမများစမ်းပါနဲ့ သွားလေ ..."

"မမစကားကို နားထောင်ပါ့မယ် ..."

ဇေထွက်သွားသည်။

စိတ်ထဲမှာ ပူလောင်နေ၏။

ဘာဖြစ်တာလဲ ...

ဖြစ်သင့်တာက အဲ့ဒါပဲ ...

"သမီးလေးနဲ့ နီးစပ်စေချင်လို့ ... ဇေယျာညီလာနေရတာ"

ဖေဖေကပြောသည်။

ညီမလေးအတွက်တဲ့ ...

ဟုတ်ပါတယ်။

ဖြစ်သင့်ပါတယ်။

ညီမလေးရှေ့ရေးအတွက်ပဲ သူမတို့သားအဖ စိတ်မအေးနိုင်တာပါ။

ချစ်သူရှိတယ်တဲ့ ...

ဘာဖြစ်ကြဖြစ်ပြီလဲ ...

စိတ်ပူလိုက်တာ ...

စားပွဲမှာ ညီမလေးနှင့်ဇေ ထိုင်ပြီး စကားတွေပြောနေသည်။



ကျွန်မ ...

ဝန်တိုနေတာလား။

မဟုတ်ပါဘူး။

ညီမလေးအပေါ် ကျွန်မ ဘယ်တော့မှ မနာလိုဝန်တိုဖြစ်ဘူး။

"ကဲ ... စားကြတော့"

"မမထိုင်လေ ..."

"အင်းပါ ..."

ညီမလေးအကြည့်တွေက သူမကို အနားမှာမရှိစေချင်တဲ့ သဘော။

သော်ကမြိုင် ဘယ်လိုရှောင်ပေးရမလဲ။

"မမရေ ဖုန်းလာတယ် ..."

"ဟင် ..."

အတော်ပဲ ...

မသွယ် လှမ်းအော်လိုက်သဖြင့် ထလိုက်ရသည်။

"ဘယ်က ဖုန်းလဲမသိဘူး ... မမဟာမ်းဖုန်းကို မဆက်ဘဲ အိမ်ဖုန်းကိုဆက်တယ် ... ဇေနဲ့သွေးစားနှင့်ကြ မမကိုစောင့်မနေနဲ့နော် ..."

ထလာခဲ့သည်။

ဖုန်းက သော်ကမြိုင်ရဲ့ယယ်သူငယ်ချင်းတစ်ယောက်ဖြစ်နေ၏။

"ဟဲ ... သော် ရှင့်ကိုတွေ့ချင်လို့ ... အိမ်လာရမလား ...

www.burmeseclassic.com

www.burmeseclassic.com



ရှင်က အိမ်တွင်းပုန်းပဲလေ ... ”

“ယမင်း ... ”

“ပြော ... ”

“ရှင် အဆက်ဖြတ်ထားလိုက်တာ ... လာခဲ့လေ ... ကျွန် အိမ်က စောင့်နေမယ် ... ”

“နေ့လယ်လာမယ် ... ”

“အင်း ... စောင့်နေမယ်”

ဖုန်းချသွားသည်။

သော်ကမြိုင်ကတော့ ဖုန်းကိုဆက်ကိုင်ထားမိ၏။

စားသောက်ခန်းထဲ မသွားချင်။

ညီမလေးက ရှိနေသေးသည်။

သူမကို ရှောင်ပေးချင်တဲ့အကြည့်တွေနှင့် ကြည့်လိုက်၏။ နီးစပ်ကြပါစေ။

ဇေ ...

မမကို အရေးမလုပ်ပါနဲ့ ...

ညီမလေးနဲ့ပဲ ဇေနီးစပ်ကြပါစေ။

“ကျွန်မ စိတ်မဝင်စားဘူးနော် ... ကျွန်မမှာ ချစ်သူရှိတယ် မမပဲ အိုကေလား ... ”

သွေး ...

ညီမလေး ဘာဖြစ်လို့ ဇေ့ကိုအရောတဝင် လုပ်နေရတာလဲ။

ဇေ့ကို စိတ်ဝင်စားနေပြီလား။



ဖုန်းကိုကိုင်ပြီး စကားဆက်ပြောချင်ယောင်ဆောင်နေလိုက်သည်။

အချိန်ဆွဲနေရ၏။

ဇေ ... မင်းနဲ့မမဝေးဖို့ စတင်ဖန်တီးနေပြီဆိုတာ မသိနေ ပြီ။

ကြည့်စမ်း ... ဖုန်းကလာတယ်။

ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။

“မမ ... ”

“ဟင် ... ”

“ဘာ ရပ်လုပ်နေတာလဲ ... ”

“ဖုန်းပြောနေတာလေ ... ”

“ဟုတ်လား ... ဖုန်းမချသေးဘူးလား ... ”

“အင်း ... ”

“မသိပါဘူး ... ”

“ဟိုမှာ ... ယမင် စကားကျောရှည်နေတာလေ ... ”

မသွယ်သိသည်။

မမက ညီမလေးနဲ့ ကိုဇေတို့ကို ရှောင်ပေးနေတာ ဟုတ်လား။

သနားလိုက်တာ ...

သော်ကမြိုင်ရဲ့ဘဝမှာ သွေးသွေးပဲ အရေးတကြီးဖြစ်နေသည်။ ဟိုဘက်က ဖုန်းချသွားပါပြီ။

အနစ်နာခံတတ်တဲ့မမ ...

www.burmeseclassic.com

www.burmeseclassic.com



"မမရှယ် ... ညီမလေး ဘဝအတွက် တကယ့်ကိုအနစ်နာခံတဲ့ မိန်းကလေးပါ ... "

"မသွယ် ... "

"ဟင် ... "

"ဇေ့ကို ညီမလေးနဲ့ပဲ နီးစပ်စေချင်တာပါ ... "

"ညီမလေးမှာ ချစ်သူရှိနေတယ်လေ ... "

"ညီမလေး ထူးခြားနေတယ် ... ဇေ့ကိုကပ်နေပြီ ... ချစ်သူနဲ့များ ပြဿနာဖြစ်နေလားပဲ ... "

"ကိုဇေကတော့ မမအပေါ်ပဲ အတော်လေးဂရုတစိုက်နဲ့ ကြင်နာတယ်နော် ... "

"မဖြစ်ပါဘူး ... ဖေဖေကပြောတယ် ... ညီမလေးနဲ့နီးစပ်ဖို့တဲ့ ... ညီမလေးနဲ့ ရင်းနှီးအောင်တဲ့ ... "

"မမ ... "

"ဟင် ... "

"သွေးသွေးက သူလုပ်ချင်တာတွေ လုပ်နေတတ်တဲ့ ... မိန်းကလေးနော် ... "

"အဲဒါကြောင့် စိတ်ပူရတာလေ မသွယ် ... "

"မမရယ် ... "

ဖုန်းအကြာကြီး ပြောနေပြီးမှ မီးဖိုခန်းထဲဝင်လာခဲ့မိသည်။



## အခန်း(၁၂)

"သော် ... "

"ဟင် ... "

"ဟိုလူက ... "

"ညှို့သည်ပါ ... "

"ရှင် ဒီလိုပဲ တစ်ယောက်တည်းနေတော့မလို့လား ... ရှင့်ညီမ သွေးကိုတော့ အတွဲနဲ့တွေ့ပါတယ်နော် ... "

"ညီမလေး ချစ်သူကို ရှင်တွေ့ဖူးလား ... "

"အင်း ... ကာရာအိုကေခန်းမှာ တွေ့ဖူးတာ ... "

"ဘယ်လိုနေလဲဟင် ... ဘယ်လိုပုံစံမျိုးလဲ ... "

"ရှင်မတွေ့ဖူးဘူးလားသော် ... "

"မတွေ့ဘူးလို့ပေါ့ ... ယမင်းသိတဲ့အတိုင်းပဲ ညီမလေးက နေချင်သလိုနေတာ ... ကျွန်မ စိတ်ပူနေလို့ ... "

"မဆိုးပါဘူး ... ခပ်ချောချောပဲ စတိုင်ကတော့ မိတယ်နော်

www.burmeseclassic.com

www.burmeseclassic.com



မင်းညီမလေးက ကြွေနေသလိုပဲ ... ”

“အဲ့ဒါပဲ စိတ်ပူနေတာ ... ညီမလေးအတွက် စိတ်အေ

အောင် ဖေဖေကလည်း စီစဉ်ချင်နေတာလေ ... ”

နေ့လယ်ကျတော့ ယယ်သူငယ်ချင်း ယမင်းရောေ

လာသည်။

“ယမင်း ... ”

“ဟင် ... ”

“အဲ့ဒီလူအကြောင်း စုံစမ်းပေးစမ်းပါ ... ကျွန်မညီမလေ

ဒုက္ခရောက်မှာစိုးလို့ပါ ... ”

“အင်း ... စုံစမ်းပေးမယ်လေ ... ”

“ကူညီပါဦးကွယ် ... သော်ကလည်း ဘာမှမသိဘူးအိမ်ထဲ

ပဲနေတာ ... ”

“သော် ... ”

“ဟင် ... ”

“ရှင်ရော အပျိုကြီးတစ်ကိုယ်တည်းနေမှာလား ... ”

“အပျိုကြီးပဲ လုပ်တော့မယ်ဟယ် ... အဖေနဲ့ညီမလေ

အတွက် စိတ်ပူရလွန်းလို့ သေတော့မယ် ... ”

“အဲ့ဒီလောက်လည်း မပူပါနဲ့သော်ရယ် ... ရှင်တဖြည်းဖြည်

နဲ့ အိုစာပြီး ... အဘွားကြီးဖြစ်တော့မယ် ... ”

“ဖြစ်လည်း မတတ်နိုင်တော့ဘူးဟယ် ... ”

“အခုတလော ရှင်နည်းနည်းလှပလာသလိုပဲ ... အဝ

အစားကအစ ပြောင်းလဲသွားသလိုပဲ ... ”



ဓေကြောင့်ပါ။

သူမအား လှပစေချင်တဲ့ဓေရဲ့ စေတနာပင်။

“ဓေက မမကိုလှပနေစေချင်တာပါ ... ”

ဓေ ... ညီမလေးက မင်းအနားကပ်နေတာ မမသိပါ

ဘယ်။

စိတ်မောလိုက်တာ ...

ဒုက္ခပါပဲ။

“သော်ရယ် ... ရှင်ဘဝ ဒီလောက်အထိ ပြည့်စုံနေတာပဲဟာ

ရှင်နေထိုင်တာ ရိုးအလွန်းပါတယ် ... တကယ့်ကို တော်တဲ့

မိန်းကလေးဖြစ်ပေမဲ့ ... ညီမလေးအတွက်ပဲ လုပ်မနေနဲ့ဦး

နော် ... ”

“အရေးကြီးတာက ညီမလေးပါပဲ ... အရမ်းစိတ်ပူတာပဲ

ယမင်းရယ် ... ”

ညီမလေးကို မွေးစားသမီးလေးဆိုတာ မသိကြ။

ယမင်းအေးအေးဆေးဆေးနေပြီး ပြန်သွားသည်။

ညီမလေး အပြင်ထွက်သွား၏။

“မမ ... ”

“ဟင် ... ”

“ပြောစရာရှိလို့ ... ”

ဓေ အနားရောက်လာသည်။

ဘယ်တုန်းကများ သူမကိုချောင်းနေသည်မသိပါ။

“ဘာပြောမလို့လဲဓေ ... ”

www.burmeseclassic.com

www.burmeseclassic.com



"မမ ဇေ့ကိုရှောင်နေလားလို့ ... "

"ဟာ ... မဟုတ်တာဘဲ ဇေ ... ဘာဆိုင်လို့လဲ ... မဓ
အလုပ်တွေ များနေတာ ရှင်အသိပဲ ... "

"ဇေက မမကိုပိုပြီးသံယောဇဉ်ရှိတာပါ ... "

သွေးသွေးမြိုင်ရောက်လာလျှင် မမကအနားမှ
မနေချင်ပေ။ အကြောင်းအမျိုးမျိုးပြပြီး ရှောင်နေတတ်လေ့ရှိသည်

ဇေ မကြိုက်။

သွေးသွေးမြိုင်ရဲ့ နေထိုင်ပြောဆိုမှုတွေကို သဘော
မကျမိပေ။

"ဇေ့ကို ရှောင်မနေပါနဲ့မမရာ ... ကျွန်တော့်သိက္ခာကြီးနဲ့ လူ
အပေါ် ညှာတာထောက်ထားနေတာ "မမစိတ်မအိုက်ဘူး
လား ... "

"မမက ဒီလိုပဲနေတတ်တော့ ... အကျင့်ဖြစ်နေပြီ ဇေ စိတ်
မအိုက်ပါဘူး ... မမဘဝကို မမပျော်ရွှင်ပါတယ် ... "

"တကယ့်ကို အံ့သြဖို့ကောင်းတယ်ဗျာ ... မမဘဝမှာ
ညီမလေးကလွဲပြီး ဘာမှမရှိတော့ဘူးလား ... "

"သဘာဝပဲလေ ... မမက ညီမလေးအတွက်ပဲ ဖြစ်သင့်တာ
ပဲ ... "

"မမအတွက်ရော ... "

"မမကတော့ ဒီလိုပဲနေတော့ အကျင့်ရနေပါပြီ ဇေရယ် ... "

"မဟုတ်သေးဘူး ... ဇေလက်မခံနိုင်ဘူး ... သွေးသွေး
နေချင်သလိုနေ သွားချင်ရာသွားနေတာပဲ ... "



"မဟုတ်ပါဘူးကွယ် ... ညီမလေးက စီးပွားရေးလုပ်ငန်းတွေ
လုပ်နေတာပါ ... "

ညီမလေးကို ရှုပ်ပွေတဲ့မိန်းကလေးတစ်ယောက်
ဖြစ် မမြင်စေလိုပေ။

ဇေ အထင်သေးမှာ စိုးမိသည်။

"ဇေက မမလိုမိန်းကလေးမျိုးကိုပဲ သဘောကျနှစ်သက်
တာပါ ... "

မမကို ချစ်တယ်ဗျာလို့ ပြေချင်တဲ့ဆန္ဒကို နှိပ်ကွပ်
ထားရသည်။ ရင်ထဲမှာ မမကို ချစ်နေမိ၏။

လူကြီးတွေ ဘယ်လိုဆန္ဒပဲရှိရှိ မမကိုပဲဇေလက်ထပ်
မယ်။ တောင်းဆိုမယ်။

မမ ငြင်းမှာလား ...

သေချာတာကတော့ မမက ညီမအတွက် အနစ်နာ
ခံမှာ မဟုတ်လား။

မမမျက်ဝန်းလေးတွေထဲအထိ ထိုးဖောက်မတတ်
ကြည့်မိသည်။ ဇေသိပါတယ်။

အချစ်တွေရှိတယ်။

ရွှန်းလဲ့တောက်ပနေတဲ့ မမမျက်ဝန်းတွေထဲမှာ
မျက်အကြောက်တွေ အချစ်တွေရောယှက်နေတယ်။

မမလည်း ဇေ့ကိုချစ်တယ် မဟုတ်လား။

အသက်ချင်းက ဘာကွာလို့လဲ။

နှစ်နှစ်ပဲ ကွာတာပါ။

www.burmeseclassic.com

www.burmeseclassic.com



မမက လူကြီးဂိုက်ဖမ်းနေတာပဲ မဟုတ်လား။

"မမ ..."

"ဟင် ..."

"မမ ဘာဖြစ်လို့ လူတွေအတွက် အနစ်နာခံနေရတာလဲ"

"မမအကျင့်ပါလို့ ပြောထားပြီးပြီပဲ ..."

"သွေးသွေးမှာ ချစ်သူရှိတယ် မဟုတ်လား ..."

"မရှိပါဘူး ... ဇေကို ဘယ်သူပြောလဲ ... မဟုတ်ပါဘူး"

"ဇေ သိပါတယ် ... သွေးသွေးကိုကြည့်လိုက်ရင် ဇေသိတာပဲ ..."

"ညီမလေးက အရမ်းအလုပ်များနေတာပါ ဇေ ... ချစ်သူတွေဘာတွေ မရှိပါဘူး ... ဇေတ်မီမီနေထိုင်ပြောဆိုရှာတာပါ ..."

"မမ ..."

"ဟင် ..."

"ဘာလို့ လိမ်ပေးနေရတာလဲ ..."

"မမက မလိမ်ပါဘူး ... ညီမလေးကို ဇေရမ်းပြီးအထင်မသေးပါနဲ့ ..."

"မမကတော့ ... သူများအတွက်ပဲ ကြည့်လွန်းတာမကောင်းပါဘူးဗျာ ..."

ရိုးသားဖြူစင်လွန်းတဲ့ မမကိုပဲ ဇေချစ်တယ်။

မြတ်နိုးတယ် ...။

တန်ဖိုးထားတယ် ...။



လူကြီးတွေရောက်လာရင် မမကိုပဲ လက်ထပ်ပါရအလို့ တောင်းဆိုမယ်။

မမက ငြင်းမှာပဲ ...

ငြင်းလို့မရအောင် အခုထဲက မမကိုချစ်သူအဖြစ်သိမ်းပိုက်ထားရမယ်။

ခက်နေတာက ...

အပျိုးကြီးဂိုက်ဖမ်းနေတာပဲ။

မရဘူး ...

မြှုပြင်ရမယ်။

မမ ဘယ်လောက်များ အသက်ကြီးသေးလို့လဲ။

ဘွဲ့တောင်မရသေးဘူး။

လွတ်တယ်ဗျာ ...။

"ဇေ ..."

"ဟင် ..."

"မမသွားတော့မယ် ..."

"နေပါဦး ..."

ဇေ့အကြည့်တွေကို သော်ကမြိုင် ရင်မဆိုင်ဝံ့ဘဲ ဖြစ်နေရသည်။

အဓိပ္ပာယ်တွေပြည့်ဝနေတဲ့ မျက်ဝန်းတွေ ...

မမကို ချစ်တယ်လို့ပြောလိုက်မှာကို အကြောက်ဆုံးဖြစ်နေရသည်။

အခုတလော ...

www.burmeseclassic.com

www.burmeseclassic.com



ဇေနှင့်အရောတဝင်လာလုပ်နေတဲ့ ညီမလေး[illegible] သတိထားမိနေသည်။ ချစ်သူနဲ့ ဘာဖြစ်လာလို့လဲ။

ညီမလေးကလည်း အပြောင်းအလဲမြန်တဲ့ မိန်းကလေး ဖြစ်နေသည်။

"ညီမလေးကြောင့် ဇေ့ကိုရှောင်နေတာမျိုးတော့ ... လုံး[illegible] လက်မခံဘူးနော်မမ ... ဇေအတင်းလိုက်ခေါ်မှာပဲ ..."

သော်ကမြိုင်ကတော့ အနားကနေထွက်ပြေးချင်[illegible] ဆန္ဒတွေ ပြင်းပြနေသည်။

သွေးသွေးမြိုင်ရဲ့စိတ်တွေက ဇေ့ထံ ယိမ်းယိုင်နေရင်[illegible] [illegible]ကမယ်။ ဇေ့ကိုစိတ်မဝင်စားပါဘူးလို့ ပြောထားတဲ့ ညီမလေး [illegible] [illegible]ဘာလို့များ ဇေနှင့်အရောတဝင် လာလုပ်နေရတာလဲ။

"မမ ဘာမှခေါင်းစားမနေနဲ့ ... ဇေနဲ့အပြင်ထွက်မယ် ... ဈေးတွေ လျှောက်ဝယ်မယ် ..."

"မဖြစ်ပါဘူး ... မမလုံးဝ မသွားချင်ဘူး ... မသွားဘူး"

"သွားရမယ်ဗျာ ..."

"ဇေ ..."

"လာပါမမရာ ..."

မမလက်ကိုဆွဲပြီး ကားရှိရာသို့ ခေါ်ဆောင်လာခဲ့[illegible] သည်။

"ဇေ ... ဒါဘာလုပ်တာလဲ ... မမလုံးဝမကြိုက်ဘူး"

သူမ ...

ရှန်းမိသည်။



ဇေက မလွှတ်။

ကားထဲသို့ဖွတ်အတင်းဝင်ထိုင်စေပြီး ကားမောင်းထွက်လိုက်သည်။

"ဇေ မင်းဘာလုပ်တာလဲ ... မင်းကို အရေးပေးလို့ မင်းက မမအပေါ် မထေမဲ့မြင်ဆက်ဆံလိုက်တာလား ..."

ဇေက အရေးမစိုက်ပေ ကားကိုပဲအာရုံစိုက်ပြီး မောင်းနေသည်။

"ဇေ မင်းဘာလုပ်တာလဲ ... ကားရပ်စမ်း ရပ်လေ"

"မမ ... စကားမပြောပါနဲ့ ... ဇေ အရမ်းနားပူလာရင် ဟိုရှေ့မှာ လာနေတဲ့ကားကို ဝင်တိုက်ပစ်လိုက်မှာ ..."

ဘုရားရေ ...

လောလီကားကြီး ...

မင်းသေချင်လို့လား ... ။

တိုက်ပစ်လိုက်လေ ငါမသေရဲဘူးထင်လို့လားဟု ပြောပစ်ချင်သည်။

ပြောမထွက် ...

နှုတ်ခမ်းတွေက စေ့ကပ်နေသည်။

လူငယ်ဆိုတော့ စိတ်လိုက်မာန်ပါလုပ်ပစ်လိုက်မှာ လည်း ကြောက်မိ၏။

"ဇေနော် ..."

စိတ်ညစ်နေရသည်။

"မမကို ပျော်စေချင်လို့ပါ ..."

www.burmeseclassic.com

www.burmeseclassic.com



"မမစိတ်ညစ်လို့ သေတော့မယ် … မမကို မင်းဒီလိုမလုပ်သင့်ဘူးနော် … "

ကားကို ဇေက မြို့ပြင်အထိ မောင်းထွက်လာခဲ့သည်။

စိမ်းမြနေတဲ့ လယ်ကွင်းကြီးတွေဘေးမှာ ကားကို ရပ်လိုက်၏။

"မမ ဟိုမှာကြည့်စမ်း … သဘာဝအလှက ဘယ်လောက်အထိ မျက်စိအေးလဲ … "

သော်ကမြိုင်စိတ်ထဲမှာ အေးချမ်းသွားသလို ခံစားလိုက်ရသည်။ သူမက အိမ်မှာပဲ အိမ်မှုကိစ္စတွေနဲ့ အလုပ်ရှုပ်နေတာပါ။

ဇေ့ကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေရသည်။

"မမကိုကြည့်ရတာ စိတ်အိုက်တယ်ဗျာ … အိမ်ထဲမှာပဲ အိမ်မှုကိစ္စတွေ လုံးပန်းနေလို့ မဖြစ်သေးဘူးလို့ ထင်တယ်၊ နည်းနည်းတော့ လူကိုရော မျက်စိကိုရော … အနားပေးသင့်တယ်လို့ ထင်တယ် … "

သူမ … ဘာမှမပြောတော့။

ဇေ့စေတနာတွေကို မမသိပါတယ်လေ။

ဖေဖေကိုယ်တိုင်က ဇေ့ကို ညီမလေးနဲ့ နီးစပ်စေချင်တာပါ။

"သမီးကြီးကို မပူပါဘူး … ဆင်ခြင်တုံတရားရှိပြီး လိမ္မာတယ် … အငယ်မပဲ ရှေ့ရေးစိတ်အေးရအောင် … ဖေဖေစီစဉ်ပေးရမယ် သမီးကြီး … "

ဖေဖေပြောတဲ့စကားတွေကို ကြားယောင်လာမိသည်။

"မမ … "

"ဟင် … "

"ဘာတွေ တွေးနေရတာလဲ … "

"မတွေးပါဘူးဇေ … "

"ဘာမှ မတွေးနဲ့ … ဟိုမှာ တွေ့တဲ့လယ်ကွင်းစိမ်းစိမ်းကြီးတွေကိုပဲ ကြည့်နေနော် … "

"အင်း … "

"စိတ်ကို အေးအေးထားပါ … ဘာမှမတွေးနဲ့ ကြည်နူးစရာကောင်းတဲ့အကြောင်းတွေပဲ တွေးပါ … မမကို စိတ်ချမ်းသာစေချင်တယ်ဗျာ … "

"မမ စိတ်မဆင်းရဲပါဘူး … မင်းကို မမစိတ်ဆင်းရဲနေပါတယ်လို့ပြောလား … မမဘဝက အရမ်းပြည့်စုံနေတဲ့ဘဝပဲ"

မမမျက်ဝန်းလေးကို စူးစိုက်စွာကြည့်မိသည်။

ခင်ဗျား စိတ်ညစ်နေပါတယ်။

ကြေကွဲနေတယ်။

ကျွန်တော် သိတာပေါ့။

သွေးသွေးမြိုင်နဲ့ ကျွန်တော့်ကို နီးစပ်စေချင်နေသလို နီးစပ်သွားမှာလည်း မမကြောက်နေတယ် မဟုတ်လား။

မမ ကျွန်တော့်ကို ချစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်အပင်ပန်းမခံချင်ပါနဲ့ မမရယ်။

မမကို ဇေချစ်တယ်ဗျာ ...

ပြောမထွက် ...

မမငြင်းလိုက်မှာကို သူစိုးရိမ်ကြောက်ရွံ့နေမိသည်။

ဇေ ရင်ထဲမှာ မမမုန်းသွားမှာကို အရမ်းကြောက်တယ်။

"ဇေ ..."

"ဟင် ..."

"ပြန်မယ် ..."

"ခဏနေပါဦး ..."

"မမပြန်ချင်ပြီ ..."

သွေးသွေးအစောကြီး ပြန်ရောက်လာရင် မမတ ဇေနဲ့ချိန်းတွေ့တယ်လို့ ထင်သွားမှာ စိတ်ပူမိသည်။

"ပြန်မယ်ကွာ ..."

"မမ ပြန်ချင်တယ်ဆိုရင်လည်း ပြန်မယ် ... ဇေက မမကို စိတ်ချမ်းသာစေချင်တာပါ ..."

ဇေ ကားပေါ်ပြန်တက်ပြီး မမကိုအိမ်ပြန်ပို့လိုက်မိသည်။



## အခန်း(၁၃)

"သွေး မောင်ငွေလိုနေပြီ ... ဒီတစ်ခါတော့ ဖွင့်ပွဲအခမ်းအနားပါလုပ်တော့မှာလေ ..."

မောင် ...

သွေးကို ပတ်နေတာလား။

ငွေတာ ပေးသလောက်မလောက်ဘဲ ဖြစ်နေသည်။

သွေး စိတ်ကုန်နေပြီ ...

"သွေး ..."

"ဟင် ..."

"မပေးချင်ဘူးလားကွာ ချစ်ရယ် ... ဂဲ ... ပြော မင်းယုံအောင် မောင်ဘာလုပ်ပေးရမလဲ ... ချစ်မမနဲ့ တွေ့ရမလား။ ချစ်အိမ်ကို မောင်လိုက်မယ် ... လာလေ အခုပဲသွားကြမယ်"

"မဖြစ်သေးဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာမဖြစ်ရတာလဲ ... မောင့်ဘက်က အားလုံးအဆင့်သင့်ပဲ ... "

သွေးသွေးမြိုင်အိမ်ကို မခေါ်သွားရဲတော့ဘူးဆိုတာ မင်းမောင်မောင် သိနေသည်။

မင်းမောင်မောင်ပဲဟာ ...

ရှစ်စပ်က ဂျင်ဂျင်လည်ပြီးသားပဲ။

စုံစမ်းပြီးပြီ ...

သွေးသွေးမြိုင်တို့အိမ်မှာ ဧယျှညီဆိုတဲ့ လူတစ်ယောက်ရောက်နေသည်။

ညီမနှစ်ယောက်ထဲက တစ်ယောက်ယောက်နဲ့ မှန်းထားသူ ဖြစ်ရမည်။

တစ်ယောက်ယောက်က သွေးပဲ ...

ဒါကြောင့် ...

သွေးက အိမ်ကိုခေါ်မသွားရဲပေ။

"ချစ် ... "

"ဟင် ... "

"ဘယ်လိုလဲ ... "

"လောလောဆယ်တော့ မမနဲ့တွေ့ပေးလို့ မဖြစ်သေးဘူး"

"ဘာဖြစ်လို့လဲကွာ ... မောင့်ကို မယုံလို့လား ... စီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ်လုပ်မဲ့သူပါ ... သွေးမယုံဘူးလား ... "

"ယုံပါတယ် ... "



"လာမဲ့ အပတ်မှာ ဆိဒိုးနားမှာ ဖွင့်ပွဲလုပ်မယ်လေသွေး"

"ဘာလုပ်ငန်းလဲမောင် ... "

"မင်းသွေး ကုမ္ပဏီလေ ... သွေးနာမည်ပါ ပေးထားတယ်၊ မောင်က ဘာမှဖွင့်မပြောချင်ဘူး ... သွေးကို အရမ်းအံ့သြသွားအောင် လုပ်ပြချင်တာပါ ... "

သွေးသွေးမြိုင်ရဲ့ ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာ ဖက်ထားမိသည်။

အနမ်းလေးချွေလိုက်၏။

မင်းမောင်မောင်က ကောင်မလေးတွေ ပစ်ကျသွားအောင် လုပ်တဲ့နေရာမှာ နှစ်ယောက်မရှိပေ။

ဒီတစ်ခါတော့ ...

သွေးသွေးမြိုင်ဆီက နောက်ဆုံးယူဖို့ ကြိုးစားခြင်းပဲ။

မင်းမောင်မောင်လစ်တော့မယ်။

အဝေးကိုသွားမှာ ...

မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ မင်းမောင်မောင် မလုပ်ချင်ဆုံးပဲ။

မင်းကို ပိုကြောက်တယ်သွေး ...

နေချင်သလိုနေ သွားချင်သလိုသွား ထင်တိုင်းနေတဲ့ မိန်းမ ...

မင်းလို မိန်းမမျိုးကို ငါဘယ်တော့မှ လက်မထပ်ဘူး။

"သွေး ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ငွေသိန်းငါးဆယ်လောက်ပဲ ပေးပါကွာနော် ..."

"သွေးမှာ ငွေမရှိဘူး ..."

"ဒုက္ခပါပဲကွာ ... ဘယ်လိုလုပ်ရမလဲ ... ကိုယ်တော့ခက်ပြီ"

သွေးမနေနိုင် ...

မောင်အမှန်တကယ်လုပ်နေတာဆိုရင်လည်း မိမိ အတွက်ပဲ မဟုတ်လား။

"ကဲပါ မောင်ရာ ... ကျွန်မစုဆောင်းထားတဲ့ လက်ဝတ်ရတနာတွေရောင်းပေးပါ့မယ် ..."

"မမဆီက တောင်းပါလားကွာ ... သွေးလက်ဝတ်ရတနာတွေ ရောင်းရမယ်ဆိုတာတော့ မောင်မယူချင်ဘူးကွာ နေပါစေတော့ ..."

"မမဆီက တောင်းရတာ ခဏခဏဖြစ်နေလို့ပါ ... ရပါတယ် ... စီးပွားရေးလုပ်တာပဲ ... သွေးလက်ဝတ်ရတနာတွေရောင်းပေးမယ် ..."

"ဒါဆိုလည်း ပေးကွာ ... မောင့်ကိုယုံစမ်းပါ ... မောင်လုပ်နေတာတွေက သွေးအတွက်ပါပဲ ယုံနော်ချစ် ..."

သွေးလည်း မောင်နဲ့ကျမှ ဝဋ်လည်နေပြီလား တောင် မသိတော့ပါဘူး ... ။

ပေးနေရသည်။

မောင့်ကိုမှ ချစ်မိနေ၏။

နောက်နေ့တွင် ...



သွေးဝတ်တဲ့လက်ဝတ်ရတနာတွေ ရောင်းပြီး ပေးလိုက်သည်။

"ချစ်ရယ် ... မောင့်ကိုယုံပါ သွေးအတွက်ပါနော်"

မင်းမောင်မောင်ရဲ့ ရင်ခွင်ထဲမှာသွေးကိုယ်လုံးလေး မြုပ်သွားရသည်။

သွေးသွေးမြိုင် ...

အားနာပါတယ်။

ငါကတော့ မင်းကိုတာတာပဲ။

သွေးသွေးမြိုင် ပြန်မလာ၍ သော်ကမြိုင်ကတော့ စိတ်မအေးနိုင်ပေ။

မအိပ်နိုင် ...

စိတ်ပူနေမိသည်။

သွေး ...

ဘာလို့ ပြန်မရောက်သေးတာလဲ။

ဒုက္ခပါပဲ ...

ဓော ဘယ်လိုထင်မလဲ။

ဒီကောင်မလေးကလေ ...

ဘယ်တော့မှ လူကြီးမိဘစကားကို နားမထောင်ဘဲ စိတ်ရှုပ်စိုင်းနေသည်။

"မမ ..."

"ဟင် ..."

"စိတ်ပူနေလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အင်း ..."
"ညီမလေးကြောင့်ခက်တာပဲ ..."
"ဇေကော တစ်မျိုးထင်မှာစိုးလို့ပါ မသွယ်ရယ် ..."
ဖေဖေမရှိတော့ မသွယ်ကိုပဲ အားကိုးတကြီးတိုင်
နေရသည်။
"ဒီလောက်လည်း စိတ်မပူပါနဲ့ ... ညီမလေးက ဒီ
နေထိုင်တတ်တာပဲ ... သူ့ကိုယ်သူ ထိန်းတတ်ပါတယ်
ရယ် ..."
မမကိုကြည့်ရတာ တကယ့်ကို စိတ်မောစရာ
ဖြစ်နေသည်။
ညီမလေးက အမြဲတမ်းဆိုးနေတတ်တဲ့
မလေး ... မမသည်းခံနိုင်တယ်။
"မမ စိတ်ပူတာက ဇေပါ ... ညီမလေးကို အထင်သေး
"မမ ..."
"ဟင် ..."
"ကိုဇေကော ညီမလေးနဲ့ရည်ရွယ်ထားလို့လား ..."
"ထင်တာပဲလေ ..."
"မမကိုတော့ ဇေကော စိတ်ဝင်စားနေသလိုပဲနော်"
သော်ကမြိုင် စိတ်မောနေမိသည်။
ဇေ ...
သူမကို စိတ်ဝင်စားနေတာတော့ သေချာသည်
စကားတွေ အရိပ်အမြွက်ပြောနေ၏။



"ဇေကော မမနဲ့ပဲလိုက်ဖက်မယ်လို့ ထင်တာယ် ..."
"မဖြစ်ပါဘူး ... မမက အသက်အရွယ်ကြီးတဲ့သူပဲ ... မမ
ဂုဏ်သိက္ခာတွေအတွက် အများကြီးစဉ်းစားရမယ် မသွယ်"
"စဉ်းစားရင်းနဲ့ မမအဘွားကြီး ဖြစ်တော့မယ် ..."
"မတတ်နိုင်တော့ဘူး ... ဖေဖေလည်း ပြန်လာတော့မှာပါ၊
တစ်ပတ်လောက်ပဲ လိုတော့မယ်လေ ..."
"မမအိပ်လေ ... မသွယ်နဲ့ကိုရုပ်ဆိုးတို့နှစ်ယောက်ရှိသားပဲ၊
စောင့်နေမယ် ..."
"မမအိပ်လို့မရဘူး ... ညီမလေးကို ဘယ်လိုပြောရမှန်း
တောင် မသိတော့ဘူး ..."
သော်ကမြိုင် စိတ်မောစွာဖြင့် ပြောလိုက်မိသည်။
ညီမလေးကို စောင့်နေမိ၏။
ဇေ ဘာပြောမလဲ။
"ဇေတော့ ညီမလေးမှာ ချစ်သူရှိကြောင်းလုံးဝ မသိစေနဲ့
နော် ..."
"အင်းပါ ..."
သော်ကမြိုင်ခြံထဲမှာ ထွက်ပြီး ထိုင်နေမိသည်။
ဇေကော အခန်းထဲမှာ ...
မမအပြင်ထွက်လာပြီး မသွယ်နှင့်ထိုင်နေမိ၏။
"တီ ... တီ"
"တီ ..."
"ဟော ..."

www.burmeseclassic.com

www.burmeseclassic.com



ပွန်းအကျယ်ကြီး တီးနေသည်။

ဒီကောင်မလေးက ပတ်ခန်းကျင်ကို ဂရုစိုက်[illegible]

မဟုတ်။

"တီ ... တီ"

"တီ ..."

"ကိုရုပ်ဆိုး မြန်မြန်တံခါးသွားဖွင့်ပေးလိုက်စမ်းပါ ..."

"ဟုတ်ကဲ့ ..."

"ဒုက္ခပါပဲ ..."

"တီ ... တီ"

"တီ ... တီ"

သေချင်တယ်။

ကိုရုပ်ဆိုးက တံခါးကို ဖွင့်ပေးလိုက်သဖြင့် [illegible]

လေးဝင်လာသည်။

"သွေးသွေး ..."

"အပျိုကြီး မအိပ်သေးဘူးလား ..."

"ညီမလေးကို စောင့်နေတာ ..."

"မောင်လေးရော ..."

"ဒီကောင်မလေးဟာလေ ... နှောက်တောက်တော[illegible]

ပြောင်တော်တောင်နဲ့ ..."

"အိပ်ချင်ပြီ ..."

သွေးသွေးမြိုင်က တိုက်ကြီးထဲသို့ တန်းဝင်[illegible]

သည်။



"သွေး ..."

"နားပူလိုက်တာ မမရာ ... ဘာလဲ သွေးကိုဆုံးမဦးမလို့

လား ..."

"ညီမလေး ဒီလောက်အထိ နှောက်မကျသင့်ဘူးလို့ ထင်

တယ် ..."

"ကိစ္စရှိလို့ပါ ..."

"ဇေက ..."

"သူတစ်မျိုးထင်လည်း မတတ်နိုင်ဘူးမမ ... ကျွန်မသူ့ကို

စိတ်မဝင်စားပါဘူး ..."

ပြောပြန်ပြီ ...

စိတ်မဝင်စားဘူးတဲ့ ...

"ချည့်သည့်အထင်သေးအောင် မလုပ်သင့်ဘူး ထင်မိလို့ပါ

ညီမလေးရာ ..."

"အဲ့ဒီချည့်သည်ကို မမပဲ အထင်ကြီးနေ ... သွေးမှာ အလုပ်

တွေ အများကြီး ရှိတယ် ..."

"သွေး ..."

"အိပ်တော့မယ် ... မနှောင့်ယှက်ပါနဲ့မမရာ ... သွေးမှာ

ချစ်သူရှိတယ် ... သွေးတို့လက်ထပ်မှာ ..."

"အေး ... အေး"

သွေးဝင်သွားပြီး အခန်းတံခါးကို ချိုင်းခနဲ ပိတ်လိုက်

[illegible] လန့်သွားရသည်။

ဒီကောင်မလေးတော့ ဒုက္ခပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သူမကသာ စိတ်ပူနေတာ သွေးသွေးကတော့
အခန်းထဲမှာ ကတ်ဆက်ဖွင့်ပြီး ငြိမ့်နေသည်။

အဲဒါခက်တာပေါ့ ...

ညီမလေးမှာ ချစ်သူရှိတယ်သာပြောတာ ဘယ်မှာ
လဲ ... ။

ပြနိုင်းလို့လည်း မရ။

ဘယ်လိုလုပ်ရမလဲ။

ဖေဖေရယ် ပြန်လာပါတော့ ...

"မမ ... အိပ်တော့လေ ... သွေးသွေးအကျင့်စရိုက်တွေ
မမလိုက်ပြင်လို့မှ မရတာ ... နေတတ်သလိုပဲနေတာ ...
မမ အသိပဲလေ ..."

မသွယ်ပြောတော့ သော်ကမြိုင် ငိုကြွေးချင်နေ
သည်။

ရင်ထဲမှာ နာကျင်နေမိ၏။

စိုးရိမ်ပူပန်မှုတွေ များလွန်းနေသည်။

ညီမလေးအတွက်ပါ။

မွေးစားသမီးလေးဆိုပေမဲ့ ညီမလေးအရင်းလို
ချစ်တယ်။

သောကတွေ ရောက်ရတယ်။

"မမ ..."

"ဟင် ..."

"မနက်စောစောထပြီး မြိတ်ကတ်ကြေးကိုက် ကြော်မယ်

BURMESE CLASSIC



ဆို ..."

"အင်း ..."

"ကိုဇေကော ကြိုက်တယ် ..."

"မမအိပ်တော့မယ် ..."

ဟုတ်သားပဲ ...

ဇေကော ကြိုက်တယ်။

မဖြစ်ပါဘူး။

အိပ်မှ ...

ရင်ထဲမှာ တစ်မျိုးကြီးပဲ။

သော်ကမြိုင်ကသာ ဇေ့ကို ညီမလေးအတွက် ရည်
ရွယ်နေတာ ညီမလေးမှာ ချစ်သူရှိတာပဲ။

ဇေကလည်း မကြိုက်တဲ့ပုံပင်။

မိန်းကလေးပီသတဲ့ ... မိန်းကလေးကိုပဲ ဇေက
သဘောကျတာဟု ပြောဖူးသည်။

အင်းလေ ...

သွေးသွေးမှ စိတ်မဝင်စားတာပဲ။

အိပ်လိုက်သည်။

ထုံးစံအတိုင်း သော်ကမြိုင် အစောကြီးထပြီး စား
သောက်ဖွယ်ရာတွေ ပြင်သည်။

အသားအစုံကို စိတ်တိုင်းကျ လှီး၏။

သွေးသွေးမလာတော့ ...

ဟိုနေ့တွေကတော့ သွေးသွေးပဲ လာရောနေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒီကောင်မလေးစိတ်ကိုက အမျိုးမျိုး ...

"မမ ..."

"ဟင် ဇေ ..."

"မမမျက်တွင်းတွေ ချောင်ကျသွားသလိုပဲနော် ...
သွေးမြှင်ကြောင့် မမအိပ်ရေးတွေပျက်တယ်ထင်တယ်

"မဟုတ်ပါဘူးဇေ ..."

"ဇေ့ကြောင့်လား ... ညှိသည်ကို ဘယ်လိုညှိဝတ်
အောင် ပြုရမလဲ တွေးပြီး ... မမအိပ်ရေးပျက်နေ
မဟုတ်လား ..."

"မဟုတ်ပါဘူးဇေ ... မမကိုက ပူပင်တတ်တာမျိုးပါ
အရာအားလုံးအတွက်လေ ..."

"မမ ..."

"ပြော ..."

"ဒီလောက်အပင်ပန်းမခံသင့်ပါဘူး ..."

"မမအကျင့်လေ ..."

"အဲ့ဒီ အကျင့်ဖျောက်စမ်းပါ ..."

"အင်း ... ဖျောက်တော့ ဖျောက်ရမှာပေါ့လေ ...
ဖျောက်ရမယ် ..."

မဖျောက်လို့တော့ မဖြစ်ဘူး။

ညီမလေးက နေချင်သလိုနေမှာပဲ။

သော်ကမြိုင် ပိန်နေပြီ။



"မမကို ပျော်ရွှင်သွက်လက်နေအောင် ဘယ်လိုလုပ်ပေးရ
မလဲ ..."

"ဘာမှ မလုပ်ပေးပါနဲ့ ... ကျွန်မ နေတတ်သလိုနေပါရစေ"

"မရဘူး ... ဒီနေ့ကစပြီး ... ဇေ့အမိန့်အတိုင်းပဲ နေရမယ်
နော် ..."

"မမ စိတ်ကျဉ်းကျပ်အောင် မလုပ်စမ်းပါနဲ့ ..."

သူမ ...

မြိတ်ကတ်ကြေးကိုက်ပြီးသွားသည်။

"မသွယ်လေ ... ညီမလေးများလား စားမလို့လားလို့ ..."

"ဟုတ်ကဲ့မမ ..."

မသွယ်က မီးဖိုခန်းထဲကနေ အပြေးအလွှား ထွက်
သွားသည်။

"မမကတော့ ဒီညီမလေးအတွက်ပဲ စိတ်သောကရောက်
နေတော့တာပဲ ..."

"ညီမလေးကို ချစ်တာပါ ... အရမ်းချစ်တယ်"

ဇေလည်း မမကိုချစ်သည်ဟု ပြောဖို့ချိန်ထားမိ
သည်။

ပြောမထွက် ...

ငြင်းလိုက်မှာ စိုးမိသည်။

လူကြီးတွေကို မမနဲ့လက်ထပ်ပါရစေလို့ တောင်းဆို
ရမယ်။

ဇေသိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မမ ငြင်းမှာ မဟုတ်လား။

ညီမအတွက်ပဲ ရှေ့တန်းတင်ချင်တဲ့ဆန္ဒတွေ ပြင်းပြနေတာ မဟုတ်လား။

"မမ ညီမလေးအိပ်နေတယ် ... မသွယ်မနိုးတော့ဘူး"

"မစားတော့ဘူး ထင်တယ် ..."

ညီမလေး စိတ်က မမှန်ဘူးဆိုတာ သော်ကမြိုင် သိသည်။

ဟိုနေ့ကပဲ ဖေနဲ့အရောတဝင်လာလုပ်နေသေး၏။

အခုတော့ ...

အရေးပင် မစိုက်တော့ ...

ခက်တာပဲ ... ။

"မမ သာဖြီးမှာ ... စားမယ် ... အရမ်းစားကောင်းမဲ့ပုံပဲ... မမက နေ့အကြိုက်ကို အသိဆုံးပဲ ..."

ဖေက တယုတယလုပ်နေ၍ သော်ကမြိုင် စိတ်တွေ ပျော်လာရတော့သည်။

BURMESE CLASSIC



## အခန်း(၁၄)

"ဖေ ..."

"ဟင် ..."

"ဖေဖေ ပြန်လာတော့မယ် ..."

"ဟုတ်လား ... အရမ်းဝမ်းသာတာပဲ မမရာ ... ဖေက အန်ကယ့်ကို လာစေချင်နေတာ ..."

ဖေ ဘာလို့ ဝမ်းသာနေရတာလဲ ... ။ လက်ထပ်ဖို့ အိမ့်အတွက်ပဲ မဟုတ်လား။

မင်းက မမကို တောင်းဆိုမှာလား။

မဖြစ်နိုင်ပါဘူး။

ညီမလေးပဲ ...

ဖေဖေက စိတ်ဦးမှာ ညီမလေးနဲ့ပဲ ... ။

ညီမလေးမှာ ချစ်သူရှိတယ်။

တကယ်လို့ ...

www.burmeseclassic.com

www.burmeseclassic.com



သူမကို တောင်းဆိုခဲ့ရင်ရော ...

ငြင်းလိုက်မှာလား ... ။

"ကျွန်တော့်လုပ်ငန်းတွေလည်း ဒီမှာပြီးသလောက်ဖြစ်နေပြီ မမ ... တိုက်နဲ့ခြံလည်း ဝယ်ပြီးပြီ ... ကျွန်တော်လက်ထပ်တော့မယ် ..."

"ဟင် ..."

"ဓနဲ့လက်ထပ်မဲ့ သတို့သမီးကိုတော့ နောက်မှပြောမယ်နော် ..."

မမ ...

ငြိမ်သက်နေမိသည်။

ကတ်ကြေးကိုက်ကို စားရတာ လည်ချောင်းဝမှာ တစ်နေသည်။

စိတ်တွေ ယောက်ယက်ခတ်လာ၏။

ညီမလေးတုလည်း အိပ်နေသည်။

နေမြင့်နေပြီ ...

ဒါ မိန်းကလေးတစ်ယောက် အိပ်နေရမဲ့ အချိန်လား။

ဒုက္ခပါပဲ ...

ဓ အထင်သေးတော့မှာ။

ညီမလေးဟာလေ နေချင်သလို နေတတ်တဲ့ ကောင်မလေးပဲ ... ။

"မမ ..."



"ဟင် ..."

"စိတ်မူပြန်ပြီလား ..."

"ဘာကိုလဲ ..."

"ဓ ဘယ်သူ့ကို သတို့သမီးရွေးမယ်ဆိုတာလေ ..."

"ဘာဆိုင်လို့လဲ ... မမက အနေသာကြီး ... ဓရွေးမှာပဲ ... ဒါပေမဲ့ ... လူကြီးမိဘတွေ သဘောတူတဲ့မိန်းကလေးကိုပဲ ရွေးချယ်သင့်ပါတယ်နော် ..."

"ဓကလည်း လူကြီးမိဘတွေ သဘောတူတဲ့ မိန်းကလေး တစ်ယောက်ကိုပဲ ရွေးမှာပါ ..."

"ကောင်းပါတယ်ဓ ..."

"မမစားလေ ..."

"အင်း ..."

"မမ တွေးချင်ရာတွေ တွေးပြီး စိတ်မညစ်နေနဲ့နော် ... ဓက အဖြေကိုခေါ်သွားမှာပဲ ..."

"မလုပ်ပါနဲ့ဓ ... မမက အရှုပ်မပတ်ဘူးနော် ... မမရဲ့ ဣန္ဒြေသိက္ခာတွေကို ထိပါးအောင်မလုပ်ပါနဲ့ ..."

"မမကို ဓ မမလို့မခေါ်တော့ဘူး ... သော်လို့ပဲ ခေါ်တော့မယ် ..."

"ဘာ ..."

"မမဆိုရင် အသက်ကြီးသွားမှာဆိုးလို့ပါ ... မမနဲ့ ဓ အသက်မကွာပါဘူး ... သော်ပဲခေါ်မယ် ..."

"ဟော့ ... မရဘူး ... မမပဲခေါ် ... ငါက မင်းထက်အသက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်နော် …"

သော်လို့ ကလေးကလား ခေါ်တာမျိုး လက်မခံနိုင်ပေ။

ရှိတ်ညစ်ပါတယ်။

သော်ကမြိုင်က လူကြီးဆန်ချင်သူ …

အမြဲတမ်း …

အိမ်မှုကိစ္စတွေကို စီမံခန့်ခွဲနေရတော့ လူကြီးစိတ်ဖြစ်နေသည်။

မိခင်မရှိတော့ သူမပဲ စီမံနေရ၏။

"သော် …"

"ဧနော် … မမကို အဲဒီလို မလေးမစား မခေါ်ပါနဲ့ … မမပဲ ခေါ်ပါ …"

သူမ …

မျက်နှာထား တင်းတင်းလေးနှင့်ပြောလိုက်သည်။

အားတော့ နာသွားရ၏။

ဧက သူမကို ခင်မင်သူပါ။

မတတ်နိုင်ဘူး …

သော်ကမြိုင် စိတ်ထဲမှာ ဧကိုချစ်မိလို့ မဖြစ်ဘူးဆိုတဲ့ အသိဝင်နေရသည်။

"မမရာ … ဧက နောက်တာပါ … မမသဘောမကျတာ ဧ ဘာမှမလုပ်ပါဘူး … စိတ်မဆိုးပါနဲ့နော် …"

"ဧ …"



"ပြော …"

"မမက အမြဲတမ်း လူကြီးဆန်ပြီး အိမ်မှုကိစ္စတွေ စီစဉ်ရတယ် … တစ်အိမ်လုံးအတွက် ပူပင်ရတယ် … အလေ့အကျင့်ဖြစ်နေပြီ … မမဘာဝကို ကျမ်းနွေ့သိက္ခာတွေနဲ့ပဲ တည်ဆောက်လာတာပါ … ဧလည်း မမကိုရိုသေလေးစားပါ"

"ဟုတ်ကဲ့ပါမမ … ကျွန်တော်လေးစားစွာ လိုက်နာပါ့မယ်"

"ကဲ … စားတော့ စကားများနေတာနဲ့ အရသာတောင် ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး …"

စားသောက်နေရင်း ညီမလေး နိုးလာပြီဖြစ်ကြောင်း မသွယ်ကပြောသည်။

"အပြင်ထွက်မှာတဲ့ မမ …"

"မနက်စာ လာမစားတော့ဘူးလား …"

"မစားတော့ဘူးတဲ့ …"

"ဟင် …"

"အပြင်ထွက်ဖို့တောင် ပြင်ဆင်နေပြီ …"

သူမ စားသောက်ပြီး၍ ညီမလေးအခန်းဆီ ရောက်လာခဲ့သည်။

ညက အိပ်ချင်နေတယ်ဆိုပြီး စွတ်အတင်းအိပ်တဲ့ ကောင်မလေး …

ညီမလေးကတော့ အလှအပတွေပြင်ပြီးနေသည်။

"သွေးသွေး …"

"ဘာလဲမမ …"

www.burmeseclassic.com

www.burmeseclassic.com



"အိပ်လုချည်လား ... မမ ကတ်ကြေးကိုက်လိုပ်ထားတယ်၊ ညီမလေး ကြိုက်တယ် မဟုတ်လား စားသွားလေ ..."

"မစားတော့ဘူး ..."

"ဘာယ်မျိုးအိရေးတကြီးသွားမလို့လဲ ညီမလေးရယ် ..."

"မမ ..."

"ဟင် ..."

"သွေးတို့ လုပ်ငန်းက အားလုံးအဆင်သင့်ဖြစ်နေပြီ ... မမနဲ့ တောင်..မောင်ကတွေ့မယ်လုပ်နေတာလေ ..."

"ဟုတ်လား ... ဖေဖေ ပြန်လာတော့မယ် ... ညက ဖုန်းဆက်တယ်လေ ... ညီမလေး အိပ်နေလို့ မပြောဖြစ်တာ"

"ကောင်းတာပေါ့ ... သွေးလည်း မောင်နဲ့လက်ထပ်မယ်၊ လုပ်ငန်းတွေက အားလုံးပြီးပြီ ..."

"ကောင်းပါတယ် ... သွေးချစ်သူနဲ့လက်ထပ်မယ်ဆိုလည်း မမဝမ်းသာပါတယ် ..."

"ကိုဇေကတော့ မမအတွက်ပဲနော် ..."

"ကောင်မလေး ..."

"တကယ်ပြောတာပါ ... ကိုဇေက လူတော်လူကောင်း တစ်ယောက်ပဲ ... သွေးတောင် ချစ်သူရှိနေလို့နော်"

"စကားမများနဲ့ ကောင်မလေး ... မမက ညီမလေးအတွက်ပဲ စိတ်ပူတာပါ ... ညီမလေးဘဝ အေးချမ်းရင် ကျေနပ်ပါပြီ ..."

"ဘာမှပူစရာမရှိတော့ဘူး ... မောင်က စီးပွားရေးအရမ်း



လာဒ်မြင်တယ် ... ရုပ်ချောတယ် ... ဘာမှ ပြောစရာမရှိအောင် ပြည့်စုံနေတာပါ မမ ..."

"ဝမ်းသာလိုက်တာ ညီမလေးရယ် ... ဖေဖေရောက်လာတာနဲ့ မမပါဝိုင်းကူပြောပေးပါ့မယ် ..."

"အပျိုကြီး ..."

"သွေးနော် ..."

"ကိုဇေပဲ ရွေးချယ်လိုက်နော် ..."

"တော်စမ်း ..."

သွေးသွေးမြိုင်က အဝတ်[illegible]တွေ ဝတ်ပြီး အပြင်[illegible]သွားသည်။

မလွယ်ဘူး ...

ဒီကောင်မလေး အမြန်အိမ်[illegible]ကျမှပဲ ဖြစ်မှာပါ။

မမကတော့ ကိုဇေကို

ဒီကောင်မလေး ...

သွေးလက်ထပ်တော့မယ်ဆိုတော့လည်း တစ်မျိုး[illegible]အေးရတာပေါ့လေ။

"မမ ..."

"ဟင် ..."

"ဇေ အပြင်သွားမလို့ ..."

"သွားလေ ..."

"မမကိုပါ ခေါ်မလို့ ..."

"မလိုက်ပါဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပါ ... "

"မင်းအလုပ်ကိစ္စနဲ့ မင်းပဲသွားပါ ... "

"မမကို အေးချမ်းသာယာတဲ့ ကော်ဖီဆိုင်လေးတစ်ဆိုင် ခေါ်သွားမလို့ ... "

"လာပြန်ပြီ ... "

"မမက ကော်ဖီကြိုက်တယ် မဟုတ်လား ... ပြီးတော့ စိ တွေလည်း လန်းဆန်းတက်ကြွစေချင်လို့လေ ... "

သွေးလည်း လက်ထပ်ရမယ်ဆိုတော့ သော်က စိတ်မပူရတော့ ...

ဖေနှင့်သွားလာတာတွေအတွက် ငှဲညှာထော ထားစရာမရှိနိုင်။ သော်ကမြိုင် အိမ်ထဲမှာပဲ နေရပြီး အပူအပင်တွေ ဖြစ်နေသည်။

"လိုက်ခဲ့ပါ မမရာနော် ... ဖေက မမကို အပြင်ကရှုခင်း လေနုအေးလေးတွေ ရှုရှိုက်ဖို့ပါ ... "

"အင်းလေ ... မမလိုက်မယ် ... အိမ်ထဲမှာပဲ နေရတာပြ လို့ ... "

သူမ ... အခန်းထဲ ပြန်ဝင်လာခဲ့သည်။

ဖေနဲ့ လိုက်ဖက်အောင် ဝတ်စားပြင်ဆင်ရမယ်

ဟုတ်ပါတယ်လေ ...

သွေးသွေးနဲ့ သော်ကမြိုင်က သိပ်ပြီးအသက်အရွ ကွာတာမှ မဟုတ်တာဘဲ။

အဝတ်အစားလဲသည်။



ဖေ လက်ဆောင်ဝယ်ပေးတဲ့ ဒီဇိုင်းတွေဝတ်ရ၏။

"သော်ကမြိုင် ရှင်အဘွားကြီးဂိုက်ဖမ်းမနေနဲ့ ... အသက်က မကြီးသေးဘဲနဲ့ ... "

သူငယ်ချင်း ယမင်းကပင် မကြာခဏပြောတတ်တဲ့ စကားဖြစ်သည်။

"သော်က အရမ်းချောတယ် ... ပုံကတုံးနေလို့ပါ ... "

ဟုတ်ပါတယ်။

သော်ကမြိုင်ရဲ့ အသက်က သိပ်ကြီးသေးတာမှ မဟုတ်တာဘဲ။

မှန်ရှေ့မှာ ရပ်လိုက်သည်။

ငယ်ရွယ်နုပျိုနေ၏။

မီးခံသေတ္တာထဲမှာ ထည့်သိမ်းထားတဲ့ လက်ဝတ် ရတနာတွေ ဝတ်မိသည်။

ပြီးမှ ...

အပြင်ထွက်လာခဲ့သည်။

"ဟယ် ... မမချောလိုက်တာ ... "

မသွယ်က တအံ့တသြ ဖြစ်သွားပြီး ပြောလိုက်သည်။

"ဒီလိုမှပေါ့ မမရယ် ... "

"မသွယ် မမအရမ်းအိုဗာဖြစ်နေလား ... ကြည့်လို့ရှော ကောင်းရဲ့လား ... "

"ကောင်းပါတယ် ... ဒီလောက်လေးတော့ ဖြစ်ဦးမှပေါ့ ... အနေတော်ပဲ ကြည့်လို့အရမ်းကောင်းတာပဲ ... "

www.burmeseclassic.com

www.burmeseclassic.com



ဖေက ကားပေါ်မှ စောင့်နေသည်။

ကားနားသွားရမှာ နည်းနည်းတော့ မျက်နှာပူနေ၏။

"မမ အရမ်းလှတာပဲဗျာ ... တကယ့်ကို နဖတ်သွားတာပဲ"

ကားပေါ် တက်လိုက်သည်။

"မမ ..."

"ဟင် ..."

"နောက်ဆို ... ဒီလိုပဲ ဝတ်စားပြင်ဆင်နေနော် ..."

"ကဲ ... ကားမောင်းလေ ..."

"မေ့သွားတယ် ..."

ဖေ ပျော်နေမိသည်။

မမက သူခေါ်ဆောင်ရာနောက်သို့ လိုက်လာ၍ ဝမ်းသာနေမိ၏။

မြို့ပြင်က ကော်ဖီဆိုင်လေးကို ခေါ်သွားရမယ်။

စိမ်းလန်းနေတဲ့ လယ်ကွင်းကြီးတွေကို တမျှော်တခေါ်ကြီး ကြည့်ရစေမယ်။

မမ နုပျိုနေတာပဲ ...

ဖေတို့နဲ့ အသက်ချင်းက သိပ်ပြီးကွာတာ မဟုတ်ပေ။

ကော်ဖီဆိုင်လေးကို ရောက်လာသည်။

"မမ ..."

"ဟင် ..."



"အိုကေလား ..."

"အင်း ..."

"မမ စိတ်တွေလန်းဆန်းသွားစေချင်လို့ပါ ..."

စားပွဲထိုးကောင်လေးကို ဖေက ကော်ဖီနှစ်ခွက်မှာသည်။

"ဖေ ..."

"ဟင် ..."

"မင်းက လက်ဖက်ရည်ပဲ ကြိုက်တာလေ ..."

"ဒီနေ့တော့ မမအကြိုက်ကို လိုက်မလို့ ..."

"ရပါတယ် ... မမကြိုက်တာနဲ့ ဖေကြိုက်စရာမလိုပါဘူး ... ဖေကြိုက်တာပဲ မှာသောက်ပါ ..."

"ဖေ ဒီနေ့တော့ ... ကော်ဖီပဲ သောက်ချင်လို့ ..."

ဖေက သော်ကမြိုင်ကြိုက်တဲ့ ကော်ဖီပဲ သောက်သည်။

သူမကို အရိပ်လိုကြည့်နေ၍ ရင်တုန်ပန်းတုန်ဖြစ်ရ၏ လိုက်လာခဲ့တာ မှားပြီလား။

ဖေ ...

မမလည်း ...

ဆက်စပ်မတွေးရဲတော့ ... ။

နေအကြည့်တွေအောက်မှာ သော်ကမြိုင် ထူပူပြီးနေတတ်။ ရှက်လာမိသည်။

"မမ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

"ပျော်လား ... "

"အင်း ... "

"ဇေ စိတ်ထဲမှာ မမကိုအမြဲတမ်း ပျော်ရွှင်ချမ်းမြေ့စေချင်နေတယ် ... "

ကျေးဇူးပဲ ဇေရယ် ...

မမက အရမ်းကို အထီးကျန်ပြီး အပူသောကတွေ ရောက်နေရတာပါ။

ငွေကြေးစည်းစိမ်ဥစ္စာတွေ ပြည့်စုံပေမဲ့ မမကိုက ပူပင်တတ်တာပါ။

ညီမလေးနဲ့ ဖေဖေ အဆင်မပြေမှာ အရမ်းစိုးရိမ်ပြီး အိမ်ထဲမှာပဲ နေရသည်။

အိမ်မှုကိစ္စတွေပဲ စီစဉ်ခဲ့ရ၏။

ဘယ်သူမှ မခိုင်းပါဘူး။

သူမကိုယ်တိုင်က မိသားစုအပေါ် သံယောဇဉ်ကြီးမားတာပါ။

"သော် ... "

"ဟင် ... ကြည့်စမ်း ... အဲ့ဒီလိုခေါ်တာမျိုး မမလုံးဝမကြိုက်ပါဘူး ... ထပြန်မှာနော် ... "

"သော်ကလည်းဗျာ ... ဒါ မရှိသေတာမှ မဟုတ်တာ ... သော့်စိတ်တွေကို နုပျိုနေစေချင်လို့ပါ ... လူတိုင်းက မမဆိုတော့ ... မမ အမြဲတမ်း အိုစာနေပြီ ... "



"အိုအိုကွာ ... မမကို ဇေ သော်လို့မခေါ်နဲ့ ... "

"ခေါ်မယ်ကွာ ... "

"ဇေနော် ... "

"သော် ... "

"ဒီကောင်လေးဟာ ... "

ကော်ဖီဆိုင်လေးသည် အေးချမ်းသာယာမှုတွေ [illegible]ချိုနေသည်။ သော်ကမြင်အတွက် အရမ်းကို ကြည်နူးစရာပဲ။

အိမ်ထဲမှာ [illegible]သူမအတွက် ရင်ထဲမှာ နုပျို[illegible]ဆန်းနေသည်။

ကျေးဇူးပါပဲဇေ ...

"သော် ... "

"ဟင် ... "

"ဇေတောင်းဆိုမဲ့ သတို့သမီးက ဘယ်သူလဲသိလား ... "

"ပြန်မယ်ဇေ ... "

"ခဏနေပါဦး ... ဇေပြောမဲ့ စကားဆုံးအောင် နားထောင်ပါဦး ... "

"မထောင်ဘူးကွာ ... မင်းသတို့သမီးကို မမမှ စိတ်မဝင်စားတာပဲဟာ ... "

သူမ ...

ထူပူသွားပြီး ကော်ဖီဆိုင်လေးမှ ထလာခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

"သော် ... "

"ဟင် ... "

"ရှင့်ညီမ ချစ်သူက နာမည်သိပ်မကောင်းဘူး ... "

"ဘာ ... "

"နာမည်က မင်းမောင်မောင်တဲ့ လောင်ကစားသမား[illegible] ယောက်တဲ့ ... "

"ဟင် ... "

သူငယ်ချင်းဖြစ်သူ ယမင်းစကားကြောင့် သော်[illegible] မြိုင် အထိတ်တလန့် ဖြစ်သွားရသည်။

"ဘာအလုပ်အကိုင်မှ မရှိဘူး ... လောင်းကစားဝိုင်းတွေ[illegible] ပဲ အချိန်ကုန်နေတာတဲ့ ... "

သွေးသွေးပြောတော့ စီးပွားရေးလုပ်ငန်းကြီး[illegible] စတင်လို့ ဖွင့်ပွဲတောင် လုပ်တော့မယ်တဲ့ ... ။



ဘာတွေလဲ ...

ဒုက္ခပါပဲ ...

သော် စိတ်ပူရပြီ။

ယမင်းကလည်း ညီမလေးအကျိုးပျက်စီးအောင် တမင်လုပ်မှာ မဟုတ်ပေ။

"အခြေအနေမကောင်းဘူး သော် ... အချိန်မီ တားလိုက်ပါ၊ လုံးဝ ကလေကချေပဲ ... "

ညီမလေး သိရဲ့လား ... ။

ဘယ်လိုပြောမရလဲ ...

"ညီမလေးကတော့ ... လူကြီးတွေနဲ့ တွေ့ပြီး လက်ထပ်တော့မယ်တဲ့ ... လုပ်ပါဦးယမင်းရယ် ... ညီမလေးကို အထောက်အထားမနိုင်လို့ဘဲ ပြောလို့မရဘူး ... "

"သူ့အိမ်နားမှာ တို့အသိတွေရှိတယ် ... ခေါ်တွေ့ပေးမယ်၊ မိသားစုရေး လုံးဝမကောင်းဘူး ... "

"ဒုက္ခပါပဲဟယ် ... လုပ်ကြပါဦး ... ညီမလေး ဒုက္ခရောက်မှာတော့ မလိုလားဘူး ... "

"သော် ... "

"ရှင့်ညီမလေးကို တားထားလိုက်လေ ... "

"ရမှာ မဟုတ်ဘူး ... "

"အိမ်တိုင်ပါကျွတ်သွားမယ် ... တကယ့်ကို မလွယ်ဘူးဘဲ"

"ညီမလေးက လက်ခံမှာမဟုတ်ဘူး ... "

"ကျုပ် အထောက်အထားပြမယ်လေ ... သွေးသွေးမြိုင်ကို

www.burmeseclassic.com



ကျုပ်ပြောမယ် ...”

ဓေသိသွားမှာလည်း သော်ကမြိုင် စိတ်ပူမိသည်။

ညီမလေး ဒုက္ခရောက်မှာကိုတော့ သော်ကမြိုင် မလိုလားမိပေ။

“မင်းမောင်မောင်ကလည်း မင်းညီမလေးကို လက်ထပ်မယ် မထင်ဘူး ... သိုက်တူးသမားပဲ ...”

“ညီမလေးကို ပြောပါဦး ယမင်း ...”

“မင်း ဘာမှမပူနဲ့ ... အခုပဲ ဖုန်းဆက်ပြောလိုက်မယ် ... သွေးသွေးမြိုင်မှာ လက်ကိုင်ဖုန်းယူသွားတယ် မဟုတ်လား”

“အင်း ...”

“ယမင်း ဆက်မယ် ...”

“ဆက်လေ ... သော် ဆက်ခိုင်းတယ်လို့ မပြောနဲ့နော် ... ယမင်းက သတိပေးတဲ့သဘောပဲပြော ...”

“အင်းပါ ...”

ယမင်းနှင့်ညီမလေးလည်း ခင်မင်ရင်းနှီးပြီးသား ဖြစ်သည်။

ညီမလေးထံ ယမင်းက ဖုန်းဆက်ပြီးပြောနေ၏။

“သွေး မင်းကောင်လေး မင်းမောင်မောင်က အခြေအနေသိပ်မကောင်းဘူးနော် ... ဘာအလုပ်မှ မယ်မယ်ရရမရှိဘူး”

သော်ကမြိုင်ကတော့ ဘေးမှာ နားထောင်ရင်း ရင်တဒိတ်ဒိတ် ဖြစ်နေသည်။

ညီမလေး ဘာပြောမလဲ ...



“သွေး ... မမအကောင်းသတိပေးတာပါ ... သေသေချာချာ ဆုံးဖြတ်ပါဦး ... မမက သွေးသွေးအကျိုးစီးပွားအတွက် ပြောပေးတာပါ ...”

ဖုန်းပြောပြီးသွားသည်။

“ယမင်း ညီမလေး ဘာပြောလဲ ...”

“လက်မခံဘူးသော် ... ယမင်းကိုတောင် ဝင်မရှုပ်နဲ့တဲ့”

“ဟင် ...”

“မင်းညီမလေးတော့ ဒုက္ခရောက်မှာပဲ ... မင်းမောင်မောင်က အခြေအနေ လုံးဝမကောင်းတာဘဲ ...”

ယမင်း ပြန်သွားသည်။

သော်ကမြိုင် ဘယ်လိုလုပ်ရမှန်း မသိအောင်ဖြစ်ရ၏။

ယမင်းက မဟုတ်တာတွေ ပြောတာမဟုတ်။

“မမ ...”

“မသွယ် ...”

“ဘာဖြစ်လို့လဲ ... မမျက်နှာလည်း မကောင်းပါလား ... ယမင်းနဲ့ ဘာဖြစ်လို့လဲ ...”

“ဘာမှ မဖြစ်ပါဘူး ... ညီမလေးချစ်သူက အခြေအနေ မကောင်းဘူးတဲ့ ... လောင်းကစားသမားတစ်ယောက်လို့ ပြောသွားတာပဲ ...”

“ဟင် ...”

“မမ ဘယ်လိုပြောရမလဲ ... ယမင်း ဖုန်းဆက်တော့ ... ညီမလေးက လက်မခံဘူး ...”

www.burmeseclassic.com

www.burmeseclassic.com



"မပြောလိုက်ပေါ့ ..."

"အဲ့ဒါ စဉ်းစားနေတာပါ ... ဧလည်း သိလို့မဖြစ်ဘူး ..."

"မမ ..."

"ဟင် ..."

"ဧက မမကိုချစ်နေတာ ..."

"မဟုတ်တာ ..."

"တကယ်နော် ... ညီမလေးနဲ့ ဖွတ်အတင်းကြီးနီးစပ်စေချင် ရင် မမပဲ စိတ်မောရမှာပဲ ..."

ဖေဖေက ညီမလေးဘဝရှေ့ရေးအတွက်ပဲ ပူပန် သောကရောက်နေတာပါ။

သော်ကမြိုင်ကို ပြောထားပြီးပြီ။

ဧ ရောက်လာသည်။

စကားကို ဆက်မပြောတော့ဘဲ မသွယ်ထွက်သွား ၏။

"မမ ဘာဖြစ်နေတာလဲ ... ဘာပြဿနာတက်လို့လဲ"

"မတက်ပါဘူး ... ဘာမှ မတက်ပါဘူး ... ယမင်းနဲ့ မမတို့ ပဋိပက္ခပါ ..."

"မမ စိတ်ညစ်နေပြန်ပြီလား ..."

"မမ စိတ်မညစ်ပါဘူးဧ ... သူငယ်ချင်းချင်း ရန်ဖြစ်ကြ တာ"

"ဧ မယုံဘူး ..."

"ဘာလို့လဲ ..."



"မမက ရန်ဖြစ်တတ်တဲ့ မိန်းမတစ်ယောက်မှ မဟုတ်တာ ဘဲ ..."

ဧ့အကြည့်တွေက မမမျက်ဝန်းတွေကို စိုက်ကြည့် နေသည်။

မမက ဟန်မဆောင်တတ် ...

ငိုချင်နေသည်။

ညီမလေး စိတ်သောကရောက်မှာကို မကြည့်ရက် နိုင် ...

မမအပူပဲ ... ။

"သွေးသွေးမြိုင်ကြောင့် မဟုတ်လား ..."

"မဟုတ်ပါဘူး ... သွေးနဲ့မဆိုင်ပါဘူး ..."

"မမ ..."

"ဟင် ..."

"မမက ရန်ဖြစ်တတ်တဲ့ မိန်းမတစ်ယောက် မဟုတ်ဘူးဆို တာ ... ဧသိတယ် ... မမတစ်ခုခုဖြစ်နေပြီ ... သွေးဘာ ဖြစ်လို့လဲ ... မမစိတ်မချဖြစ်နေတာမဟုတ်လား ..."

"ဟုတ်တယ် ... မမပဲ စိတ်မချဖြစ်နေတာပါ ..."

သွေးသွေးမှာ ချစ်သူရှိတာတွေ အခြေအမြစ်မရှိတဲ့ ယောက်ျားတစ်ယောက်ဖြစ်နေတာတွေကို ဧ့ကို မသိစေချင်ဘူး။

ဧ့စိတ်ထဲမှာ ညီမလေးကို အထင်မသေးစေချင် ဘူး။

ညီမလေးရယ် ...

www.burmeseclassic.com

www.burmeseclassic.com



မမစိတ်ပူလိုက်တာ ...

ဘယ်လောက်ပဲ ဆိုးပေနေပါစေ ညီမလေးကို မမ နိုင် ...။

မွေးစားသမီးလေးဆိုတာပင် သိမှာစိုးမိသည်။

"မမ ကော်ဖီဆိုင်လေးကို သွားဦးမလား ..."

"မသွားပါဘူး ... ဘာဖြစ်လို့ သွားရမှာလဲ ... မမ ဘာ မဖြစ်ပါဘူး ..."

ဖေ့အနားကနေ သော်ကမြိုင် ထွက်လာခဲ့မိသည်။

သွေးသွေးပြန်ရောက်လာမှ သေသေချာချာ မေး ကြည့်ရဦးမယ်။

ဖေဖေ ...

မနက်ဖြန်ပြန်လာတော့မယ်။

ပြန်လာပါစေ ...

သွေးသွေးကိစ္စကို ရှင်းရမယ်။

သော်ကမြိုင် စကားတွေကို သွေးသွေးက နား ထောင်မှာ မဟုတ်။

စိတ်ပူလိုက်တာ ...

ဖေသာသိရင် သူမစိတ်ချမ်းသာအောင် တစ်ခု တော့ လုပ်ပေးမှာပဲ။

"သော် ဖေဖေရွေးချယ်မဲ့ ... သတို့သမီးလောင်းကို သိလား

ပြောတော့မယ် ... ။

သူ ...



မကြားရဲပါဘူး ...

သော်ဆိုရင် ဒုက္ခပဲ ... ။

ဖေ့ရဲ့ စကားတွေကို လက်ခံဖို့အတွက် အင်အား တွေ မရှိပေ။

ညီမလေးက ငြင်းဆန်မယ်ဆိုရင်တော့ သူမလက်ခံ မှာပါ။

"ကိုဇော မမအတွက်နော် ... သွေးက စိတ်မဝင်စားဘူး၊ မောင်နဲ့ မကြာခင်လက်ထပ်တော့မှာ ..."

ညီမလေးပြောတဲ့ စကားတွေကို ကြားယောင်လာ မိသည်။

သူမ အရေးမကြီးပါဘူး။

သွေးပဲ ...

ညီမလေး ပြန်အလာကို မအိပ်ဘဲ စောင့်နေမိသည်။

ခြံထဲမှာ ထွက်စောင့်ချင်တာ ...

ဖေ ဆင်းလာပြီး စကားတွေပြောနေမှာစိုး၍ မဆင်း ရဲ။

အခန်းထဲမှာ စောင့်နေမိသည်။

ထုံစံအတိုင်း ...

ညီမလေးက နောက်ကျမှ ပြန်လာပြီး ဟွန်းကို ဘအားစွတ်တီးနေသည်။

"တီ ... တီ"

"တီ ... တီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟော ... "

သော်ကမြိုင်အိပ်ခန်းထဲကနေပြေးထွက်လာခဲ့သည်။

ခြံထဲမှာ သွေးသွေးနှင့်ဆုံ၏။

"သွေး ... "

"မမ ... "

"ခြံထဲမှာ ခဏလောက်ထိုင်ရအောင်နော် ... "

"ဘာလဲ ... မမက မောင့်အကြောင်းတွေ မေးမလို့ မဟုတ်လား ... "

သွေးသွေးအသံကျယ်သွား၍ သူမအထိတ်တလန့်ဖြစ်သွားရသည်။

"တိုးတိုးပြောပါဟယ် ... ညွှန့်သည်က အိပ်သေးတာမဟုတ်ဘူး ... "

"ကြားပါစေ ... ဘာဖြစ်လဲ ... သွေးက သူ့ကိုသိပ်အရေးမစိုက်ပါဘူး ... "

"သွေး ... "

"မမ ဘာဖြစ်နေတာလဲ ... "

"ထိုင်ဦး ... "

သွေးသွေးက ထိုင်ခုံလေးမှာ မကျေမနပ်ထိုင်သည်။

အဲထဲမှာ ပြောလျှင် ညီမလေး အော်ကျယ်အော်ကျယ် လုပ်မှာစိုးမိ၏။

ကျိတ်ပြီး ဖြေရှင်းစေချင်သည်။

"သွေး ... "



"ပြော ... "

"ယမင်းက ... "

"အပိုတွေ ... "

"သူ့မှာ သက်သေအထောက်အထားတွေ ရှိနေတယ်တဲ့ ... ယမင်းအသိတွေက မင်းမောင်မောင်ရဲ့ အိမ်နားမှာ နေတာတဲ့ ... မိသားစုအလိုက် အခြေအနေမကောင်းတာတဲ့ ... "

"မဟုတ်တာတွေ ... လျှောက်ပြောနေတာပါ မမရာ ... ဖေဖေရောက်လာတာနဲ့ တွေ့ကြမယ် ... လူကြီးစုံရာနဲ့ စေ့စပ်မယ် ... ကုမ္ပဏီကိစ္စက ပြီးနေပြီ ... စေ့စပ်မဲ့နေ့မှာ ဖွင့်ပွဲကို အကြီးအကျယ်လုပ်ကြမယ်မမ ... "

"ဟုတ်လား ... "

"ဟုတ်တယ် ... အဲ့ဒါ အသေအချာပဲ ... မောင်နဲ့အားလုံ စီစဉ်ပြီးပြီလေ ... ဖေဖေလာရင်အကောင်အထည်ဖော်မှာပဲ ... မမစောင့်ကြည့် ... "

"တော်ပါသေးရဲ့ကွယ် ... မမက စိတ်ပူနေမိတာပါ ... "

"ဖေဖေ ပြန်ရောက်လာတာနဲ့ စီစဉ်မှာပါ ... ပြောထားမယ်နော် ... မင်္ဂလာဆောင်မှာ မမအရင်ဆောင်ချင်လည်း ရတယ်နော် ... သွေးတို့က စေ့စပ်ထားကြလည်းရတယ်"

"ကောင်မလေး ပေါက်ကရတွေ ... ဖေဖေက ညည်းလေးနဲ့ ရည်မှန်းထားရင် ဘယ်လိုလုပ်မလဲ ... "

"ဆောရီးပဲ ... ကျွန်မမှာ ချစ်သူရှိပါတယ်ဆိုမှ ... အကြီးအတွက်ပဲထားလိုက်ပါ ... ကိုဇေကလည်း မမအပေါ်အရမ်း

www.burmeseclassic.com

www.burmeseclassic.com



အကြြင်နာတွေ ပြနေတာပါနော် ... ”

“ဟဲ့ကောင်မလေး တိုးတိုးပြောစမ်းပါ ... ဒုက္ခပါပဲနော် ... ညကတိတ်နေတာ ... ”

“ကြားလည်း ဘာဖြစ်လဲ ... အောင်သွယ်ပေးပြီးသား ဖြစ်သွားမယ် ... ကိုဇေကာ မမကိုကြိုက်နေပါပြီ ... ”

“ကဲ ... ကဲ ... အမိ အိမ်ထဲဝင်တော့ အပြင်မှာ အေးတယ် ဒီည စောစောအိပ်နော် ... မနက်ဖြန် ဖေဖေ့ကို သွားကြို မယ် ... ”

“ဟုတ်ကဲ့ပါ ... ”

“ညီမလေး ချစ်သူအကြောင်း နိုင်နိုင်လုံလုံကြားရတော့ လည်း မမစိတ်အေးသွားရတယ် ... တော်ပါသေးရဲ့ ... ”

“ကြားစကားတွေ မယုံပါနဲ့မမရာ ... အပိုတွေပါ အလကား”

သွေးသွေးမြိုင် မမကို ပြောပြီး တိုက်ကြီးထဲဝင်ထား မိသည်။

အခန်းထဲဝင်လာခဲ့၏။

ဟင်း ...

လူတွေကလည်း ...

မောင်နဲ့ပတ်သက်ပြီး ကောင်းသတင်းဆိုတာ မကြား ရပေ။

အခြေအနေ မကောင်းဘူးတဲ့ ...

လောင်းကစားသမားတဲ့ ...

အသေအချာပြန်စဉ်းစားကြည့်မိတော့လည်း မောင်



အကြောင်း ဘာမှ မသိပေ။

မမယမင်းပြောတာပဲ ဖြစ်နေမလား။

စိတ်တွေ ရှုပ်လိုက်တာ ...

မောင် ...

သွေးကို ဖတ်နေတာလား ... ။

ဖေဖေ ပြန်လာရင်တော့ မောင်ဖေဖေ့ကို ရှောင်လို့ မရတော့ဘူး။

တွေ့ရမှာပဲ ...

“မောင်တို့ စေ့စပ်တဲ့နေ့နဲ့ ကုမ္ပဏီဖွင့်ပွဲနေ့ တစ်နေ့တည်း လုပ်မယ် ... ”

မောင်ပြောတဲ့ စကားတွေကိုပင် သံသယဝင်လာရ သည်။

“သွေးရယ် မောင့်ကို ယုံစမ်းပါ ယုံပါ ... ”

မောင့်ကို သွေးသွေး အမွေရထားတဲ့ စိန်တွေပေး လိုက်သည်။

ဘဏ်မှာ အပ်ထားတဲ့ငွေတွေရော ...

ကားရော ...

မမဆီက တောင်းထားတဲ့ငွေတွေရော အားလုံးပုံ ပေးလိုက်သည်။

ဖေဖေရောက်လာလို့မှ မောင်ရှောင်ထွက်သွားရင် ... ...

မဖြစ်နိုင်ပါဘူးလေ ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုဇေက ညီမလေးအတွက် လူကြီးတွေက ရည်မှန်း...
ရင်ရော ..."

မမပြောတဲ့ စကားတွေကို ကြားယောင်လာ...
သည်။

မဆိုးဘူး ... ။

အိုကေပဲ ... ။

ကိုဇေလည်း ချမ်းသာသည်။

လက်ထပ်ပြီးရင် နေဖို့ ခြံနဲ့တိုက်တောင် ဝယ်ထား...
ပြီးပြီ။

သွေးသွေးမြိုင် အိပ်ရာပေါ် ပစ်လှဲချပစ်လိုက်သည်...
မျက်လုံးတွေ မှိတ်ပစ်လိုက်၏။

သွေးသွေးမြိုင်မှာ ဘယ်တော့မှ အပူအပင်ဆို...
မရှိခဲ့။

ခေါင်းချလိုက်တာနှင့် အိပ်ပျော်သွားတော့သည်...



## အခန်း(၁၆)

ဖေဖေ ပြန်ရောက်လာသည်။

ဇေရော ညီမလေးရော သူမရော သွားကြိုခဲ့ကြ၏။

အားလုံး ဝမ်းသာနေကြသည်။

"မမ ..."

"ဟင် ..."

"ဖေဖေ့ကို သွေးအကြောင်း နောက်မှအေးအေးဆေးဆေး
သွေးကိုယ်တိုင်ပြောမယ် ..."

"အင်းပါ ..."

"ပြီးတော့ ကားရောင်းလိုက်တာလည်း ငွေတွေမမဆီမှာ
အပ်ထားတယ်လို့ ပြောပေးနော် ... "

"အင်းပါ ..."

"တကယ်လို့ ဖေဖေက ပိုက်ဆံစိုက်ပြီး ... ကား...တစ်စီး

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးမယ်ပြောရင်လည်း မမငွေပဲပေးလိုက်နော် အ
ကြီး ... မမမှာက အရမ်းထောတာပဲ ... ပိုက်ဆံတွေ
တယ်နော် ... နော်လို့ ... "

"အင်းပါ ... "

သွေးသွေးကတော့ မမကိုပြောထားပြီးသား
သည်။

နည်းနည်းတော့ လန့်ရ၏။

မောင် ရှောင်သွားရင် ...

မမရှိတာပဲ ...

မောင့်ဘက်ကရေရာမှ ဖေဖေ့ကို ဖွင့်ပြောမယ်

"သမီးလေးကိုပဲ ဖေဖေက စိတ်ပူတာပါ ... အားလုံးအ
ပြေရဲ့လားသမီး ... "

ဦးကျော်ခေါင်ကတော့ သမီးကြီးကို စိတ်မပူမိ
လိမ္မာသည်။

ရိုးသားဖြူစင်၏။

သမီးလေးပဲ ...

မွေးစားသမီးလေးပေမဲ့ မိမိရော သမီးကြီးပါ
သားအရင်းလို ချစ်မိကြသည်။

အလိုလိုက်ထားကြ၏။

ခပ်ဆိုးဆိုး ခပ်ပေပေကောင်မလေး ...

"သမီး အဆင်ပြေပါတယ်ဖေဖေ ... မမကလည်း သွေ
အလိုလိုက်ပါတယ် ... "



"အေး ... အေး"

မောင်ဖေယျာညီကို သမီးလေးနှင့်သဘောတူနေမိ
သည်။

လူကြီးတွေ စီစဉ်ကြတာပါ။

လူငယ်တွေကရော ...

နီးစပ်မှုရှိနေပြီလားဆိုတာ သမီးကြီးကို မေးရမယ်။

"ကိုဖေရော ဒီမှာနေရတာ အဆင်ပြေရဲ့လား ... "

"ပြေပါတယ် အန်ကယ် ... မမက ဧည့်ဝတ်အရမ်းကျေပါ
တယ် ... လိုလေသေးမရှိအောင် လုပ်ဆောင်ပေးတာပါ"

"အေးကွယ် ... မင်းအဖေဆီလည်း ဖုန်းဆက်ရမယ် ...
အားလုံး နေကောင်းကြတယ် မဟုတ်လား ... "

"ကောင်းပါတယ် အန်ကယ် ... ဖေဖေကလည်း အန်ကယ်
နဲ့ တွေ့ချင်နေတာပါ ... "

"အေး ... အေး"

"အန်ကယ် အနားယူပါ ... ညနေကျရင်တော့ အန်ကယ်
တို့မိသားစုကို ဖေအပြင်မှာ ညစာလိုက်ကျွေးပါရစေ ... "

"ကောင်းပါတယ်ဖေ ... ခင်မင်ရင်းနှီးမှုရတာပေါ့ အန်ကယ်
နားလိုက်ဦးမယ် ... "

"ဟုတ်ကဲ့ ... "

ဖေ ထွက်သွားသည်။

"သမီးလည်း အပြင်ထွက်သွားလိုက်ဦးမယ် ... ဖေဖေ အလုပ်
ကိစ္စတွေ ရှိနေလို့ ... "

www.burmeseclassic.com

www.burmeseclassic.com



"သွားလေ သမီး ..."

ညီမလေးပါ ပြန်ထွက်သွားတော့ သော်ကမြိုင်နဲ့ ဖေဖေပဲ ကျန်ခဲ့သည်။

"သမီးကြီး ..."

"ရှင် ..."

"အခြေအနေ ဘယ်လိုရှိလဲ ..."

"ဖေနဲ့ညီမလေးကတော့ သိပ်မရင်းနှီးသေးဘူးဖေဖေ ..."

ညီမလေးက သူမမှာ ချစ်သူရှိတဲ့အကြောင်း မပြောပါနဲ့လို့ ပြောထားသည်။

"ဖေဖေကတော့ သမီးငယ်ကို စိတ်မချဘူး ... ယောက်ျားကောင်းတစ်ယောက်နဲ့ အိမ်ထောင်ကျသွားမှ စိတ်အေးရမယ် သမီးကြီး ..."

"ဟုတ်ကဲ့ပါ ဖေဖေ ..."

"ဖေဖေက ဇော်ကို သမီးလေးနဲ့ပဲ လက်ထပ်ပေးဖို့ လူကြီးချင်း စီစဉ်ထားပြီးပြီ ..."

"ကောင်းပါတယ် ဖေဖေ ..."

"ဖေဖေတို့က မွေးစားသမီးလေးအတွက် ဝိုပြီး လုပ်ဆောင်ပေးသင့်တယ် ..."

"ဟုတ်ကဲ့ ..."

"သမီးကြီးကတော့ လိမ္မာပါတယ် ... ဖေဖေ စိတ်ချပါတယ်၊ ဖေဖေ ရှာဖွေထားတဲ့ စည်းစိမ်တွေက သမီးတစ်သက်စားမကုန်ပါဘူးကွယ် ..."



"ဟုတ်ကဲ့ ..."

"သမီးကြီး ..."

"ရှင် ..."

"သမီးကြီးမှာရော ရည်မှန်းထားတဲ့ချစ်သူတွေ ဘာတွေရော ရှိလား ..."

ဖေ ...

မမ ဘယ်လိုပြောရမလဲ ... ။

ဖေဖေက ပြောနေပြီပဲ။

ဇော့ကို ညီမလေးနဲ့ပဲ ရည်မှန်းထားပြီးသားပါတဲ့။

"မရှိပါဘူး ဖေဖေ ..."

"ရှိရင်လည်း ဖေဖေ့ကိုအားမနာတမ်းပြောနော် ... ဖေဖေက သမီးတို့ အမေဆိုလည်းဟုတ်တယ် ... ပြောပါ ... ဖေဖေ အားလုံးစီစဉ်ပေးမယ် ..."

"မရှိပါဘူး ဖေဖေ ... သမီးမှာ ချစ်သူလည်း မရှိပါဘူး ... ဖေဖေ့အနားမှာ ပြုစုပေးဖို့ အမြဲတမ်း တစ်ယောက်တည်းနေမှာပါ ..."

"သမီးကြီးရယ် ... လိမ္မာလိုက်တာ ... ဒါပေမဲ့ သမီးကြီးဘဝ ရှေ့ရေးအတွက် အိမ်ထောင်ဖက်တော့ ရှာသင့်ပါတယ်"

သူမရင်ထဲမှာ နာကျင်စူးရှတဲ့ ဝေဒနာကို ခံစားနေရ

သမီးဘဝရှေ့ရေးအတွက် ချစ်သူရှာသင့်ပါတယ်တဲ့။

တွေ့ပြီဆိုရင်ရော ...

www.burmeseclassic.com

www.burmeseclassic.com



ဖေလေ …

မဖြစ်ပါဘူး … ။

ကျွန်မရဲ့ ဂုဏ်သိက္ခာတွေ ရှိသေးတယ်။

"ဖေဖေ အနားယူတော့နော် … "

"သွေးသွေးအပြင်ထွက်သွားတာ ညနေစောစောပြန် … တောင် မမှာလိုက်ရဘူး … "

"သမီး ဖုန်းဆက်ပြီး ပြောလိုက်ပါ့မယ်ဖေဖေ … "

"အေးအေး … "

ဖေဖေကတော့ ညီမလေးအတွက်ပဲ စိတ်ထဲ… ရှိနေသည်။

"သမီးသွားတော့မယ် … "

"အေး … "

သူမ …

အပြင်ထွက်လာခဲ့သည်။

"မမ … "

"ဟင် ဖေ"

"အန်ကယ်ဘာပြောလဲ … "

"ဘာကိုလဲ … "

"ဇေ့အကြောင်း … "

"ဟင့်အင်း … "

"မနက်ဖြန်ကျရင် … ဖေဖေ့ဆီကို ဖုန်းဆက်မယ် … … လက်ထပ်မဲ့ သတို့သမီးလောင်းကို ရွေးပြီးကြောင်း…



"မင်းမရွေးချယ်သင့်ဘူးဇေ … လူကြီးတွေ ရွေးချယ်ပေးတာပဲ အသင့်တော်ဆုံးပါဧရယ် … "

မင်း …

မမကို ရွေးချယ်မှာမဟုတ်လား။

မဖြစ်နိုင်ဘူး …

မမဂုဏ်သိက္ခာနဲ့ ညီမလေးနဲ့လက်ထပ်မဲ့ယောကျ်ား ကို မရွေးချယ်သင့်ပါဘူး။

ငိုချင်လာမိသည်။

ဇေက သူမျက်ဝန်းတွေထဲ ထိုးဖောက်မတတ် စူးစိုက်ကြည့်နေ၏။

"မမ … "

"ဟင် … "

"သော် … "

"မမသွားတော့မယ် … "

တိုက်ကြီးထဲမှာ လူရှင်းနေ၍ သော်ကမြိုင် လန့်သွားရသည်။

မသွယ်တို့လည်း မရှိ။

အားလုံး မီးဖိုခန်းထဲမှာ ချက်ပြုတ်လုပ်ကိုင်နေကြသည်။

"ခဏနေပါဦး … သော်နဲ့ တိုင်ပင်စရာရှိလို့ … "

"နောက်မှ တိုင်ပင်ပါ … မမ အရမ်းပင်ပန်းနေလို့ပါ … ဖေဖေ တွေ့သွားရင် မကောင်းဘူးဇေ … မမတို့ သိပ်ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



လို့ မဖြစ်ပါဘူး ... ”

“ဘာဆိုင်လဲ ... အနက်ကယ်ကရော ဘာပြောမှာလဲ ... သော် ဘာလို့ ဒီလောက်အထိ ကြောက်နေရတာလဲ ... ”

မင်းနားမလည်ဘူးလားဓေ ...

ဗျဲရဲ့ဂုဏ်သိက္ခာတွေ အတွက်ပေါ့။

မင်းကို လူကြီးတွေက ညီမလေးနဲ့ လက်ထပ်မဲ့ ယောက်ျားကို လုရမလား။

“မမ ... ”

“ဓေ ... ”

“ခဏနေပါဦး ... ”

“မနေဘူးကွာ ... ”

သော်ကမြိုင်ဘက်ကပဲ ရှောင်မှ ဖြစ်တော့မှာပါ။

အခန်းထဲဝင်လာခဲ့သည်။

အိပ်ရာပေါ် ထိုင်မိစဉ် မျက်ရည်တွေက မျက်ဝန်း တွေထဲမှာ ပြည့်လာရ၏။

ကြေကွဲနေရသည်။

ဘာဖြစ်လို့လဲ ...

ဓေရဲ့ အကြင်နာမျက်ဝန်းတွေကို မြင်နေရသည်။

မမကို မကြင်နာပါနဲ့ ...

မင်းနဲ့ ရင်မဆိုင်ချင်ပါဘူးဓေ ...

မမအရမ်းကြေကွဲနေရတယ်။

ဓေသိရဲ့လား ... ။



မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ လိမ့်ဆင်းကျလာ သည်။

ညီမလေးမှာ ချစ်သူရှိတယ်။

အဲ့ဒါ ...

ဖေဖေ့ကို ဘာလို့ မသိစေချင်ရတာလဲ။

သွေးသွေးက အကွက်များတတ်တာ သော်ကမြိုင် သိနေသည်။

ယမင်းပြောသလို ညီမလေးချစ်သူ မင်းမောင်မောင် က အခြေအမြစ်မရှိတဲ့လူလား။

စိတ်ပူလိုက်တာ ...

အစ်မကြီးပဲ အမိအဖရာလေ ...

ညီမလေး ဘဝရှေ့ရေးအတွက်ပဲ ကြည့်ရမှာပါ။

သော်ကမြိုင်ရဲ့ လက်ကိုင်ဖုန်းမှ တီးလုံးသံလေး မြည်လာသည်။

ကြည့်လိုက်တော့ သွေးသွေးဆီက ...

“မမ ... ”

“အတော်ပဲ သွေးသွေး ... မမလည်း ညီမလေးဆီကို ဖုန်း ဆက်မလို့ ... ”

“ဘာကိစ္စလဲမမ ... ”

“စောစောပြန်ခဲ့ဖို့လေ ... ”

“အင်း ... ”

“ညီမလေး ဘာကိစ္စရှိလို့ ဖုန်းဆက်တာလဲ ... ”

www.burmeseclassic.com

www.burmeseclassic.com



"မမ ... "

"ပြောလေ ... "

"ညီမလေးမှာ ချစ်သူရှိတဲ့အကြောင်း ဖေဖေ့ကို မပြောနဲ့နော် ... "

"အင်းပါ ... ညီမလေးပဲ ဖေဖေရောက်လာရင် ချစ်သူနဲ့ တွေ့ပေးမယ်ဆို ... "

"အင်းပါ ... အခုနည်းနည်း အဆင်မပြေသေးလို့ပါ ... "

"အေးပါကွယ် ... မမဘာမှ မပြောပါဘူး ... ဒီနေ့တော့ သွေး စောစောပြန်လာနော် ... ဖေဖေရှိတယ် ... အသက်ကြီးပြီ ... စိတ်မမောပါစေနဲ့ ... "

"အင်းပါ ... "

သွေးသွေးမြိုင်ကတော့ ... မောင်နဲ့ပတ်သက်ပြီး အာမခံဖို့ မလွယ်ပေ။

မောင် ...

သူမနှင့် ချိန်းထားပြီး မလာပေ။

အဆက်အသွယ်လည်း မရဘဲဖြစ်နေရသည်။

ဖေဖေသိလို့ မဖြစ်သေးဘူး။

သွေးသွေးမြိုင် ပိုင်ဆိုင်သမျှအားလုံး မောင့်ကို ပေးလိုက်ရတယ်။

"သွေးသွေး ... "

"ရှင် ... "

"ညီမလေး ဘာဖြစ်နေလဲဟင် ... "



"ဟင့်အင်း ... "

အခြေအနေအားလုံးကို ပြောပြလို့မဖြစ်သေးပေ။

မောင်က မဟုတ်တော့ ...

ဖေဖေရောက်လာပြီလည်းဆိုရော မောင့်အရိပ်အယောင်ပင် မတွေ့ရ။

တစ်ခုခုဖြစ်နေလို့လား ...

အသေအချာ မသိရသေး၍ သွေးသွေးမပြောသေးတာပါ။

"သွေးသွေး စောစောတော့ ပြန်လာနော် ... မမတို့စောင့်နေမယ် ... "

"လာမှာပါ ... စိတ်ချ မမဘာမှမပူနဲ့ ... ဖေဖေ့ကိုသာ ညီမလေးအကြောင်းတွေ ဘာမှမပြောပါနဲ့နော် ... "

"အေးပါ ... မမဘာမှ မပြောထားပါဘူး ... ညီမလေးကို မမက စိတ်ချမ်းသာစေချင်တာပါကွယ် ... "

"တကယ် ... "

"တကယ်ပါ ... "

"ဒါမှ မမကွ ... သွေးသွေးကို ကူညီပါနော် ... သွေးသွေးမှာ အရေးဆို မမပဲ ကူညီမဲ့သူရှိတာပါနော် ... "

"အင်းပါ ... "

"ဒါဆို ညီမလေးစောစောပြန်လာမယ် ... မမတို့နဲ့အတူ ညစာစားမယ် အိုကေ ... "

"အိုကေ ... "

www.burmeseclassic.com

www.burmeseclassic.com



"မမကို ချစ်တယ် ..."

"ကောင်မလေးနော် ..."

"ဒါပဲနော် မမ ..."

သွေးသွေးမြိုင် ဖုန်းကိုပိတ်ပစ်လိုက်တော့သည်။

ဟွန်း ...

မမကို အပြတ်ဖားထားရတယ်။

ရှင့်ကြောင့် ...

ကိုမင်းမောင်မောင် ...

ရှင်ဘယ်ရောက်နေလဲ ... ။

သွေးသွေးနဲ့ ချိန်းထားတာကို ရှင်ဘာလို့ မလာ တာလဲ။

ဘယ်မှ ဆက်သွယ်မရ။

ကိုမင်းမောင်မောင်က လုံးဝ အဆက်အသွယ်ပြတ် တောက်နေသည်။

ဘာကြောင့်လဲ ...

အလုပ်တွေပဲ ရှုပ်နေလို့လား ...

မဖြစ်နိုင်ပါဘူး။

ကျွန်မ လက်ကိုင်ဖုန်းကို ရှင်အဆက်အသွယ်လုပ်ဖို့ ရသားပဲ။

တမင်မလာတာ ...

မဆက်သွယ်ဘူး။

ကျွန်မကို ရှင်ပတ်ပြီး လစ်ထွက်သွားပြီလား။



"မင်းမောင်မောင်ဆိုတာက လောင်းကစားသမား အခြေ အမြစ်မရှိဘူး သွေး ... မိသားစုအလိုက် အခြေအနေ မကောင်းတာ ..."

မမယမင်း သတိပေးထားတဲ့ စကားတွေကို ကြား ယောင်မိလာသည်။

ရင်တွေ ပူလာရ၏။

ဟုတ်တယ် ... ။

ကိုမင်းမောင်မောင် ပတ်သွားပြီ။

ရှောင်ထွက်သွားတာပါပဲ။

သူ့အကြောင်း ဘာမှမသိဘဲ သူ့ကိုယုံကြည်မှုအပြည့် နှင့် စည်းစိမ်ဥစ္စာတွေ ပုံအပ်ခဲ့သည်။

သွေးသွေးမှာ ဘာမှမရှိတော့ဘူး။

ကုန်ပြီ ...

ရှင်တော်တော် ယုတ်မာတာပဲ။

သွေးသွေး ရှစ်စပ်ကဂျင်ဂျင်လည်လာခဲ့သလောက် မင်းမောင်မောင်နဲ့ တွေ့မှ အလိမ်ခံလိုက်ရပြီ ဖြစ်သည်။

မတတ်နိုင်ဘူးလေ ...

နေပေါ့ ...

ကိုဇေ ရှိတာပဲ။

စည်းစိမ်ချမ်းသာတွေ ပြည့်စုံနေတဲ့ ကိုဇေကို လက်ထပ်ပြမယ်။

ဒီညနေ ...

www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပွဲရှိတယ်။
ကိုဇေ ကျွေးမှာပါ။
ပြန်မယ် ...
ကုန်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ မမရှိတာပဲ။
မမကို ရှင်းခိုင်းမယ်။

"ကိုဇေက ညီမလေးနဲ့ လက်ထပ်ပေးဖို့ ရည်မှန်းထားတယ် ဆိုရင်ရော ..."

မမပြောတဲ့စကားတွေကို ကြားယောင်လာမိသည်။
သွေးသွေးပြုံးပစ်လိုက်၏။
ဘဝအတွက်တော့ အရှုံးမပေးနိုင်ဘူး။
သွေးသွေးမြိုင် အိမ်ကိုပဲ ပြန်လာခဲ့တော့သည်။



## အခန်း(၁၇)

"သမီးလေး ပြန်လာပြီ ... ညစာစားပွဲသွားဖို့အတွက် ပြင်ဆင်လေ ..."

"ဟုတ်ကဲ့ ဖေဖေ ..."

"ညီမလေး စောစောပြန်ရောက်လာလို့ ... ဝမ်းသာလိုက်တာ... ညီမလေး မလာမှာဆိုးနေတာပါ ..."

"ဘယ်ရမလဲ ... ကိုဇေ ကျွေးမှာမို့ ပြန်လာတာ ... ဖေဖေလည်း ရောက်ကာစဆိုတော့ ... သွေးက စိတ်အနှောင့်အယှက် မဖြစ်စေချင်တာသိလား ..."

"သမီးလေး လိမ္မာလာပြီပဲ ..."

သွေးအခန်းထဲဝင်လာခဲ့သည်။
ဟန်ဆောင်ပြုံးနေရပေမဲ့ စိတ်က အသက်မပါ။
ဟွန်း ...
မင်းမောင်မောင် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို ပတ်သွားပြီပဲ။

ရှောင်ထွက်သွားတာ သေချာသည်။

အခန်းထဲရောက်မှ ဖုန်းထပ်ဆက်သွယ်တာ ဆ...
သွယ်၍ မရ။

"ကိုမင်းမောင်မောင်က အိမ်ငှားနေတာပါ ... အခုပြန်...
သွားပါပြီ ... "

သူမ ...

ဒေါသဖြစ်ရသည်။

နောင်တတွေ ရနေမိသည်။

သွေးသွေးမြိုင် ဒီတချီ အကြီးအကျယ် ခံရတာပဲ။

ရမလား ...

ကိုဇေ ရှိသေးတယ်။

အရှုံးမပေးနိုင်ပါဘူး။

မမနဲ့ ကိုဇေနဲ့များ ချစ်သူတွေ ဖြစ်နေကြပြီလား...
ထားလိုက်ပါ ...

မမက အရေးမကြီးဘူး။

သွေးလုပ်ချင်တာ လုပ်မယ်။

ကိုဇေနဲ့ နီးစပ်မှုရှိဖို့ သွေးကြိုးစားရမှာပဲ။

သွေး စိတ်ကူးလွဲတာ ...

ကိုဇေက မင်းမောင်မောင်နဲ့ တခြားစီပဲလေ။

ကြည့်ပါဦး ...

အရာအားလုံး ပြည့်စုံတယ်။



မိဘအရှိန်အဝါရော ငွေကြေးပြည့်စုံမှုတွေရော ဘာမှ...
...လိုဘူး။

သွေး အလှအပဆုံးပြင်မိသည်။

ဖေဖေကတော့ သွေးအတွက်ပဲ စဉ်းစားမှာ သေချာ...

သွေးကို အရမ်းချစ်တယ်။

အိုကေ ...

သွေး ဘာမှမစားပါဘူး။

ဖေဖေ့ရဲ့ အမွေအနှစ်တွေက အများကြီးပဲရှိတယ်။

ပြင်ဆင်ပြီး အပြင်ကို ထွက်လာခဲ့မိသည်။

မမလည်း ပြင်ပြီးနေပြီ ...

အဖိုကြီးက ဘယ်ဆိုးလို့လဲ ...

"မမက လှတယ် ... ဒီတစ်ခါတော့ အစွမ်းကုန်အလှတွေ
ပြင်ထားတာ ထင်တယ်နော် ... "

"သွေးသွေးက ပိုလှတာပါ ... လာလေ ... ခြံထဲမှာ ဖေဖေ
တို့စောင့်နေပြီ ... "

ညီအစ်မနှစ်ယောက် ခြံထဲသို့ ဆင်းလာခဲ့မိသည်။

ဖေဖေနှင့်ဖေက စောင့်နေ၏။

ကားပေါ်တက်ကြတော့ ...

"ဖေဖေနဲ့ မမနောက်မှာ ထိုင်နော် ... သွေး ကိုဇေနဲ့အာရှိ...
ရမယ် ... ကိုဇေပျင်းနေမှာဆိုးလို့ ... "

"ကောင်းတယ် ... သမီးထိုင်ပါ ... ဇေပျင်းမနေအောင်

www.burmeseclassic.com

www.burmeseclassic.com



သမီးစကားတွေပြော ...”

မတတ်နိုင်ဘူး မမရေ ...

သွေးသွေးမြှိုင်ကတော့ ကိုဇေ့ကိုပဲ လက်ထပ်
ရွေးချယ်လိုက်ပြီ ...

အိုကေနော် ...

မမကလည်း သွေးသွေးမြှိုင်ရှေ့ရေးအတွက် စိတ်
နေတာ မဟုတ်လား။

“ကိုဇေ ...”

“ဟင် ...”

“သွေးက ကိုဇေကျွေးမယ်ဆိုလို့ ပြန်လာတာနော် ...”

သွေး ...

မင်းတစ်မျိုးပဲ ...

ကိုယ့်ကို ဓာယ်တုန်းက အရေးအရာလုပ်ဖူးလို့ထဲ
ဒီနေ့မှ ထူးခြားနေသည်။

ဇေကတော့ မမကိုပဲ ရွေးချယ်ထားပြီးပြီ။

မင်းကို အထင်မကြီးဘူးသွေး ...

ထင်ရာစိုင်းနေတတ်တဲ့ မင်းလိုမိန်းကလေးမျိုး
ကိုယ်ဘယ်တော့မှ မရွေးချယ်ပါဘူး။

“ကိုဇေ ... ဘာလုပ်ငန်းတွေ လုပ်တာလဲဟင် ...”

“ကိုယ့်ဖေဖေကတော့ လုပ်ငန်းတွေ အများကြီးပဲလေ ...
ဒါကို ကိုယ်ဦးစီးတယ် ... ကိုယ်က တစ်ဦးတည်းသော
သားပဲဟာ ...”



ကိုဇေ ...

ရှင် ...

အရမ်းမက်မောစရာကောင်းတဲ့ ယောကျ်ားတစ်
ယောက်ပဲ။

ကိုမင်းမောင်မောင်နဲ့ ဘာမှမဆိုင်ဘူး။

“သွေးလည်း လုပ်ငန်းတွေ အရမ်းလုပ်ချင်တာ ... လုပ်သမျှ
မအောင်မြင်ဘူး ဖြစ်နေတယ် ... ကိုဇေ သွေးကို ကူညီရ
မယ်နော် ... သင်ပေးရမယ် ...”

ဇေ ...

ဘာမှ မပြောပေ။

သွေးနှင့်ပတ်သက်ရမှာတော့ သူစိတ်ပျက်နေမိ
သည်။

ဘာမှ အထင်ကြီးစရာမရှိတဲ့ မိန်းကလေးတစ်
ယောက်ပဲ ဖြစ်နေ၏။

စားသောက်ဆိုင်ရောက်လာသည်။

သူတ မမကို အပြင်ထွက်စေချင်လို့ ကျွေးမွေးတာ

မမစိတ်တွေကို လန်းဆန်းစေချင်မိသည်။

ဝတ်စားပြင်ဆင်စေလို၏။

ဒီနေ့ ...

မမအလှက အေးချမ်းနေတာပဲ။

အသက်အရွယ်က နုပျိုသေးပါလျက်နှင့် အဘွားကြီး

www.burmeseclassic.com

www.burmeseclassic.com



ဂိုက်ဖမ်းနေသည်။

သွေးက သူ့အနားကပ်ထိုင်၏။

ဖေ့ သဘောမကျမိ။

မမပဲ ...

အမြဲတမ်း ...

အေးစက်နေတဲ့ မမကို သူ့စိတ်ထဲမှာ အားမရ။

ဖေ့ ပန်းကန်ထဲသို့ သွေးစားရေးတွေ တယုတယ ထည့်ပေးနေသည်။

မမ တစ်မျိုးတွေ့ထင်မှာပဲ။

"ကိုဖေ စားနော် ... အခုလို ကျွေးတဲ့အတွက် ကိုဖေကြီးမှား ချမ်းသာပါစေ ... ဒီထက် သွေးတို့ကို ကျွေးမွေးနိုင်ပါစေ နော်"

ဖေ့ကို သွေးတရင်းတနှီးနှင့် ပြောဆိုဆက်ဆံနေတာ သော်ကမြိုင် သတိထားမိနေသည်။

"သွေးကလေ ... ကိုဖေ့အပေါ် အရမ်းလေးစားမိတယ် သိလားဖေဖေ ..."

"ကောင်းပါတယ် သမီးရယ် ... ဖေ့ကို သမီးလေး ခင်မင် လေးစားတာ ကောင်းပါတယ် ..."

သွေး ...

မင်းပြောင်းလဲသွားပြန်ပြီ။

ကိုဖေမှ ကိုဖေဖြစ်ပြန်ပြီ။

အစကတော့ ...



စိတ်မဝင်စားဘူးဆို ...

သွေးမှာ ချစ်သူရှိပါတယ်တဲ့ ...

ဖေ့အနား မင်းတယုတယကပ်နေပြီ မဟုတ်လား။

သော်ကမြိုင် ...

ညည်း ဘာဖြစ်နေတာလဲ။

အဲဒါ ...

ညီမလေးအတွက် ညည်းဖြစ်စေချင်တဲ့ ဆန္ဒပဲလေ။

ဖေက စိတ်မဝင်စားပါဘူး။

သော်ကမြိုင်ကိုကြည့်နေသည်။

အမွှေးအနံ့တွေ ကြိုင်နေတဲ့ စားသောက်ဖွယ်ရာတွေက သော်ကမြိုင်ရဲ့ စိတ်ငြီးတွကို စွဲဆောင်ထားနိုင်ခြင်း မရှိတော့။

ညီမလေးက ကိုဖေ့အနားကပ်လျှန်းနေသည်။

ဘာအကြံရှိနေလဲ ...

ဖေဖေကတော့ သဘောကျနေသည်။

ညီမလေးကိုပဲ ဖေနှင့်လက်ထပ်ပေးချင်နေမိ၏။

သော်ကမြိုင်လည်း ဖြစ်စေချင်ပါတယ်။

ညီမလေး ...

ချစ်သူနဲ့ ပြဿနာ တက်လာပြီလား။

"မမ ..."

"ဟင် ..."

"စားလေ ..."

ဖေက ကွယ်ရာမှာတော့ သော်ဟုခေါ်တတ်ပြီး လူ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တွင် မမဟု ခေါ်တတ်သည်။

"အင်း ..."

"ဘာမှာဦးမလဲမမ ... ထပ်မှာလေ ... အားမနာနဲ့နော် ... မမလည်း အိမ်ထဲမှာပဲနေရလို့ အပြင်ကို ထွက်စေချင်တာပါ"

"ကျေးဇူးပါပဲ ဇေ ... ဖြေဖြေ စားလေ ..."

"အေး ... အေး ..."

သူမ ...

မျိုချ၍ မရတော့။

လည်ချောင်းဝမှာပဲ တစ်ဆို့နေသည်။

သွေးကတွေ့ ဇေနှင့် စကားလက်ဆုံကျဖို့ ကြိုးစားနေသည်။

ဖေဖေက မမကို ပြောပြီးသားပါ။

ညီမလေးရှေ့ရေးကို စိတ်အေးရအောင် စီစဉ်ပေးချင်တာတဲ့။

မမလည်း ဒီလိုပါပဲ။

ညီမလေးချစ်သူနဲ့ တစ်စုံတစ်ခုဖြစ်လာပြီဆိုတာ သိလိုက်သည်။

ရင်ထဲမှာ ပူလောင်လာရ၏။

ငွေတွေ အတော်များများပဲ သွေးချစ်သူလက်ထဲ ရောက်နေသည်။

စားသောက်ပွဲ ပြီးသွား၏။

အိမ်ပြန်ရောက်လာကြသည်။



"မမ ..."

"ဟင် ..."

"စိတ်ညစ်နေပြန်ပြီလား ..."

ဇေက လူအလစ်တွင် အနားကပ်လာပြီး ပြောသည်။

သော်ကမြိုင်အထိတ်တလန့်နှင့် ပတ်ဝန်းကျင်ကို ကြည့်မိ၏။

ညီမလေးအကြည့်တွေနှင့် ဆုံမိသည်။

စူးရှတဲ့ အကြည့်တွေ။

တင်းမာခက်ထန်နေတဲ့ မျက်ဝန်းအရိပ်တွေနှင့် ရင်ဆိုင်လိုက်ရသည်။

"မမ ..."

"ဟင် ..."

"ဇေ မေးနေတယ်လေ ..."

"မညစ်ပါဘူး ... မင်းက ဘာလို့ အရိပ်လိုကြည့်နေရတာလဲ မမက ယော်တော့တဲ့အရွယ်မဟုတ်ဘူးနော် ဇေ ..."

အမြင်ကတ်ကတ်နှင့် ခပ်မာမာပြောပစ်လိုက်မိသည်။

အခန်းထဲ ဝင်လာခဲ့၏။

မောလိုက်တာ။

ဇေနဲ့ ညီမလေးအမြန်ဆုံး လက်ထပ်ကြပါစေ။

အိပ်ရာပေါ် ပစ်လှဲချလိုက်မိသည်။

စိတ်ညစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အသက်ရှုလို့ မရအောင် မွန်းကျပ်ကျပ်ကြီးဖြစ်နေမိသည်။

"မမ ..."

"ဟင် ..."

အပြင်မှ ညီမလေးအသံကို ကြားလိုက်ရသည်။

စိတ်ထဲမှာ လေးလံသွားရသည်။

"တံခါးဖွင့်ပါဦး ..."

သူမ ...

ထလိုက်သည်။

တံခါးဖွင့်ပေးလိုက်၏။

ညီမလေး အခန်းထဲသို့ ဝင်လာခဲ့သည်။

"မမ ..."

"ဟင် ..."

"အိပ်တော့မလို့လား ..."

"မအိပ်သေးပါဘူး ..."

ညီမလေးမျက်နှာက ပြုံးနေသည်။

စိတ်တော့ ထင့်ရ၏။

"မမ ..."

"ပြော ..."

"မေးစရာရှိလို့ ..."

"မေးလေ ..."

"မမနဲ့ ကိုဇေက ဘယ်လိုအခြေအနေမျိုးဖြစ်နေလဲ ..."



"ဟင် ..."

"မမနဲ့ ကိုဇေ ငြိနေကြပြီလား ..."

"မငြိပါဘူး ... မမတို့က ရိုးရိုးသားသားခင်မင်ကြတာပါ"

"တော်ပါသေးရဲ့ ..."

"ဟင် ..."

"မမ ... သွေးချစ်သူက သွေးအပေါ် သစ္စာမဲ့သွားပြီ"

"ဟယ် ..."

"ငွေတွေလည်း လိမ်ယူပြီး ရှောင်ထွက်သွားတယ် မမ"

"ဒုက္ခပါပဲ ဘယ်လိုလုပ်မလဲဟင် သွေး ..."

"ဘယ်တတ်နိုင်မလဲ ..."

သွေးကတော့ ဘာမှမစ်စားရသလို အေးစက်နေသည်။

သော်ကမြိုင် စိတ်ပူသွားရ၏။

"မမ ..."

"ပြော ..."

"ဖေဖေနဲ့ ကိုဇေကို ညီမလေးအကြောင်းတွေ မပြောပါနဲ့နော် ..."

"မပြောပါဘူး သွေးရယ် ... ညီမလေးအတွက်ပဲ မမက စိုးစားနေရတာပါ ..."

"တကယ်နော် ..."

"တကယ်ပါ ..."

"မမကို အရမ်းချစ်တာပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



သွေးက သူမကို သိမ်းကျုံးဖက်ထားလိုက်သည်။

"ဖယ်စမ်းပါဦး ညီမလေးရယ် ... စုမေလေးချစ်သူက ယမင်းပြောသလို ဖြစ်နေပြီပဲ ..."

"အင်း ... ဒီလူယုတ်မာအကြောင်း ဆက်မပြောပါနဲ့တော့ မမရာ ... အရေးကြီးတာက မမနှုတ်လုံဖို့ပဲ ... ညီမလေးအကြောင်း မပြောပါနဲ့ ..."

"မမ ဘယ်သူ့ကိုမှ မပြောပါဘူးကွယ် ... ညီမလေး စိတ်အေးအေးထားပါ ..."

"မမ ..."

"ပြော ..."

"ညီမလေးဘဝရှေ့ရေးကောင်းစားစေချင်ကယ် မဟုတ်လား ..."

"ဘယ်လိုပြောလိုက်တာလဲ ညီမလေးရယ် ... မမက ကောင်းစားစေချင်တာပေါ့ ... မမအချစ်ဆုံး ညီမလေးပဲဟာ ..."

"ဒါဆို ... ညီမလေးအကြောင်းတွေ ကိုဇေ့ကို မပြောပါနဲ့ ဖေဖေလည်း မသိပါစေနဲ့နော် ..."

"အင်းပါ ... စိတ်ချ ညီမလေး ... မမနားလည်ပါတယ် ... ညီမလေးကို မမအကာအကွယ်ပေးမှာပါ ..."

"မမ ကျွန်မလေ ကိုဇေနဲ့ လက်ထပ်မယ် ..."

"ဟင် ..."

"မမက ဖေဖေ့ကို တောင်းဆိုပေးပါနော် ... ညီမလေး ကိုဇေ့ကိုပဲ ရွေးချယ်ထားလိုက်ပါပြီ ..."



သူမ ...

ရင်ထဲမှာ စူးနင့်တင်းကျပ်သွားသည်။

ကောင်းပါတယ်လေ။

ညီမလေး ရွေးချယ်မှာပါပဲ။

"မင်းမောင်မောင်က ညီမလေးအပေါ် ကောက်ကျစ်ယုတ်မာသွားတယ် မမ ... သွေး ကံဆိုးတာပါ ... လူကြီးမိဘစကားကို နားမထောင်ဘဲ သွေးသဘောနဲ့သွေး ထင်ရာစိုင်းမိလို့ မှားတာပါ ... ဒါကြောင့် လူကြီးတွေဆန္ဒအတိုင်းပဲ ကိုဇေနဲ့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပါ ..."

"ကောင်းပါတယ် ညီမလေးရယ် ... မမလည်း သဘောတူပါတယ် ... ညီမလေး လိမ္မာပါတော့ကွယ် နော် ..."

အူဝဲဆိုကတည်းက ညီမလေး တို့လက်ထဲကိုရောက်ခဲ့တဲ့ ညီမလေး။

ညီမလေးအရင်းလိုပဲ မမချစ်ပါတယ်။

သော်ကာမြိုင်ကတော့ ညီမလေးအတွက်အဓိကထားဆုံးဖြတ်ထားလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

"ညီညီလား ... "

"ဟော့ ကျော်ခေါင် ... မင်းပြန်ရောက်လာပြီလား ... "

"အင်း ... "

ဖေဖေက သော်ကမြိုင်ရှေ့မှာပင် ဖုန်းကို စပီကာနှင့် ပြောနေ၍ ကြားနေရပါသည်။

ညီမလေးရဲ့တောင်းဆိုမှုကို ဖေဖေ့အား သူမပြောခဲ့၏။

ဒေ ...

မမနှလုံးသားတွေထဲမှာ စူးနင့်နာကျင်နေရတာယ်မတာတ်နိုင်ဘူးလေ။

ရွေးချယ်စရာလမ်းမှ မရှိတာဘဲ၊

ညီမလေးဘဝရှေ့ရေးအတွက်ပဲ မမစဉ်းစားပေးရှာပါ။



"ညီညီ ... "

"ပြော ... "

"မင်းသားနဲ့ ငါ့သမီးအငယ် သွေးသွေးမြိုင်တို့ လက်ထပ်ဖို့ ကိစ္စ မင်း ရန်ကုန်ဆင်းလာခဲ့ပါ ... "

"ကောင်းပြီ ... မင်းသားကိုလည်း သမီးအငယ်မနဲ့ လက်ထပ်ပေးဖို့ မင်းပြောလိုက်လား ... "

"မပြောလိုက်ဘူး အရိပ်အမြွက်လောက်ပဲ ပြောလိုက်တာလေ ... ကိစ္စမရှိပါဘူး ... ငါ့သားက ငါ့စကားကို နားထောင်မှာပါ ... "

"ညီညီ ... အမိက ငါ့သမီးအငယ်နဲ့ပဲ လက်ထပ်ပေးချင်တယ် ... မင်းကတိအတိုင်းပဲနော် ... "

"စိတ်ချစမ်းပါ မင်းဖြစ်စေချင်တာတွေ ဖြစ်ရမယ် ... သားက ကိုယ့်စကား နားထောင်ပါတယ် ... "

"အိုကေ ... "

"ကိုယ်ဆင်းလာခဲ့မယ် ... တစ်ပတ်အတွင်းရောက်မယ် ... အဲဒီကျမှ စီစဉ်စရာရှိတာတွေ စီစဉ်ကြတာပေါ့ ... "

"ကောင်းပြီလေ ... မင်းလာခဲ့ပါ ... "

ဖုန်းပြောပြီးသွားသည်။

"ကဲ ... သမီးကြီးစိတ်အေးတော့ သမီးငယ်အတွက် ဖေဖေ အားလုံးစီစဉ်ထားပြီးပြီ ... "

"ဟုတ်ကဲ့ ဖေဖေ ... "

သော်ကမြိုင်ဖေဖေ့အခန်းထဲကနေပြန်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးလည်း အခန်းအောင်းနေ၏။

အပြင်ကို မထွက်။

ညီမလေးငွေကြေးကိစ္စတွေအားလုံး သူမတာဝန်ယူထားရသည်။

ဖေဖေ့ကိုလည်း မပြောပေ။

မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

"မမ ..."

"ဟင် ဧ ..."

"မမ ဒီကိုလာမယ်ဆိုတာ သိလို့စောင့်နေတာလေ ..."

"ဘာကိစ္စရှိလို့လဲ ဧ ..."

"မမ ..."

"ပြောလေ ..."

"ဧ မမကို ပြောစရာရှိလို့ ..."

"ပြော ..."

မင်းအကြည့်တွေကို မမအရမ်းကြောက်ရွံ့တုန်လှုပ်မိတာပဲဧ။

အချစ်တွေ ပြည့်လျှံနေတဲ့ မျက်ဝန်းတွေပဲ။

မသွယ်ရော။

သန့်ရှင်းရေးအတွက် မသွယ်တို့သားအမိ လုပ်ပေးပင်။

"မမ ..."

"ဧ ... အခုမှ အလုပ်ကိစ္စရှိတာ သတိရတယ် ... ဧ



နိုင်းထားတာလေ ... မမလုပ်ရမယ် ..."

"မရဘူး ... မမ ခဏနေဦး ..."

"မင်းပြောချင်တာတွေ နောက်မှပြောပါ ဧ ... မမအလုပ်အရမ်းအရေးကြီးနေလို့ပါ ..."

"မမ ..."

"ဟင် ..."

သူ ...

ဝိတ်ကာထားလိုက်သည်။

မမ ရှောင်နေတာကြီးကို ဧ လုံးဝသည်းမခံနိုင်တော့။

"သော် ..."

"မမလို့ပဲ ခေါ်ပါ ..."

"သော်ပဲကွာ ..."

"ဒုက္ခပါပဲ ..."

"ဧက သော်လို့ ခေါ်တာ မမ ဘာဒုက္ခရောက်သွားလို့လဲ ..."

"တော်ပြီ ဧ ... မင်း မမကို မရိုမသေ မလေးမစား ဆက်ဆံနေတာ ရပ်သင့်ပြီနော် ..."

မမ့မျက်ဝန်းတွေထဲ ထိုးဖောက်မတတ် စိုက်ကြည့်မိသည်။

လေသံက တင်းမာနေပေမယ့် မမမျက်ဝန်းတွေထဲမှာ မျက်ရည်တွေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



မမ ကြေကွဲနေပါတယ်။

ဇေ သိတယ်။

သွေးသွေးမြိုင်အတွက် မမ အနစ်နာခံဖို့ ကြိုးစားနေတာပဲ။

လက်မခံနိုင်ဘူး။

သွေးသွေးမြိုင်အတွက် မမ အနစ်နာခံဖို့ ကြိုးစားနေတာပဲ။

လက်မခံနိုင်ဘူး။

သွေးသွေးမြိုင်ဆိုတဲ့ မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ်နည်းနဲ့မှ လက်မခံနိုင်ပါဘူး။

"သော် ... ဇေ ရွေးချယ်မယ့် သတို့သမီးက ဘယ်သူလဲ သိလား ..."

"မသိဘူး ... လူကြီးတွေကိုစွပဲ မမကို ဘာလို့လာပြောနေတာလဲ ဇေ ..."

"မမကို သိစေချင်လို့ပါ ..."

"မသိချင်ဘူး ..."

"မသိချင်လည်း ဇေကတော့ ပြောရမှာပဲ ... အဲ့ဒါ မမပဲ"

"ဘာ ..."

"ဇေ ဖေဖေ့ဆီကို ဖုန်းဆက်မယ် ... မမကို လက်ထပ်ဖို့ တောင်းဆိုမယ် ... ဇေ မမကို အရမ်းချစ်တယ်ဗျာ ..."

"ဇေ ... မင်း ... မင်း ..."

"မမကို လက်ထပ်ပါရစေ ... ဇေ ချစ်မြတ်နိုးတာ မမပဲ ...



ဖေဖေဆီမှာလည်း ဇေ တောင်းဆိုမယ် ..."

မင်း အဖေဆီမှာ အခုပဲ ဖေဖေက တောင်းဆိုထားပြီးပြီ။

ဘာအခွင့်အရေးမှ မရှိတော့ဘူး။

"သော် ..."

"ဟင် ..."

သူမ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လိုက်၍ င်သက်မိသလို တဒင်္ဂငြိမ်သက်သွားရတော့သည်။

ပြီးမှ ...

အသိဝင်လာသည်။

"ဖယ်စမ်းပါ ဇေ ... မင်းကို မမ လုံးဝမချစ်ဘူး ... မင်း ရွေးချယ်ပြီး လက်ထပ်လို့ရမလား ... လူကြီးတွေရဲ့ဆန္ဒက ရှိသေးတယ် ..."

"ဇေ သော်ကလွဲပြီး ဘယ်မိန်းမကိုမှ လက်မထပ်ဘူး ... မမကိုပဲ လက်ထပ်မှာ ..."

"မဖြစ်နိုင်ဘူး ..."

"သော် ..."

"ငါ မင်းကို လက်မထပ်နိုင်ဘူး ဇေ ..."

ဇေ သိပါတယ်။

သွေးသွေးမြိုင်ကြောင့် မဟုတ်လား။

ညီမအပေါ် မမအနစ်နာခံတာပါ။

"သော် ... မင်း ဘာလို့ ဒီလောက်အထိ အနစ်နာခံနေရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ ... အချစ်ဆိုတာရော မမ စဉ်းစားမိရဲ့လားဟင်"

"မင်းကိုမှ ငါ မချစ်တာ ..."

"ချစ်ပါတယ် ... သော် လိမ်ညာနေတာပါ ... ဇေ့အပေါ် သော် သံယောဇဉ်ရှိပါတယ် ... သွေးသွေးကို ဇေ မချစ်ဘူး လူကြီးတွေ ဘယ်လောက်ပဲ သဘောတူပါစေ ... ဇေ လက် မထပ်ဘူး ..."

"ဇေ ..."

"မမ ငြင်းဆန်ရင် ဇေ ပြန်တော့မယ် ... ဒီမှာ မနေတော့ ပါဘူး ... သော်က လွဲပြီး ဘယ်မိန်းမကိုမှ လက်မထပ်နိုင် ဘူး ..."

"ညီမလေးကို မငြင်းပါနဲ့ ... မင်းတို့ သက်တူရွယ်တူ နှစ် ယောက်ပဲ လိုက်ဖယ်ပါတယ် ဇေ ..."

"ဘာမှ ဇေ နားမလည်ဘူး မမ ..."

"ဇေ ... မမ တောင်းပန်ပါတယ် ... လူကြီးတွေရဲ့ ဆန္ဒကို လိုက်လျောပေးပါ ... ညီမလေးနဲ့ လက်ထပ်ပါ ..."

"ဇေ့စိတ်ကူးထဲက သတို့သမီးက မမပဲလေ ... အိမ်မှုကိစ္စ တွေ ကျွမ်းကျင်ပြီး ယောကျ်ားအပေါ် အလေးအနက်ထား တတ်တဲ့ မိန်းမမျိုး ... အဲ့ဒါ မမပဲ ..."

"သွေး အရမ်းလိမ္မာနေပါပြီ ... မင်းကြောင့် အိမ်ထဲက အိမ် ပြင်တောင် မထွက်တော့ဘူးလေ ..."

"သွေးသွေးမြိုင်ကို ဇေ မချစ်ဘူး ... မမကိုပဲ ချစ်တာပါ — သံယောဇဉ်တွယ်ရတာပါ ..."



"တော်ပြီ ဇေ ... မမ ဆက်ပြီး နားမထောင်တော့ဘူး ... လူကြီးတွေ စီမံတာကိုပဲ မင်း နားထောင်ရမယ် ဒါပဲ ..."

"သော် ..."

"ဖယ်စမ်း ..."

"မဖယ်ဘူးဗျာ ... ခင်ဗျားကလွဲပြီး ကျုပ် ဘယ်မိန်းမကိုမှ လက်မထပ်ဘူး ... လူကြီးတွေ ဖွတ်အတင်းစီစဉ်ရင်လည်း အမွေဖြတ်ခံမယ် ..."

ဇေကတော့ ခေါင်းမာစွာဖြင့် ငြင်းဆန်နေသည်။

"မင်း ... ငါ့ရှေ့ကနေ ဖယ်ပါ ..."

"မဖယ်ဘူး ..."

"ငါ့ကို ရိုးအတဲ့ မိန်းကလေးဆိုပြီး အနိုင်ကျင့်တာလား"

"မမရယ် ... သော်ရယ် ... ဇေ အရမ်းချစ်တယ်ဗျာ ..."

မမကိုယ်လုံးလေးကို ဆတ်ခနဲ ဆွဲယူပွေ့ဖက်ထားမိသည်။

"သော် ... ဇေ့ကိုချစ်ပါတယ် ... သော် ဟန်ဆောင်နေတာ ပါ ... ဟုတ်တယ် မဟုတ်လား ... ဟင် သော် မောင့်ကို ချစ်တယ် ... မဟုတ်လား ..."

သူမ ...

မှင်သက်မိနေသည်။

ရုန်းထွက်ဖို့မေ့နေ၏။

"မမကို ချစ်တယ် ... အရမ်းချစ်တာပဲဗျာ ..."

သူမ အသိတွေဝင်လာပြီး ဆတ်ခနဲ ရုန်းထွက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ခြေသံ ကြားလိုက်၍ အထိတ်တလန့် လှည့်ကြ
မိ၏။

"ဘယ်သူလဲ ... မသွယ်လား ... မင်း ... မင်းကြောင့် ...
ငါ ဒုက္ခရောက်ရတော့မယ် ... အရှက်သိက္ခာတွေ ကင်းမဲ့
တော့မယ် ဓေ ... ငါ မင်းကို အပြတ်သားဆုံး ပြောလိုက်
မယ် ... မင်းကို ငါ မချစ်ဘူး ... ဘယ်တော့မှလည်း လ
ထပ်မှာ မဟုတ်ပါဘူး ဒါပဲ ..."

သူမ ...

ပြောပြီးထွက်လာခဲ့သည်။

တုန်ရီလှိုက်လှဲစွာဖြင့် သူမ အိပ်ခန်းထဲရောက်အော
အားယူလှမ်းလာခဲ့ရ၏။

"ဟင် ..."

အခန်းထဲမှာ သွေး။

သွေးရဲ့ မာကျောခက်ထန်တဲ့ မျက်ဝန်းတွေက သူမ
ကို စူးစိုက်ကြည့်နေသည်။

"သွေး ... မမကို အထင်မလွဲပါနဲ့ ... ဓေဘက်က ဘ
လောက်ပဲ ချစ်ပါစေ ... မမ လက်မခံပါဘူး ..."

ညီမလေးကို သော်ကမြိုင် ယယ်ယယ်လေးတည်
ချစ်ခင်မြတ်နိုးစွာ ထိန်းကျောင်းလာခဲ့တာ။ လေသံမာမာနှင့်
မပြောမိ။

အမြဲတမ်း ...



ညီမလေးအတွက်ပဲ ရှေ့တန်းတင်ထားခဲ့ရတာပါ။

"ကျွန်မကိုယ်တိုင် မျက်စိနဲ့မြင်ရတာတောင် မမက ငြင်းချင်သေးလို့လား ... နှစ်ယောက်သား ဖက်နေတယ် ... အရှက်မရှိလိုက်တာ ..."

"သွေးသွေး ..."

သူမ ...

ရှုံးသွပ်စွာ အော်မိသည်။

ခြေသံကြားရတာ သွေးသွေးဝင်လာတာပဲ။

"မမတို့နှစ်ယောက်ကို မသင်္ကာလို့ လိုက်ချောင်းနေတာနေလ ..."

"သွေး ... မမ ရှင်းပြပါရစေ ... ဓေက မမကို နှစ်သက်နေတာ မှန်ပေမဲ့ မမဘက်က လုံးဝငြင်းနေတာပါ ..."

"မမ ..."

"သွေး ..."

"တကယ်ပြောတာလား ..."

"တကယ်ပါ ... မမ လုံးဝလက်မခံပါဘူး ... သွေးရယ်"

ကိုဓေက သွေးသွေးရဲ့မျှော်လင့်ချက်တစ်ခုပဲ။

လက်လွှတ်အဆုံးရှုံးမခံနိုင်ဘူး။

"မမ ..."

"ဟင် ..."

"ကိုယ့်ကတိနဲ့ကိုယ်နော် ... ဖေဖေကို မမပဲ ဂိုအားပေးပါ ... သွေးသွေးရဲ့အနာဂတ်ကို ကယ်တင်ဆောင်ရွက်ပေး

www.burmeseclassic.com

www.burmeseclassic.com



ပါနော် ... "

"စိတ်ချပါ ... မမ ဓေနဲ့ မပတ်သက်ပါဘူး ... မမဘဝမှာ ညီမလေးကလွဲပြီး ဘာမှအရေးမကြီးပါဘူး ... "

"တကယ်နော် ... "

"တကယ်ပါ သွေးရယ် ... "

"ကျွန်မ ယုံလိုက်မယ် ... "

သွေးသွေးရဲ့မျက်ဝန်းတွေက တင်းမာခက်ထန်နေဆဲပင်ဖြစ်သည်။

မမကို စိမ်းစိမ်းကြီး မကြည့်ပါနဲ့။

ညီမလေးအပေါ် မမ အမြဲတမ်း အနစ်နာခံဖို့ပဲ ဆုံးဖြတ်သွားတာပါ။

မမ ပိုင်ဆိုင်သမျှ အရာအားလုံး ညီမလေးအတွက်ပဲ ဖြစ်စေရတာပဲ။

"သွေးသွေး ... မြိုင်က ကိုယ်လိုချင်တဲ့အရာမှန်သမျှရအောင် ယူတတ်တယ်နော် မမ ... "

"မမ သိပါတယ် ... ညီမလေး လိုအင်ဆန္ဒတွေပြည့်အောင် မမပဲ ဖြည့်ဆွမ်းပေးခဲ့တာပဲလေ ... "

"ကျွန်မကို အချိုမသတ်ပါနဲ့ မမ ... အချစ်စိတ်တွေမှန်လာပြီဆိုရင် ... ညီအစ်မဆိုတာတွေ အနစ်နာခံလာခဲ့တာတွေ မေ့သွားပြီမဟုတ်လား မမ ... "

"သွေးသွေးရယ် ... မမကို ဒီလောက်အထိ စိမ်းစိမ်းကားကား မပြောပါနဲ့ ... "



သော်ကမြိုင်ရဲ့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ဖြည့်လာရသည်။

ကြေကွဲထိခိုက်စွာဖြင့် ငိုကြွေးမိချင်လာမိ၏။

"မမက အရမ်းအိုက်တင်ကောင်းတယ် ... ဟန်ဆောင်ကောင်းတယ် ... သဘောကောင်းချင်ယောင်လည်းဆောင်တတ်တယ်နော် ... မထင်ရဘူး ... ကိုဓေက ညီမလေးနဲ့ လက်ထပ်မယ်ဆိုတာ မမ အစောကြီးတည်းက သိနေတာပဲ ... ဂုဏ်ရှိသိက္ခာတွေ ကြီးမားတဲ့မိန်းမတစ်ယောက်အဖြစ် ဓေ အထင်ကြီးအောင် လုပ်ပြလိုက်တော့တာပဲ ... "

"သွေး ... "

ပြောပြီး သွေးနှုတ်ကသွားတော့သည်။

သွေးရယ် ...

ပြောရက်လိုက်တာ။

တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အစ်မဆိုတာတောင် မထောက်ထားတော့ဘူး။

သွေးသားအရင်းမဟုတ်လို့များ ပြောရက်နေတာလား။

ညီမလေးကို မွေးစားသမီးအဖြစ်ပြောဖို့ သော်ကမြိုင်ဒီနေ့အထိ ဝန်လေးနေမိတာတော့ အမှန်ပဲဖြစ်သည်။

တင်းမာခက်ထန်တဲ့ သွေးရဲ့မျက်ဝန်းအကြည့်တွေက ကြောက်စရာကောင်းနေ၏။

ရက်စက်လိုက်တာ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေထဲမှ မျက်ရည်တွေ လိမ့်ဆင်းကျလာရသည်။

အိပ်ရာပေါ် မျက်နှာအပ်ချလိုက်၏။

သော်ကမြိုင် ကြေကွဲစွာ ငိုချပစ်လိုက်မိသည်။



## အခန်း(၁၉)

မနက်စာကို ထပြီးပြင်ဆင်ဖို့ပင် အင်အားတွေမဲ့နေရသည်။

ဓေနုရင်မဆိုင်ချင်လို့ပါ။

မသက်ာတဲ့အကြည့်တွေနှင့် မလိုလားတဲ့သွေးသွေးမြိုင်ရဲ့မျက်ဝန်းတွေကို ကြောက်ရွံ့တုန်လှုပ်နေမိသည်။

ဖေဖေ ရှိသေးတယ်။

မိသားစုစားဝတ်နေရေးအတွက် သူမတာဝန်ပဲ။

အမြဲတမ်းယူခဲ့တာ။

ဖေဖေရှိတော့ ပိုဆိုးသည်။

သမီးကြီး စိတ်ညဉ်ပေးမှ ဖေဖေက နှစ်သက်သဘောကျတတ်၏။

"မမ ..."

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဇေ ဒီနေ့ ဖေဖေ့ဆီကို ဖုန်းဆက်မယ် ... "

"ဟင် ... "

"တကယ်လို့ ဖေဖေက သဘောတူရင် မမ လုံးဝမငြင်းလိုက်ပါနဲ့နော် ... "

ဇေ ရောက်လာသည်။

မသွယ်က မရှိ။

ဖေဖေရော ညီမလေးပါ မလာကြ။

သူမ ကြောက်နေမိသည်။

"မမ ... "

"ဇေ ... မင်း ဘာတွေလာပြောနေတာလဲ ... မမ ပြောထားပြီးပြီပဲ ... မင်းကို လက်မထပ်ဘူးလို့ ... "

"မရဘူးဗျာ ... ဇေ လုံးဝလက်မခံနိုင်ဘူး ... "

"မင်း စားပွဲမှာ ထိုင်နေပါ ဇေ ... မမ တောင်းပန်ပါတယ် အေးချမ်းနေတဲ့မိသားစုတွေ ပူလောင်သောကတွေမရောက်ပါရစေနဲ့ ... "

"ဘာဆိုင်လဲ ... ဇေနဲ့ ဘာဆိုင်လဲ ... မမကိုပဲ ဇေ ချစ်တယ်"

"ဇေ ... "

"မမ ... "

"သွားပါကွယ် ... "

မမ ...

ငိုချင်နေပြီ။

ဇေ့ကို မမ ချစ်ပါတယ်။



ဒါပေမဲ့ ...

အစ်မကြီး အမိအရာတဲ့။

မဖြစ်ပါဘူး။

မင်းကို မမ လုံးဝလက်မခံနိုင်ဘူး။

ငြင်းရမှာပဲ။

"မမရယ် ... ဇေ့ကို မငြင်းလိုက်ပါနဲ့နော် ... သွေးသွေးမြိုင်ကို လုံးဝလက်မထပ်နိုင်ဘူး ... မဖြစ်နိုင်ဘူး ... မမ ... "

"မမနဲ့မဆိုင်ဘူး ... မင်း ဆုံးဖြတ်ရမယ့်ကိစ္စပဲ ... တို့မိသားစုလေးကို ဒုက္ခရောက်အောင် မလုပ်ပါနဲ့ ... "

"သော် ... "

"သွားစမ်း ... "

မမကို စိတ်ဒုက္ခတွေ ကြီးစွာရောက်အောင် မလုပ်ပါနဲ့။

တောင်းပန်ပါတယ်။

ညီမလေးကိုပဲ လက်ထပ်ပါ။

"ဇေ ... "

"ဗျာ ... "

"မင်း ညီမလေးနဲ့ လက်ထပ်ဖို့ မငြင်းပါနဲ့ ... "

"ငြင်းရမှာပဲ ... "

"ဘာ ... "

"ဇေက မမကိုပဲ လက်ထပ်မှာနော် ... "

"ငါ့ဘက်ကလည်း ငြင်းရမှာပဲ ဇေ ... "

www.burmeseclassic.com

www.burmeseclassic.com



"မမ ... ဇေ့ကို ချစ်နေတာ ဇေ သိပါတယ် ... "

"မဟုတ်ဘူး ... အဲ့ဒါ မဟုတ်ဘူး ... မင်း အပိုတွေပြော မနေပါနဲ့ ဇေ ... မမ အနားကနေ ထွက်သွားပါတော့ ဇေရယ် ... "

"မသွားဘူးဗျာ ... "

"ဖေဖေနဲ့ ညီမလေး လာတော့မယ် ဇေ ... "

ညီမလေးနဲ့ရင်ဆိုင်ရမှာအကြောက်ဆုံးဖြစ်နေသည်။

အခုတလော ...

အိမ်ထဲမှာပဲနေပြီး ဇေ့ကိုရင်းနှီးကျွမ်းဝင်မှုရှိစေရန် ကြိုးစားနေသည်။

သော်ကမြိုင်ပဲ ရှောင်သင့်၏။

ညီမလေးနဲ့ မပြိုင်သင့်ပါဘူး။

"မမကို စိတ်သောကရောက်အောင် မလုပ်ပါနဲ့ ... မင်း မမ အနားကနေသွားပါ ... "

"မသွားဘူးဗျာ ... မမက အရာအားလုံးကို ကြောက်နေတာပဲ ... ဘာလို့ ကြောက်နေရတာလဲ ... ရင်ဆိုင်စမ်းပါ ... ကျွန်တော် မနက်တိုင်း မမကို ကူညီနေတာ အားလုံးသိတာပဲ ... "

"မဟုတ်ဘူး ... မမ အနားမှာ မင်းမနေပါနဲ့ သွားပါ ... "

မမကို ဇေ သနားကြင်နာစွာဖြင့် ကြည့်နေသည်။

"မမ ... "

"ဟင် ... "



"ကျွန်တော် မမကို အရမ်းချစ်တယ်ဗျာ ... "

"ဒုက္ခပါပဲ ... "

"ဖေဖေ့ကိုတောင်းဆိုမယ် ... မမနဲ့ လက်ထပ်မယ့်အကြောင်းလေ ... ဖေဖေက လက်ခံရင်တော့ မမ လက်ခံပါ ... "

"မင်း ငါ့အနားက ခွာပေးပါ ... "

သွေးသွေး ရောက်လာသည်။

"ကိုဇေက မမကို ကူညီနေတာလားဟင် ... "

"ဟုတ်တယ် ညီမလေး ... ပြောလို့မရဘူး ... ဇေက ဒီလိုပဲ စားသောက်ဖွယ်ရာတွေ မြင်ဆင်တာ ဝါသနာပါလို့တဲ့"

သော်ကမြိုင် အသံမတုန်အောင် အတော်လေးသတိထားပြောနေရသည်။

ညီမလေး မျက်ဝန်းတွေက တောင်းနေ၏။

နှုတ်ခမ်းတွေက ပြုံးနေသည်။

"သွေးလည်း ဝိုင်းကူပေးမယ်နော် မမ ... "

"အင်း ... "

"ကိုဇေ ... "

"ဟင် ... "

"ကိုဇေ ဘာကြိုက်တတ်လဲဟင် ... "

"ကိုယ်က မမ ဖျော်ပေးတဲ့ကော်ဖီခါးခါးလေးကိုပဲ ကြိုက်တယ် ... "

သွေးသွေးမြိုင်ကို အမြင်ကတ်၍ ဇေ ပြောပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမ ...

ကြောက်နေပြီ။

စိတ်ညစ်နေပြီ။

သွေးသွေးမြိုင်က နေချင်သလိုနေ၊ လုပ်ချင်တာလုပ်ပြီးမှ အစ်မချစ်သူကို လုယူဖို့ ကြံစည်နေတာပါ။

မင်းကို ငါ အထင်မကြီးဘူး သွေးသွေး။

ဖေဖေက လက်ထပ်ဖို့ ပြောရင်လည်း လက်မခံဘူး ငြင်းမှာပဲ။

မမကိုပဲ ချစ်တယ်။

သနားတယ်။

အပြစ်မဲ့တဲ့ မမကို စိတ်သောကတွေ မရောက်စေချင်ပါဘူး။

ဇွဲစကားကြောင့် မမမျက်နှာလေး ပျက်နေသည်။

မျက်ဝန်းလေးတွေ ညိုမှိုင်းနေ၏။

"မမ ..."

"ဟင် ..."

"ကိုဇေကြိုက်အောင် ကော်ဖီခါးခါးလေး ဘယ်လိုဖျော်ထဲ သွေးကို သင်ပေးပါ ... သွေး ဖျော်တတ်အောင် ကြိုးစားထားရမယ်လေ ..."

သွေးသွေးမြိုင်ကတော့ မမကို လုံးဝအလျှော့မပေးဖို့ ဆုံးဖြတ်ထားမိသည်။

ကိုဇေ ...



ရှင်က ကျွန်မနဲ့ပဲ လက်ထပ်ရမယ်။

ကျွန်မဘဝကို အဖတ်ဆယ်ရမယ်။

မင်းမောင်မောင်ထက် အဆပေါင်းများစွာသာတဲ့ ရှင်နဲ့လက်ထပ်ဖြစ်အောင် ကြိုးစားရမယ်။

သွေးသွေးမြိုင်ရဲ့မျှော်လင့်ချက်တစ်ခုပဲလေ။

"သွေးသွေးကို သင်ပေးမယ် မဟုတ်လားဟင် မမ ..."

"သင်ပေးရမှာပေါ့ ... ဒီမှာကြည့် ... ကော်ဖီထဲကို ရေနွေး အနေတော်လေးထည့် ... နို့ဆီတော့ နည်းနည်းစိမ့်အောင် ဒီလောက်လေးထည့် ... ဇေက နို့ဆီနည်းနည်းထည့်တာ ကြိုက်တယ် ... ဟုတ်တယ်မဟုတ်လား ဇေ ..."

ဇေ ...

ငြိမ်သက်နေမိသည်။

တုန်လှုပ်ချောက်ချားမှုတွေရောယှက်နေတဲ့ မမ မျက်ဝန်းတွေကိုကြည့်မိ၏။

မမရယ် ...

ဟန်ဆောင်ရတာ မမောဘူးလား။

ဇေ အရမ်းသနားတယ်ဗျာ။

သွေးသွေးမြိုင် ...

မင်း တော်တော်ရက်စက်တဲ့ မိန်းမတစ်ယောက်ပဲ။

အထင်မကြီးဘူး။

"ကိုဇေ ... ဒီနေ့တော့ ငသွေး ဖျော်ပေးတဲ့ကော်ဖီပဲသောက်ရမှာနော် ..."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အပြင်သွားတော့မှာ ... ဘာမှမစားတော့ဘူး ... ကိုယ့်အလုပ်က အရမ်းအရေးကြီးနေလို့ ..."

"ရှင်လိမ်တာ ..."

"မင်းကို လိမ်ပြောစရာ ဘာအကြောင်းမှမရှိဘူး ... သွေးသွေးမြိုင် ..."

သူ ...

ထွက်သွားသည်။

သော်ကမြိုင်နှင့် သွေးသွေးပဲ မီးဖိုခန်းထဲမှာကျန်ခဲ့၏။

"ဟွန်း ... မမနဲ့ ကိုဇေက အကြည်စိုက်နေကြတာပေါ့လေ ... မမဘက်က မပြတ်သားတော့ ကိုဇေက ကပ်နေတာပေါ့"

"သွေးရယ် ... မမကို အဲ့ဒီလို မပြောပါနဲ့ ... မမဘက်က ပြင်းနေတာပါ ..."

"မယုံဘူး ..."

"တကယ်ပါကွယ် ..."

"သွေးဘ၀ကို အဖတ်ဆယ်ဖို့အတွက် ... ကိုဇေနဲ့ပဲ လက်ထပ်ရလိမ့်မယ် ... မမ ..."

"မမ လက်ခံပါတယ် ... ညီမလေးရှေ့ရေးအတွက် မမ စိတ်ပူတာပါ ..."

"မမ ဟန်မဆောင်နဲ့နော် ... စိတ်ထဲကပါလို့လား ..."

"တကယ်ပါ ... ဇေကို မမ ဘယ်တော့မှ လက်မထပ်ပါဘူး ... ညီမလေးယုံပါနော် ..."



မမကို စွတ်ကောနေလို့ မဖြစ်သေးဘူးဟု သွေးသွေးမြိုင် စိတ်တွေ လွတ်ထွက်မသွားအောင် ထိန်းနေရသည်။

ဒေါသဖြစ်နေရ၏။

မမကြောင့် ...

ကိုဇေက မမကိုချစ်နေတာ သွေးသွေးမြိုင်သိနေသည်။

မကျေနပ်ဘူး။

မင်းမောင်မောင် ကောင်မလေးတစ်ယောက်နဲ့ တွဲနေကြောင်း သတင်းကြားရသည်။

ဖမ်း၍မမိ။

အဆက်အသွယ်လည်း လုပ်မရ။

သိမယ်။

သွေးသွေးမြိုင်ဘ၀မှာ ကိုဇေနဲ့ လက်ထပ်မှအနိုင်ရမှာပါ။

အရှုံးမပေးနိုင်ဘူး။

မမ နောက်ဆုတ်ပေးရမယ်။

အဲ့ဒီအတွက် သွေးသွေးမြိုင် ဘာကိုမှ ငဲ့ညှာထောက်ထားမှာ မဟုတ်ဘူး။

"သွေးသွေး ပြောလေ ... ကြိုက်တာပြော ... ဘာစားမလဲ"

"မစားချင်ဘူး ..."

"စိတ်မပူပါနဲ့ ... ဖေဖေ့ကို မမ ပြောပေးမယ် ... ညီမလေး ဆန္ဒတွေ အမြန်ဖြည့်စွမ်းပေးနိုင်ဖို့လေ ..."

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ..."
"တကယ်ပါ ..."
"အိုကေ ... သွေးသွေးကို ကော်ဖီခါးခါး စိမ့်စိမ့်လေး ဖျော်ပေး ... ကိုဒေအကြိုက်သိအောင်လေ ..."
"ကောင်းပါပြီကွယ် ..."
"မမ ..."
"ဟင် ..."
"မင်းမောင်မောင်ကို အနိုင်ယူဖို့ ကျွန်မ တင့်တယ်ခမ်းနားတဲ့ ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ရမှာပဲ ..."
"မမ နားလည်ပါတယ် ... မမ ပေးဆပ်မှာပါ ... ညီမလေးဘဝ တင့်တယ်နေတာပဲ ... မမ မြင်တွေ့ချင်တာပါကွယ်"

ညီမလေး ကိုယ်လုံးလေးကို တင်းကျပ်စွာဖက်ထားမိသည်။

မမချစ်ရတဲ့ညီမလေး။

ဘယ်လောက်ပဲဆိုးသွမ်းပါစေ မမ ချစ်ပါတယ်။

အမြဲတမ်း ...

ခွင့်လွှတ်နေမှာပါလေ။

"ဒီညီအစ်မ ... ဘာလို့ ဒီလောက် ချစ်နေကြတာလဲဟေ့"

ဖေဖေ ဝင်လာသည်။

"ဖေဖေ ..."

ဖေဖေ့မျက်ဝန်းတွေက အရှမ်းဝမ်းသာကျေနပ်နေမယ်ဆိုတာ သိသည်။



ကျွန်မ ...

ပေးဆပ်မှာပါ။

မိသားစုဝင်တွေအားလုံးကို ပျော်ရွှင်စေချင်ပါတယ်။

"ကိုဇေရော သမီး ..."
"အပြင်ကို အလုပ်ကိစ္စနဲ့ သွားစရာရှိလို့တဲ့ ဖေဖေ ..."
"အေး ... အေး ..."
"ဖေဖေ ..."
"ပြော ..."
"ဇေနဲ့ ညီမလေးတို့ကိစ္စ အမြန်ဆုံးစီစဉ်ပေးသင့်နေပြီနော်"
"ကိုညီ ဒီကိုဆင်းလာတော့မယ် ... အဖေ ဖြစ်နေတော့ နည်းနည်းပြောရတာခက်တယ် ..."
"ဖေဖေတို့က ယဉ်သူငယ်ချင်းတွေပဲဟာ ... ညီမလေးလည်း လိမ္မာနေပြီ ... အပြင်တောင်မထွက်တော့ဘူး ... သမီးကတော့ အမြန်ဆုံးအကောင်အထည် ဖော်စေချင်တယ်"
"တစ်လအတွင်း စီစဉ်မှာပါ ... ဖေဖေလည်း သမီးလေးအတွက် စိတ်အေးချင်ပါပြီ ... သမီးကြီးက မပူရဘူး ... ညီညီလာတော့မှာပါ ... ဖေဖေ စီစဉ်မယ် ..."

ဦးကျော်ခေါင်ကတော့ ရှေ့မျက်နှာ နောက်ထားပြီး စီစဉ်ရမှာပဲ။

သမီးလေးအတွက် ...

ဆိုးပေတဲ့ သမီးလေး ခြေငြိမ်အောင်တော့ အစီအစဉ်ကို အမြန်ဆုံးအကောင်အထည်ဖော်ရမည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမေပဲရှိတာပါ။

မတတ်နိုင်ဘူး။

"သမီးလေးနဲ့ မေရော ရင်းနီးမှုတွေရှိပြီလား ..."

"သိပ်တော့ မရှိသေးဘူး မေမေ ... သွေးက ခပ်ဆိုးဆိုးလေး ဆိုတော့ ကိုဇော အထင်သေးမလားဘဲ ..."

"ကိစ္စမရှိပါဘူး ... မေမေသဘောပါပဲ ... ညီညီက မေရှေ့ စကားကို မလွန်ဆန်ဘူး ..."

ညီညီ လာတော့မယ်။

"မနက်ဖြန် ညီညီ လာမယ် ... မေမေတို့သွားကြိုရမယ် ... သမီးလေးက အဝတ်အစား အပြင်အဆင်ကအစ သေသေ သပ်သပ်ဝတ်နော် ..."

"အင်းပါ ..."

"သမီးကြီးက ညီမလေး ဒီနိုင်းကို ပြင်ပေး ... ညီညီရောက် လာတာနဲ့ သားရေးသမီးရေးကိစ္စတွေ စီစဉ်မယ် ..."

မေမေကတော့ သူမတို့နှင့် ဇေ ဖြစ်ပျက်နေတာ မသိပေ။

ဇေ ငြင်းဆန်မှာလား။

သူမ စိတ်ပူနေမိသည်။

စားသောက်ပြီး မေမေ ပြန်ထွက်သွားတော့၏။

"မမ ..."

"ဟင် ..."

"ကိုဇော ငြင်းရင်ရော ..."



"မမလည်း အတတ်နိုင်ဆုံး ပြောပေးမှာပါ ..."

"သွေး မယုံဘူး ..."

"ဟင် ..."

"ကိုယ့်အတွက်ပဲတော့ မပြောနဲ့နော် ... မမကိုယ်တိုင်က ကိုဇေ့အပေါ် ..."

"တော်စမ်း သွေး ... မမကိုယုံပါ ... ညီမလေးအတွက်က လွဲပြီး မမဘာမှ အရေးမကြီးပါဘူး သွေးရယ် ..."

မမ ရင်ထဲမှာ ပြည့်ကျပ်ပြီး ကြေကွဲဝမ်းနည်းနေမိ သလိုပဲဇေ။

အင်အားတွေ မဲ့နေရတယ်။

ညီမလေး ကျေနပ်အောင်ပဲ မမလုပ်ဆောင်ပေးပါ နေ၏။

"ကိုဇေရဲ့တောင်းဆိုမှုတွေအားလုံး မမ ငြင်းပါ ..."

"စိတ်ချပါ ညီမလေးရယ် ... မမ ငြင်းဆန်မှာပါ ... ညီမလေး မမကို ယုံပါကွယ် ..."

ညီမလေးသူမအနားမှ ထွက်သွားသဖြင့် စိတ်သက် သာရာရသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

"မမ လုပ်ပါဦး ... သွေးသွေး ဘာဝတ်ရမလဲ ... သွေးသွေး ဒီနိုင်းတွေက လန်နေတာပဲ ... မဖြစ်ဘူး ... မနက် ယောက္ခမ လောင်းကြီးနဲ့ တွေ့ရမှာပါ ..."

"ဟုတ်ပါရဲ့ကွယ် ... ဒါဆိုလည်း မမ ဆီက ဝတ်စုံတွေကြည့်လေ ... အရင်ကအင်္ကျီတွေရှိတယ် ... မမက သိပ်မဝတ်တော့ အသစ်တွေပဲရှိသေးတယ် ..."

"ရတယ် ... မိန်းမဆန်ရင်ပြီးရောပဲ ..."

သွေးသွေးအတွက် သူမ လှန်ခဲ့တဲ့ နှစ်နှစ်လောက်က ဝတ်တဲ့အဝတ်အစားတွေကို ထုတ်ကြည့်ရသည်။

စည်းစနစ်ရှိပြီး အဖြင်လည်း ထွက်ခဲ့တဲ့ သူမမှာ အဝတ်အစားတွေ သိပ်ပြီးဟောင်းနွမ်းမသွားပေ။

"ဒါလေးဝတ်ကြည့်ရင် ကောင်းမယ်ထင်တယ် ... သွေး ... အရမ်းလှတာပဲ ..."



"ပေးလေ ... ဝတ်ကြည့်မယ် ..."

သွေးသွေးကတော့ ယောက္ခမကြီးရှေ့မှာ အပီဝတ်ဖို့ စဉ်းစားထားသည်။

မမ အဝတ်အစားတွေကို တစ်ထည်ပြီးတစ်ထည် ဝတ်ကြည့်နေမိ၏။

"အိုကေ ... ဒါလေးကောင်းတယ် သွေး ..."

"ဟင့်အင်း ..."

"ဘာလို့လဲ ..."

"မလိုက်လို့ ..."

"ဒါဆို ဒါလေးရော ..."

မမကို သွေး မယုံပေ။

သွေးသွေးအပေါ် ဒီလောက်အထိ ကောင်းနေနိုင်ပါ့မလား။

ကိုဇေက မိန်းကလေးတွေ အထင်ကြီး အားကိုးလောက်တဲ့ ယောကျ်ားပဲ။

မမက အလွယ်တကူ စွန့်လွှတ်မလား။

သွေးသွေးမြိုင်ကတော့ မမ ရွေးချယ်ပေးတဲ့အဝတ်တွေကို မဝတ်ပါဘူး။

လိုက်ဖက်တယ်လို့ပြောပြီး မလိုက်ဖက်အောင် ဝတ်ခိုင်းနေရင် ဘယ်လိုလုပ်မလဲ။

"ဒါပဲ သွေးကြိုက်တယ် ..."

"ညီမလေး သဘောပဲလေ ..."

www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆင် မာစရိုက်ဝမ်းဆက်လေးကိုပဲ ဝတ်လိုက်သည်။

"သွေးက ရွှေးတတ်သားပဲ ..."

"စိတ်အိုက်လိုက်တာ ... ညီမလေးက လွှတ်လွှတ်လပ်လပ်ပဲ ဝတ်တတ်တာ ... ဒုက္ခပါပဲ ..."

"လှပါတယ် ညီမလေးရဲ့ ..."

"တကယ်လှတာလားဟင် ... မမ ..."

"တကယ်လှတာပါ ..."

ညီမလေးက ရှိုးရှိုးယဉ်ယဉ်လေးဝတ်တော့လည်း လှနေသည်။

မိန်းမချောလေးပါ။

အလိုလိုက်ထား၍ ဆိုပေချင်တိုင်းဆိုးပေနေတာပဲ ရှိသည်။

ဒီနေ့ ...

ဖေ့ဖေဖေကို ကြိုရမယ်။

ညီမလေးကတော့ အစွမ်းကုန်ပြင်ဆင်နေသည်။

"မမ ..."

"ဟင် ..."

"သိပ်မပြင်နဲ့ ..."

"အင်းပါ ..."

"အဘိုးကြီးမျက်စိထဲမှာ ညီမလေးပဲ ထင်ရှားနေစေရမယ်၊ အရေးကြီးတယ်လေ ... မမ လုံးဝ ဝင်မရှုပ်ပါနဲ့နော်"



"ညီမလေးရယ် ..."

မင်း မမကို မယုံတာလား။

ညီမလေးအတွက်ပဲ မမဘဝမှာ အရေးတကြီးကိစ္စရှိတာပါ။

ယုံပါကွယ်။

"မမ ..."

"ဟင် ..."

"ကိုဇေ့ကို မကြိုက်ဘူးနော် ..."

"မကြိုက်ပါဘူး"

"ပြီးရော ..."

"ညီမလေးနဲ့ပဲ ဖေဖေတို့လူကြီးတွေက စိစဉ်မှာပါ ..."

"တော်ကြာ ... ကိုဇေ့အဖေက ညီမလေးကို သဘောမကျဘဲ မမမှမဖြစ်သွားရင်ရော ..."

"မမ ငြင်းမှာပါ ..."

ကိုဇေက မမနှင့်လက်ထပ်ဖို့ပဲ တောင်းဆိုမှာ သေချာသည်။

"သွေး ..."

"ဟင် ..."

"မမငြင်းမှာပါ ... ဘယ်တော့မှ လက်မထပ်ဘူး ..."

ပြင်ဆင်ပြီး ညီအစ်မနှစ်ယောက်အပြင်သို့ ထွက်ခဲ့ခဲ့မိသည်။

"သမီးလေးက မြန်မာဆန်ဆန်လေးဝတ်လိုက်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့လှလိုက်တာ …”

ဖေဖေက ချီးမွမ်းနေသည်။

သော်ကမြိုင်ကတော့ ခပ်စုတ်စုတ်နုတ်နုတ်လေး

ပြင်ဆင်ထား၏။

လက်ဝတ်ရတနာတွေလည်း ညီမလေးက သူမ

က ယူဝတ်ထားသည်။

သူမ ပစ္စည်းတွေကျတော့ မင်းမောင်မောင်လိမ်

သွားလို့တဲ့။

ညီမလေးကို ခွင့်လွှတ်လိုက်ရသည်။

ဖေဖေမသိအောင် သူမပဲ ဖုံးဖိထားပေးနေခဲ့ရ၏

“ဇေရော …”

ဖေဖေက မေးသည်။

ဇေရောက်မလာသေးပေ။

ခဏကြာမှ …

“သွားကြစို့ … ရထားဆိုက်တော့မယ် …”

ဇေ့အကြည့်တွေက မမဆီပဲ ရောက်သွားရတော့

သည်။

အမြင်ကတ်တယ်။

မင်းကို ငါအထင်မကြီးဘူးသွေး။

ဒီလို အဝတ်အစားတွေကို မင်းဘယ်တုန်းက ဝတ်

ဖူးလို့လဲ။

လုံးဝပဲ …



ဖေဖေ့ရှေ့မှာ မင်းကရိုးသားချင်ယောက် ဆောင်ပြ

မှာ မဟုတ်လား။

မမရယ် …

ဇေ ချစ်တာ မမပါ။

ဘယ်နည်းနဲ့မှ သွေးသွေးမြိုင်ကို ကျွန်တော်မချစ်

ဘူး။

ဆုံးဖြတ်ချက်ပဲ …

မမကိုပဲ လက်ထပ်မယ်။

ဖေဖေရောက်လာတာနဲ့ မမကို လက်ထပ်မဲ့

အကြောင်း ပြောမယ်။

ဘူတာရုံကို ရောက်လာသည်။

ရထားဆိုက်လာတော့ ဖေဖေ့ကို ကြိုကြ၏။

“ညီညီ …”

“ကျော်ခေါင် …”

“မင်းတော်တော်ဝလာတယ် … နည်းနည်းစိတ်လျှော့ဦး

နော် … အသက်ကြီးပြီ …”

“မင်းကတော့ ပိန်သွားတယ် … နုပျိုနေတယ် …”

“အိမ်ကျမှ အားရပါးရ ပြောကြမယ်ကွာ …”

“ဒါက မင်းသမီးလေးတွေလား ကျော်ခေါင် …”

“ဟုတ်တယ် … ဒါက သမီးကြီး သော်ကမြိုင် … ဒါက

သမီးလေး ‘သွေးသွေးမြိုင်’တဲ့ …”

“သမီးနှစ်ယောက်လုံးက အချောလေးတွေပဲ … ကျွန်ုပ်

www.burmeseclassic.com



လည်း ရှိကြတယ် ...”

“သွားစို့ကွာ ...”

ယောက္ခမလောင်းကြီးက ချီးမွမ်းလိုက်၍ သွေး

သွေးမြိုင် ကျေနပ်သွားရသည်။

မမက ခပ်စုတ်စုတ် ...

သွေးသွေးပဲ ထင်ပေါ်နေတာပါ။

ကိုဇေမျက်နှာကြီးကတော့ တင်းမာနေတာပဲ။

ရှင်က မမကို ချစ်နေတာမဟုတ်လား။

သွေးသွေးမြိုင်အတွက်ကတော့ အချစ်ဆိုတာ

အဝ်ပါဘူး။

စည်းစိမ်ချမ်းသာတွေပဲ ...

ဂုဏ်ဒြပ်တွေပဲ ...

ရှင့်လို ယောကျာ်းတစ်ယောက်နဲ့ လက်ထပ်

ကျွန်မ ဂုဏ်ရှိမယ်။

ပတ်ဝန်းကျင်မှာ အနိုင်ရမယ်။

ဒါပဲ ...

သွေးသွေးမြိုင်လိုအပ်တာတွေကို ရှင်ပေးနိုင်တယ်

ညွှန်းခန်းမှာ ထိုင်မိကြသည်။

“သမီးငယ်လေးက ချစ်စရာလေး ... သမီးဖေဖေရဲ့

ရေးလည်း ဝင်လုပ်ရလား ...”

“ဟုတ်တယ် ... သမီးပဲလုပ်ပေးရတာ ... မမက

အိမ်မှုကိစ္စတွေပဲ လုပ်တာလေ ...”



သွေးသွေးမြိုင်က မမကိုအထင်မကြီးစေရန် နှိမ်ပြီး

ပြောလိုက်သည်။

အရေးကြီးတယ်။

ကျွန်မကတော့ ဘယ်သူတေတေတေမာရင်ပြီး

ရောပဲ။

“ဖေဖေ သားနဲ့အတူနေနော် ... တစ်ခန်းတည်းနေမယ်”

“အေး ...”

ဇေ အခန်းထဲသို့ ဝင်လာခဲ့သည်။

သွေးသွေးမြိုင်ပြောနေတာတွေကိုနားကြားပြင်းကတ်

နေသည်။

အပိုတွေ ...

ဖေဖေ့ကို ဘယ်လိုပြောရမလဲ။

မင်းဟန်ဆောင်သိပ်ကောင်းတယ်။

မမ ...

ကျွန်တော် မမကိုပဲ လက်ထပ်မှာ ...

တခြား ဘယ်မိန်းကလေးကိုမှ လက်မထပ်ဘူး။

ဆုံးဖြတ်ချက်ပဲ ...

ဖေဖေဝင်လာသည်။

“သား ...”

“ဗျာ ... ဖေဖေ”

“မင်းနဲ့ သွေးသွေးမြိုင်နဲ့ ရင်းနှီးပြီလား ...”

“ဗျာ ...”

www.burmeseclassic.com

www.burmeseclassic.com



"သားကို ဖေဖေဒီလွှတ်လိုက်တာ ... ကျော်ခေါင့်သမီး အငယ် သွေးသွေးမြိုင်နဲ့လက်ထပ်ပေးဖို့လေ ... လူငယ်ချင်း ရင်းနှီးစေချင်လို့ပဲ ... "

"ဖေဖေ ... "

"ပြော ... "

"သားချစ်တာက မမပါ ... "

"ဘာ ... "

"မမသော်ကမြိုင်ပါ ... "

"ဟင် ... "

"မမသော်ကမြိုင်ကိုပဲ သားလက်ထပ်ပါရစေ ... "

"ဟာ မဖြစ်ဘူးထင်တယ် ... ကျော်ခေါင်က သမီးအငယ်နဲ့ပဲ တောင်းဆိုတာပါ ... ဖေဖေ လွှန်ဆန်လို့မရဘူး ... "

ကျော်ခေါင့်ကို မိမိကတိပေးထားပြီး ဖြစ်သည်။

ငြင်းဆန်၍မရ ...

"အကြီးမက သိပ်ပြီးထက်မြက်ပုံမရပါဘူး ... အိမ်ထဲမှာပဲ နေပြီး အိမ်မှုကိစ္စတွေပဲ လုပ်တတ်တာမျိုး ... "

"အဲ့ဒီလို မိန်းမမျိုးကိုပဲ သားလက်ထပ်ချင်တယ်ဖေဖေ"

"ဇေ ... မင်းမှားနေပြီ ... သွေးသွေးမြိုင်က ဘယ်လောက် ကျွန်ရှိလဲ ... ဝတ်စားပြင်ဆင်တာကအစ ရိုးသားတယ် ထက်မြက်ပုံလည်းရတယ် ... အမိပွယ်မရှိတာဘဲ ... မင်း သွေးသွေးမြိုင်နဲ့ပဲ လက်ထပ်ရလိမ့်မယ် ... "

"မမက အရမ်းရိုးသားဖြူစင်တယ် ... အိမ်မှုကိစ္စတွေလည်း



နိုင်နင်းတယ် ... ဟန်ဆောင်မှုလည်း မရှိဘူး ... "

"သွေးသွေးမြိုင်ကလည်း ရိုးသားပါတယ် ... ဖေဖေ့အမြင် ဘာမှမဆန်းပြားဘူး ... "

"သူဟန်ဆောင်နေတာပါဖေဖေ ... "

"ဟင် ... "

"ဝတ်ချင်သလိုဝတ် ... သွားချင်ရာသွား ... နေချင်သလို နေတတ်တဲ့ မိန်းမပါ ... "

"မဖြစ်နိုင်ပါဘူး ... မင်းအပိုတွေ ပြောတာ ... ဖေဖေတော့ အငယ်မနဲ့ပဲ သဘောတူတယ်သား ... အငယ်မနဲ့ပဲ လက်ထပ်ရမယ် ... "

"သား လက်မခံနိုင်ဘူး ... "

"ခုက္ခပါပဲကွာ ... "

ကိုကျော်ခေါင်ကလည်း သမီးအငယ်ရှေ့ရေးပဲ ဖြည့်[illegible]စေချင်မိသည်။

တောင်းဆိုထား၏။

မိမိသဘောတူထားသည်။

အကြီးမက ရိုးအပြီး စုတ်ပြတ်လွန်းသည် ထင်မိ၏။

သားက ချစ်နေသည်။

"သွေးသွေးမြိုင်ကိုတော့ သားလုံးဝလက်မထပ်နိုင်ဘူးဖေဖေ သားကို ခွင့်လွှတ်ပါ ... နားလည်ပေးပါ ... သားမမနဲ့ပဲ လက်ထပ်ပါရစေနော် ... "

သားက လိမ္မာပြီး မိမိကို ဘယ်တော့မှ ဆန့်ကျင်

www.burmeseclassic.com

www.burmeseclassic.com



တတ်သည် မရှိခဲ့။

အားကိုးရတဲ့သား ...

မိမိအတင်းအကျပ် မပြောလိုပေ။

သားဆန္ဒလည်း ဖြည့်စွမ်းပေးလိုသည်။

ခက်တာက ...

ကျော်ခေါင်ပဲ ...

သမီးအငယ်နှင့်ပဲ လက်ထပ်ပေးချင်တဲ့ဆန္ဒ... ပြင်းပြနေသည်။

"သမီးအငယ်အတွက်ပဲ စိတ်ပူတယ် ... သမီးကြီးက ... ထောင်မပြုတော့ပါဘူး ... အပျိုကြီးပဲ လုပ်မှာ ..."

ကျော်ခေါင်က ပြောခဲ့သည်။

"သား ..."

"ဗျာ ..."

"သော်ကမြိုင်ကရော ... သားနဲ့ချစ်သူတွေဖြစ်နေကြ... လား"

"ဖြစ်နေကြပြီဖေဖေ ..."

"ဟင် ..."

ဖေ ပြောလိုက်သည်။

မထူးတော့ ...

ချစ်သူတွေဖြစ်တယ်ဆိုမှ ဖေဖေတို့လူကြီးတွေ... စဉ်းစားကြမှာပါ။

မမရယ် ...



ဖေ့ကို ခွင့်လွှတ်ပါ။

မမကလွဲပြီး တခြားဘယ်သူ့ကိုမှ ဖေမချစ်နိုင်လို့ သော။

"ဒါဆိုရင်လည်း ကျော်ခေါင်နဲ့ဖေဖေညှိကြမယ် ... သားဆန္ဒလည်း ဖြည့်အောင် ..."

"ပြန်ပြီး စဉ်းစားပေးပါဖေဖေ ... သားမမကိုပဲ လက်ထပ်မယ် ... ဖြူစင်တဲ့ မိန်းမတစ်ယောက်ကိုပဲ သားလက်ထပ်ပါရစေ ..."

ဦးညီညီကတော့ သားဆန္ဒအတိုင်းပဲ ဖြစ်စေချင် သည်။

ကျော်ခေါင်က လက်ခံမလား။

"ကျော်ခေါင်က သူ့သမီးက အပျိုကြီးလုပ်မှာတဲ့ ..."

"မမက အရမ်းအနစ်နာခံတယ် ... မိသားစုအတွက်ပဲပေးဆပ်ချင်နေတာပါ ဖေဖေ ..."

"ဖေဖေညှိနှိုင်းကြည့်မယ် ... ကျော်ခေါင်က ဖွတ်အတင်းတောင်းဆိုနေရင်ရော ..."

"သားတို့အချစ်ကို မခွဲပစ်ပါနဲ့ဖေဖေ ... သားအမွေပြတ်ခံရချင်ခံရပါစေ ... သွေးသွေးမြိုင်ကိုတော့ လက်မထပ်နိုင်ပါဘူး ..."

"ခက်တာပဲကွာ ..."

သူ ...

အပြတ်ပြောလိုက်သည်။

www.burmeseclassic.com



သူ့ဘဝတွင် မမကလွဲပြီး တခြားဘာမှ မလိုအင်တော့သလို ဖြစ်နေရ၏။

ကျွန်တော် မမကိုအရမ်းသနားတယ်။

မိသားစုအတွက် အမြဲတမ်း အနစ်နာခံပြီး ပေးဆပ်နေခဲ့တာပါ။

"မင်းကို သော်ကမြိုင်က ချစ်နေတယ်ဆိုတာ အမှန်ပဲလားသား ..."

"အမှန်ပဲဖေဖေ ... မမက သားကိုချစ်ပါတယ် ... သူက မိသားစုအတွက် အနစ်နာခံတတ်တဲ့ မိန်းကလေးပါ ..."

သား ဘယ်လောက်အထိဆန္ဒတွေ ပြင်းပြနေတယ်ဆိုတာလည်း မိမိသိသည်။

သဘောမတူစရာတော့ မရှိ။

ညှိနှိုင်းရမှာပဲ ...

"ဖေဖေ ညှိပေးမယ် ... သားဆန္ဒတွေကို ဖေဖေဖြည့်ဆည်းပေးပါ့မယ် ..."

"ကျေးဇူးပါပဲဖေဖေရာ ... သားကတော့ ... ဘယ်လိုအခြေအနေမျိုးပဲဖြစ်လာပါစေ ... သွေးသွေးမြိုင်ကိုတော့ လက်မထပ်နိုင်ဘူးနော်ဖေဖေ ..."

ဖေ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပစ်လိုက်သည်။

မမ ...

ကျွန်တော် နောက်မဆုတ်ဘူး။



ချစ်တဲ့မမကို လက်ထပ်မယ်။

မမရဲ့ဘဝမှာ အပူသောကဆိုတာ မရှိစေရတော့ဘဲ အေးချမ်းနေစေရမယ်။

အရမ်းချစ်တယ် မမရယ် ...

သော် ...

မင်းကို အရမ်းချစ်မြတ်နိုးတယ်။

ဖြူစင်ရိုးသားတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ပိုင်ဆိုင်ချင်တယ်။

ဖေဘဝတစ်ခါက်တာအတွက် ဘဝအဖော်က မမပဲ ... ။

မမကို လက်ထပ်ဖို့ ကျွန်တော်အစွမ်းကုန် ကြိုးစားရမှာပဲ။

ကျွန်တော် ဆုံးဖြတ်ထားပြီးပြီဗျာ ...

ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေနဲ့ အားလုံးကိုရင်ဆိုင်ဖို့ပဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

"ကျော်ခေါင် ... "

"ဘာလဲ ညီညီ ... "

"အခြေအနေက တစ်မျိုးဖြစ်နေတယ် ... "

"ဘာလဲ ညီညီ ... "

"သားနဲ့ မင်းသမီးကြီးသော်ကမြိုင်က ချစ်သူတွေတဲ့ ... "

"ဟာ ... မဖြစ်နိုင်တာပဲ ... သမီးကြီးက ဘာမှမပြောပါဘူး။ မဖြစ်နိုင်ဘူးထင်တယ် ... "

"မေးကြည့်ပါဦး ... "

"မင်းရှေ့မှာပဲ ငါမေးမယ် ... သမီးကြီးက ရိုးသားတယ် မလိမ်ညာတတ်ဘူး ... "

"မေးကွာ ... "

သမီးကြီးကို ခေါ်လိုက်သည်။



သွေးသွေးမြိုင်က ပိုပြီးသွက်လက်ထက်မြက်သည်ဟု ထင်မိ၏။

သော်ကမြိုင်က ရိုးအလွန်းသည်။

သားက ရိုးသားတာကို ချစ်တာလား။

သွေးသွေးမြိုင်လည်း ရိုးသားပြီး ဣန္ဒြေရှိတာပဲဟု ဦးညီညီတွေးမိနေသည်။

"သမီး ... "

"ရှင် ... "

"သမီးကို ဖေဖေမေးစရာရှိလို့ ... "

"မေးပါ ဖေဖေ ... "

ဖေဖေရော အန်ကယ်ရော တစ်မျိုးဖြစ်နေ၍ သူမ အထိတ်တလန့် ဖြစ်ရသည်။

ဘာတွေဖြစ်ကုန်ပြီလဲ။

စိတ်ပူလိုက်တာ ...

ဖေ ...

မင်းဘာတွေ ပြောလိုက်ပြီလဲ။

ငါ့ကို ဒုက္ခရောက်အောင် လုပ်တာပဲ။

"ဖေဖေ ... "

"ဟင် ... "

"သမီးကို ဘာမေးမလို့လဲ မေးလေ ... "

"ဖေဖေ မေးတာကို သမီးအမှန်အတိုင်းပဲ ဖြေပါ ... "

"ဟုတ်ကဲ့ ... သမီးမလိမ်တတ်ဘူးဆိုတာ ဖေဖေသိပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ဟုတ်တယ် ... ဖေဖေသိတယ် ... သမီးက လိမ္မာရေးခြားရှိလွန်းတဲ့ မိန်းကလေးပဲ ... ”

“မေးပါ ဖေဖေ ... ”

“တခြားတော့ မဟုတ်ပါဘူး ... ဖေနဲ့သမီးကြီးချစ်သူတွေဆိုတာ ဟုတ်လား ... ”

“ရှင် ... ”

ဖေ ...

မင်းဘာတွေ ပြောလိုက်တာလဲ ...

ဒုက္ခပါပဲ ...

မဟုတ်ပါဘူးဟု ပြောလိုက်ရင်လည်း ဖေနဲ့ထာဝရဝေးရတော့မယ်။

ဟုတ်တယ်ဆိုရင်လည်း ညီမလေးနှင့်အကြီးမားဆုံးဖြစ်ရမည်။

မမဘယ်လို ဖြေရမလဲ ... ။

ညီမလေးရဲ့ အရေးကြီးပါတယ်။

အစ်မတစ်ယောက်အနေနဲ့ ညီမလေးအပေါ် အနစ်နာခံရမယ်။

“သမီးကြီး ... ”

“ရှင် ... ”

“ဖြေလေ ... ”

“မဟုတ်ပါဘူး ... ”



“ဟင် ... ”

“သားက ပြောတာပဲ ... မမနဲ့ပဲ လက်ထပ်ပါရစေတဲ့ ... ”

“ဟင် ... ”

“သွေးသွေးမြိုင်ကို လက်ထပ်ဖို့ငြင်းဆန်နေတယ် ... သမီးကြီးနဲ့ ချစ်သူတွေဖြစ်နေကြတာတဲ့ ... အနီကယ်တို့ ဘယ်လိုဆက်လုပ်ကြမလဲ ... ”

“မဟုတ်ပါဘူး ... ကျွန်မနဲ့သူ ဘာမှမဆိုင်ပါဘူး ... ချစ်သူတွေဆိုတာလည်း မဟုတ်ပါဘူး ... သူ့ဘက်ကပဲ ကျွန်မကို”

ဆက်မပြောရဲတော့ ...

ဖေဖေရှိနေသည်။

ဖေယျညီက ညီမလေးနဲ့ လက်ထပ်ပေးမှာလို့ ဖေဖေပြောထားခဲ့၏။

သူမက အကြီး ...

ဣန္ဒြေသိက္ခာကြီးမားစွာနေလာခဲ့တဲ့ မိန်းကလေးတစ်ယောက် ဖြစ်သည်။

ငိုချင်လာမိ၏။

ရှက်လိုက်တာ ...

ဖေ ...

မင်းရက်စက်တယ်။

ငါ့ရဲ့အရှက်သိက္ခာတွေကိုတောင် မင်းလုံးဝမငဲ့ကွက်ဘူး။

“သမီးကြီး ... ”

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... "

"ဖေဖေက သမီးကြီးနဲ့ပဲ လက်ထပ်ပေးမယ်ဆိုရင်ရော"

"မဖြစ်ပါဘူး ... လုံးဝ လက်မခံနိုင်ဘူးဖေဖေ ... သမီးနော်ကို လက်မထပ်ဘူး ... ညီမလေးနဲ့ပဲ လက်ထပ်ပေးပါ ... သမီး လက်မခံဘူး ... "

သော်ကမြိုင် ခါးခါးသီးသီးပဲ ငြင်းဆန်လိုက်မိသည်။

"ဟုတ်ရဲ့လား သမီးရယ် ... သားက မင်းကလွဲပြီး ဘယ်သူမှ လက်မထပ်ဘူးလို့ ပြောနေတာယ်လေ ... "

"မဖြစ်နိုင်ပါဘူး ... သမီးလုံးဝ လက်မခံနိုင်တာပါ ... နော်ကို သမီးလက်မထပ်ဘူး ... "

သူမ ... အပြတ်သားဆုံး ပြောမိသည်။

ငြင်းရမယ် ...

သွေးသွေးက ပြောထားတယ်။

မမဘက်က ငြင်းတဲ့ ...

သော်ကမြိုင် ညီမလေးကို ကတိပေးထားပြီးပြီ ဖြစ်သည်။

"ကျွန်မနဲ့ ချေစ်သူတွေဆိုတာလည်း မဟုတ်ပါဘူး ... သမီး ပြောတာယုံပါ ... "

"ညီညီ ... "

"ဟင် ... "

"သမီးကြီးပြောတာ ကြားလား ... ဓနဲ့ဘယ်လိုမှ မပတ်သက်ပါဘူးတဲ့ ... "



"ခက်တာပဲဗျာ ... သားက သွေးသွေးမြိုင်ကို လုံးဝလက်မထပ်နိုင်ဘူးတဲ့ ... သားအဖြစ်က စွန့်လွှတ်ရင်တောင် ခံမယ်တဲ့ ... "

"ဘယ်လို လုပ်မလဲ ... "

"မျက်နှာပျက်စရာတွေတော့ ဖြစ်နေပြီ ... သားက ဘယ်လို နည်းနဲ့မှ လက်ခံမှာ မဟုတ်ဘူး ... "

ဦးကျော်ခေါင်လည်း ဘယ်လိုလုပ်ရမှန်း မသိဖြစ်နေရသည်။

"မင်းသားကို သေသေချာချာမေးပါဦး ... သမီးကြီးက ငြင်းဆန်နေတယ်လေ ... "

"ကျွန်မ ဘယ်တော့မှ ဓနဲ့လက်မထပ်ပါဘူး ... လူကြီးတွေက ညီမလေးနဲ့စီစဉ်ပေးထားတဲ့အတိုင်း ဆက်ပြီးစီစဉ်စေချင်ပါတယ် ... "

သူမ ...

ငိုချင်နေမိသည်။

မျက်ဝန်းတွေထဲမှာ မျက်ရည်တွေက ပြည့်လာရ၏။

"ကောင်းပြီလေ ... သားနဲ့ထက်ညီမယ် ... လက်မခံဘူးဆိုရင်တော့ ... အစီအစဉ်တွေကို ခဏလောက်ရပ်ဆိုင်းထားရမယ်ထင်တယ် ကျော်ခေါင် ... "

"အင်းလေ ... ဘယ်တတ်နိုင်မလဲကွာ ... "

သမီးငယ်အကြောင်းကိုလည်း ခေါ်သိသွားရျှ ဖြစ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုးသွမ်းပြီး ထင်တိုင်းကြဲနေတတ်တဲ့ သမီးအငယ်ပဲ မဟုတ်လား။

အကြီးမက ရိုးအေးသည်။

အနစ်နာခံတတ်၏။

အိမ်မှုကိစ္စတွေ နိုင်နင်းတဲ့မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။

ဇေ နှစ်သက်မှာပဲ ...

မတတ်နိုင်ဘူးလေ ...

သမီးကြီးက လက်ထပ်မယ်ဆိုရင်လည်း လက်ထပ်ပေးဖို့ပါပဲ။

"သော်ကမြိုင် ..."

"ရှင် ..."

"မင်း လက်ခံမယ်ဆိုရင်တော့ ... အန်ကယ်တို့က သမီးကြီးနဲ့ပဲ လက်ထပ်ပေးပါ့မယ် ..."

"ဟင့်အင်း ... ကျွန်မ လုံးဝလက်မထပ်ပါဘူး ... သူနဲ့ ကျွန်မချစ်သူလည်း မဟုတ်ဘူး ..."

လူကြီးတွေအနားကနေ သော်ကမြိုင် ပြေးလာခဲ့မိသည်။

"မမ ..."

"ဟင် ..."

ဇေက ရှေ့မှ ဝိတ်ကာရပ်နေသည်။

"နင် ... နင် ဘာဖြစ်လို့ ငါနဲ့ချစ်သူတွေပါလို့ လိမ်ညာပြော



ခဲ့ရတာလဲဇေ ... မဟုတ်တာတွေ ဘာလို့ပြောရတာလဲ ... ငါ့အရှက်သိက္ခာတွေကိုတောင် မင်းမငဲ့ကွက်တော့ဘူးလား"

"ဇေ သော့်ကိုချစ်လို့ပါ ... မမ ဘာလို့ ဟန်ဆောင်နေရတာလဲ ... သတ္တိမရှိရတာလဲ ... ကျွန်တော့်မှာ ခြံရှိတယ် ... တိုက်ရှိတယ် ... မိသားစုထဲကနေ မမကိုခေါ်ထုတ်သွားမှာပါ ..."

"မလိုပါဘူး ... ငါ မင်းကိုမချစ်ဘူး ... မင်းစိတ်ကူးယဉ်မနေနဲ့ ..."

ဇေ ...

မမနှလုံးသားတွေ နာကျင်နေတယ်။

မင်းရဲ့ စေတနာတွေကို မမသိပါတယ်။

တောင်းပန်ပါတယ်ဇေ ...

ညီမလေးကိုပဲ ဇေ လက်ထပ်စေချင်တာပါ။

"ဇေ ..."

"မမ ..."

"သွေးကို လက်ထပ်ပါ ..."

"ကျွန်တော်လက်မခံဘူး ... ဘယ်တော့မှ လက်ထပ်မှာမဟုတ်ဘူးမမ ... ကျွန်တော့်ရဲ့ဆုံးဖြတ်ချက်ပဲ ... မမငြင်းလိုက်ပြီလား ... ကျွန်တော့်ကို လက်မထပ်နိုင်ဘူးလို့ ပြောလိုက်ပြီလား ..."

"ဟုတ်တယ် ... ပြောလိုက်ပြီ ... မင်းကို ငါမှလက်မထပ်နိုင်တာဘဲ ... ငါငြင်းလိုက်တယ်ဇေ ... ဒါ ငါဘယ်တော့မှ

www.burmeseclassic.com

www.burmeseclassic.com



မပြင်တဲ့ အချက်ပဲ ... ”

သော်ကမြိုင်ကတော့ စေနဲ့အပြတ်သားဆုံး ဖြေ

မှ ဖြစ်တော့မည်။

ရင်ဆိုင်မိသည်။

“ငါက အရှက်သိက္ခာတွေနဲ့ လူလုပ်နေတာ ... နင်ပြော

တိုင်းပြောလို့ ရတယ်လို့ ထင်နေလား ... ”

“သော် ... ”

“ငါ့ကို မမပဲခေါ် ... သော်ကမြိုင်လို့ ခေါ်စမ်းပါ ...

ညီမလေးကို လက်ထပ်ပါ ... ငါတောင်းပန်ပါတယ် ...

က ငါ့ကိုစိတ်ချမ်းသာစေချင်ရင် မဟုတ်လား ...

ငါ့ဆန္ဒတွေကို ဖြည့်စွမ်းပေးပါ ... ”

မမကို ကြည့်မိသည်။

စိတ်သောကတွေ အတော်လေးဖိစီးနေတဲ့ ပုံပေါ်

နေ၏။

စေ မမြင်ချင်ပါဘူး။

မမကို ပျော်ရွှင်စေချင်တာ ...

“ငါ အစ်မတစ်ယောက်နေရာကပဲ နေပါရစေ ... ငါ့ညီမ

က မင်းကိုချစ်နေတာ ... ”

“သွေးသွေးမြိုင်မှာ အချစ်မရှိဘူးဆိုတာ စေသိတယ် မ

သွေးသွေးမြိုင်အကြောင်းတွေ စေအားလုံး စုံစမ်းပြီးပြီ

ချစ်သူနဲ့ကွဲပြီး စေ့ကိုအစားထိုးတာလေ ... ”

“ဟင် ... ”



“မမသိပါတယ် ... စေ့ကို ဒုက္ခရောက်စေချင်တာလား ...
သွေးသွေးမြိုင် နေချင်သလိုနေမှာကို ကျွန်တော်လက်ခံရ
မလား ... ”

“သွေးသွေးမြိုင်က လိမ္မာနေပါပြီ ... အခု အိမ်ထဲက အိမ်ပြင်
တောင် မထွက်ဘူး ... ဝတ်စားပြင်ဆင်မှုတွေကိုလည်း
ပြောင်းလဲလိုက်ပြီပဲ ... ”

“ဖေဖေ့ရှေ့မှာမို့ ခြေငြိမ်နေပြတာပဲ ... စေ မယုံဘူး”

“မင်း မမကိုပျော်ရွှင်ချမ်းမြေ့စေချင်တယ်ဆို ... ညီမလေး
ရဲ့ ဆန္ဒဟာ ... မမရဲ့ အကြီးမားဆုံး ဆန္ဒတစ်ခုပဲစေ”

စေ့ကို တောင်းပန်တိုးလျှိုးတဲ့ မျက်ဝန်းတွေနှင့်
ကြည့်မိသည်။

ညီမလေးကို လက်ထပ်ပါ။

အားလုံး အေးချမ်းသွားမယ်။

စေ နစ်နာမယ်ဆိုတာကို မမသိပါတယ်စေရယ် ...

“ညီမလေးနဲ့ လက်ထပ်ဖို့ကို မငြင်းပါနဲ့နော် ... ”

မမအနားကနေ စေထွက်လာခဲ့မိသည်။

အိပ်ခန်းထဲ ပြန်ရောက်လာခဲ့၏။

“ဟူး ... ”

သက်ပြင်းမောကြီးကို ပြင်းပြစွာဖြင့် မှုတ်ထုတ်ပစ်
လိုက်မိသည်။

စိတ်ညစ်တယ်။

ဘယ်လို ဆက်လုပ်ရမလဲ။

www.burmeseclassic.com



မမကိုလည်း စိတ်သောကတွေ မရောက်စေချင်ပေ။

"သား ... "

"ဖေဖေ ... "

"သော်ကမြိုင်က ငြင်းတယ် ... ဘယ်လိုဖြစ်ရတာလဲ ... "

"မမကို ဇွဲဘက်ကပဲ ချစ်တာပါဖေဖေ ... "

"ဟင် ... "

"ဖေဖေ ... "

"ပြော ... "

"ကျွန်တော် ဘာဆက်လုပ်သင့်လဲ ... "

"မင်းကို သော်ကမြိုင်ကမှ မချစ်နိုင်တာဘဲဓေ ... ဖေဖေတို့ လူကြီးချင်း မျက်နှာပျက်ရမယ် ... အငယ်မ သွေးသွေးမြိုင်ကိုပဲ လက်ထပ်လိုက်ပါသားရယ် ... "

သူ ...

တွေဝေနေမိသည်။

မမဆန္ဒတွေကိုပဲ ဖြည့်စွမ်းပေးလိုက်မလား။

"ညီမလေးကို ဧလက်ထပ်ပါ ... မမပျော်ရွှင်နေတာကို မြင်ချင်တယ်ဆို ... "

ကျွန်တော် သွေးသွေးမြိုင်ကို လက်ထပ်လိုက်ရင် မမ ပျော်မှာလား ...

စိတ်ချမ်းသာမှာလား ...

"မမ တောင်းပန်ပါတယ် ... ညီမလေးကို မငြင်းလိုက်ပါနဲ့



နော် ... "

သူ ...

ဘာဆက်လုပ်ရမလဲ။

လူကြီးတွေ ဆန္ဒအတိုင်း သွေးသွေးမြိုင်ကိုပဲ လက်ထပ်လိုက်ရမလား။

မမကို ပျော်စေချင်လို့ပါ။

"သား ... "

"ဗျာ ... "

"သွေးသွေးမြိုင်ကိုပဲ သားလက်ထပ်လိုက်ပါ ... မင်းနဲ့ သွေးသွေးမြိုင် နီးစပ်စေချင်လို့ ဖေဖေဒီကိုလွှတ်လိုက်တာပဲ ... ဖေဖေ ကျော်ခေါင်ကတိပေးထားကြတာ ... "

ကျော်ခေါင်က သမီးငယ်နှင့်ပဲ လက်ထပ်စေချင်သည်။

"ဘာမှ ပြောမနေတော့ဘဲ မင်းသွေးသွေးမြိုင်ကိုပဲ လက်ထပ်လိုက်ပါသားရယ်နော် ... "

မမ ...

ဧ လက်ခံလိုက်တော့မယ်။

မမကို ပျော်စေချင်လို့ပါ။

ညီမလေးအတွက် မမအရှုံးကို အနစ်နာခံပေးခဲ့ပါ ချင်နေတာ မဟုတ်လား။

မမပျော်မလား။

"ဖေဖေ ... "

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ သား ..."

"ဖေ လက်ခံတယ် ..."

"ဟင် ... တကယ်လားသား ... ဖေဖေဝမ်းသာလိုက်တာ... ကျော်ခေါင်နဲ့ မျက်နှာမပျက်ရတော့ဘူးပေါ့ ..."

"သား လက်ခံပါ့မယ် ... လူကြီးတွေဆန္ဒအတိုင်းသာ စီစဉ်ပါ"

မမ်ကို ပျော်စေချင်တဲ့ဆန္ဒတစ်ခုတည်းအတွက်ပါပဲ။

သွေးသွေးမြိုင်ကို လက်ထပ်ဖို့ ဖေ လက်ခံလိုက်ပါပြီ မမ ...

ကျေနပ်ပါတော့ ...

သွေးသွေးမြိုင်က မမကိုအထင်လွဲမှာ ကြောက်နေတယ်မဟုတ်လား။

မမ ...

တာဝန်ကျေပါတယ်။

အစ်မကြီးတစ်ယောက်ရဲ့ စေတနာမေတ္တာတွေကို အပြည့်အဝ ပြသလိုက်ပါ။

ကျွန်တော်လည်း မမနဲ့ထပ်တူထပ်မျှ ပေးဆပ်ခွင့်ရတယ်လို့ပဲ သဘောထားပါ့မယ်။

"မင်းသဘောတူတယ်ဆိုရင်တော့ ... ဖေဖေတို့ စီစဉ်လိုက်တော့မယ်သား ..."

"ဟုတ်ကဲ့ ..."

"ကျော်ခေါင်လည်း ဝမ်းသာသွားမှာပဲ ... သော်ကမြိုင်က



သားကိုမနှစ်သက်တာဘဲ ... လူကြီးတွေရဲ့ ဆန္ဒပဲလက်ခံလိုက်တာ ကောင်းပါတယ် ..."

ဖေဖေ မသိပါဘူး။

မမက ကျွန်တော့်ကို ချစ်ပါတယ်။

အနစ်နာခံတာပါ။

ဖေဖေ့ကို ဘာမှစောဒက မတတ်တော့ဘဲ မျက်လုံးတွေသာ မှိတ်ထားပြီး ငြိမ်သက်နေလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၂)

"ကိုဇေ ..."

"ဟင် ..."

"သွေးတို့ အပြင်ထွက်ရအောင် ..."

မမရှိနေသည်။

သူ ...

ငြိမ်သက်နေချင်သည်။

မနက်စာအတွက် ပြင်ဆင်နေသော မမကတော့ ပကတိအေးစက်နေ၏။

မမ ခံစားနေရတယ် မဟုတ်လား။

ကျွန်တော် သိပါတယ်။

သွေးသွေးမြိုင်က မမအပေါ်လုံးဝ အနစ်နာမခံဘူး။

အတ္တကြီးတယ်။



မမနဲ့ ကျွန်တော်ချစ်နေကြတာကို သိသိကြီးနှင့် လက်ထပ်ဖို့ ကြိုးစားသည်။

မင်းဘာကိုမှ မငဲ့ဘူး။

သူ့ကိုမချစ်ဘဲ တမင်လက်ထပ်တယ်ဆိုတာ သိနေသည်။

"ကိုဇေ ..."

"ကိုယ်အပြင်မထွက်ချင်ဘူး သွေး ... မင်းတစ်ယောက်တည်းသွားပါကွာ ..."

"မရဘူး ... လိုက်ရမယ် ... စေ့စပ်ပွဲအတွက် အဝတ်အစားတွေ သွားဝယ်မယ် ... ဖိတ်စာဒီဇိုင်းတွေလည်း ရွေးရမယ်၊ သတို့သမီးဝတ်စုံအတွက်လည်း သွေးချုပ်ရဦးမယ် ..."

"မင်းအပ်လေ ..."

"ကိုဇေလိုက်ရမယ် ... မရဘူးကွာ ... ဘာလဲ စိတ်မပါလို့လား ..."

သွေးသွေးမြိုင်ကိုတော့ သူလန့်နေမိသည်။

မမကို ပြဿနာရှာမှာပဲ ကြောက်နေမိ၏။

"ကဲ ... ဒါဆိုလည်း ကိုယ်လိုက်ပါ့မယ် ..."

"အိုကေ ..."

သွေးပျော်ရွှင်တက်ကြွနေတာတွေ့တော့လည်း သော်ကမြိုင် ဝမ်းသာမိသည်။

မမ ကျေနပ်ပါတယ်။

ဇေရဲ့ပေးဆပ်မှုတွေအတွက် မမအများကြီးကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်။

မင်း မမကို ကူညီတာပဲ ...။

အချစ်ဆိုတာကို မမလုံးဝမစဉ်းစားချင်တော့ပါဘူး။

ညီမလေးနဲ့ပဲ ထိုက်တန်ပါတယ်။

"မမ ..."

"ဟင် ... မသွယ်"

"သွေးသွေး အပေါ် မမကောင်းသလောက် သွေးသွေးက ရက်စက်တယ် ..."

"သူက အငယ်ပဲမသွယ် ... နွဲ့ဆိုးဆိုးမှာပဲ ..."

"မမက ခွင့်လွှတ်တတ်လိုက်တာကွယ် ..."

မသွယ်ကတော့ မမကိုပဲ သနားနေမိသည်။

စိတ်သဘောထားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပဲ။

ကိုဇေက မမကိုရွေးချယ်တာပါ။

"မမဘဝမှာ အမြဲတမ်းအနစ်နာခံမှုတွေ ... ပေးဆပ်မှုတွေနဲ့ပဲ နေတော့မှာလား ..."

"ညီမလေး သင့်တော်တဲ့ အိမ်ထောင်ဘက် ရသွားပြီဆိုတော့လည်း ကျွန်မ စိတ်အေးပါပြီ ... နောက်ပိုင်းအေးချမ်းတော့မှာပါ ..."

သွေးသွေးမြိုင် အရမ်းဆိုးတာ မသွယ်တို့ အသိပင်။

မမ အေးချမ်းပါပြီ ...



ဇေနှင့်ညီမလေးအတွက် အိမ်တစ်လုံးဝယ်ထားပြီးကြပြီပဲ။

သိုးသန့်နေမှာပါ ...

ညီမလေး သုံးထားတဲ့ ငွေတွေအတွက် မမပဲဖြေရှင်းပေးလိုက်ရသည်။

စားသောက်ခန်းထဲသို့ ဖေဖေဝင်လာ၏။

"သမီးကြီး ..."

"ရှင် ... ဖေဖေ"

"သမီးကြီး အနစ်နာခံလိုက်တယ်ဆိုတာ ဖေဖေသိပါတယ်၊ လိမ္မာလိုက်တဲ့ သမီးကြီးရယ် ..."

ဦးကျော်ခေါင် အခြေအနေအားလုံးကို ရိပ်စားမိနေသည်။

သမီးငယ်ဆိုးပေတာလည်း သိနေ၏။

မလွယ်ဘူး ...

ဒါကြောင့် စိတ်အေးချင်တာပါ။

"သမီးငယ် အခြေတကျဖြစ်သွားရင် ... သမီးကြီး နိုင်ငံခြားကိုထွက်ပြီး လည်နော် ... ဖေဖေနဲ့သွားမယ် ... အိမ်ထဲမှာပဲ အိမ်မှုကိစ္စတွေနဲ့ လုံးပတ်နေတတ်တဲ့သမီးကြီးကို အပြင်ခေါ်ထုတ်ရမယ် ..."

အရင်က ...

ညီမလေးကြောင့် သူမဘယ်မှ မသွားရ။

အခုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



အင်း ...

ဇေကေ အိမ်မှုကိစ္စတွေ နိုင်နင်းတဲ့ မိန်းမကိုပဲ အထင်ကြီးလေးစားတာပါ။

ညီမလေးက ဘာမှ မတတ် ...

ဘယ်လို လုပ်ရမလဲ။

ကြာရင် ...

အိမ်ထောင်ရေးမှာ ပဋိပက္ခတွေ ဖြစ်လာနိုင်ပါတယ်။

အိမ်မှုကိစ္စတွေကို ညီမလေးတတ်အောင် သင်ပေးရင် ကောင်းမလား။

"သမီးကြီး တာဝန်ကျေပါတယ် ... သမီးလေး ဘဝတည်ငြိမ်သွားပြီဆိုရင်ပဲ ဖေဖေတို့စိတ်အေးရပြီ ... "

ဟုတ်ပါတယ်လေ ...

ဖေဖေ စိတ်ချမ်းသာတယ်ဆိုရင်လည်း သော်ကမြိုင်ကျေနပ်ပါပြီ။

သူမကံပဲ ...

ဇေက သူမအတွက်လိုက်လျောပေးတယ်ဆိုတာလည်း သိနေသည်။

ကျေးဇူးတင်ပါတယ်ဇေ ...

မင်းရင်ထဲမှာ ဘယ်လောက်အထိ ခံစားနေရမလဲဆိုတာ မမသိပါတယ်။

မမလည်း ထပ်တူထပ်မျှ ခံစားနေရပါတယ် ဇေ



ရယ် ... ။

"သမီးကြီး ... "

"ရှင် ... "

"ညီမလေးအိမ်ထောင်ကျပြီးပြီဆိုတော့ ... သမီးပျော်ရွှင်လွတ်လပ်စွာနေတော့နော် ... "

"ဟုတ်ကဲ့ ဖေဖေ ... "

"သမီးကြီးရဲ့ ပျော်ရွှင်ချမ်းမြေ့မှုကိုလည်း ဖေဖေဖြည့်စွမ်းပေးပါတော့မယ် ... "

"သမီးအတွက် ဘာမှမပူပါနဲ့ ... ဖေဖေစိတ်ချမ်းသာအောင်ပဲနေပါနော် ... "

"လိမ္မာလိုက်တဲ့ သမီးလေး ... "

ဖေဖေ စားသောက်ပြီး ပြန်ထွက်သွားတော့သည်။

မမလည်း ငိုချင်တယ်။

ဘာဖြစ်လို့လည်း မသိဘူးနော် ...

ကြေကွဲနေသလိုပဲ။

"မမသွားတော့မယ် ... "

"မမ ... "

"ဟင် ... "

"အနားယူတော့နော် ... "

"အင်း ... "

အိပ်ခန်းထဲသို့ သူမဝင်လာပြီး အိပ်ရာပေါ်လှဲအိပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား ..."

မှန်းကျပ်လိုက်တာဓေ ...

ကျွန်မ အရမ်းခံစားနေရတယ်။

ရှင်ရော ...

မဟုတ်သေးပါဘူး။

သော်ကမြိုင် ...

ညည်း ဖြစ်စေချင်တာလေ ...

ညီမလေးဘဝရှေ့ရေး အေးချမ်းတည်ငြိမ်မှု ရှိသွားပြီပဲ။

သူမ စိတ်တွေကို လျှော့ထားလိုက်မိသည်။

သွေးသွေးမြိုင်ကတော့ ကိုဓေ့လက်ကိုဆွဲပြီး အပျော်ကြီးပျော်နေ၏။

ပစ္စည်းတွေ ဝယ်သည်။

"ကိုဓေ ..."

"ဟင် ..."

"ဖိတ်စာတွေ ရွေးလေ ... နိုင်ငံခြားကိုပဲ ထပ်မှာရင် ကောင်းမလား ... ကိုဓေ ပြောပါဦး ... ကျွန်မက လက်ထပ်ပွဲကို အကြီးကျယ်အခမ်းနားဆုံး လုပ်မှာနော် ..."

သွေးသွေးမြိုင်ပြောချင်တာပြော ဓေကတော့ အေးစက်နေသည်။

စိတ်မဝင်စားမိ ...

မင်းလုပ်ချင်တာလုပ် ...



မမ ...

ဓေက မမစိတ်ချမ်းသာမှုအတွက် လိုက်လျှောပေးတာပါ။

"ကိုဓေ ..."

"ဟင် ..."

"ရှင် စိတ်မဝင်စားဘူးလား ..."

သွေးသွေးမြိုင် နှုတ်ခမ်းသားတွေကို စူထော်မိသည်။

"ရှင် မမအကြောင်းတွေ စဉ်းစားနေတာလား ..."

"ဟာ ... မစဉ်းစားပါဘူး ... မင်းဘာတွေလျှောက်ပြောနေတာလဲ ..."

"ကိုဓေ ..."

"ဘာလဲ ..."

"ရှင်နဲ့မမ ဘယ်အခြေအနေအထိရောက်ခဲ့ကြလဲ ..."

"ဘာ ..."

"မအော်ပါနဲ့နော် ..."

"သွေး မင်းဘာတွေပြောနေတာလဲ ... ကဲ မင်းဘာလုပ်ငလဲ ... ဘာဖြစ်ချင်လဲပြော ..."

"ဖိတ်စာရွေးနေတယ်လေ ... ကိုဓေ စိတ်မဝင်စားလုပ်နေတယ် ..."

သွေးမကျေမနပ် ပြောမိသည်။

ရှင် အေးစက်နေတယ်။ အဆင်

စိတ်မပါဘူး မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



“မမကြောင့် ကျွန်မကို လက်ထပ်တာ မဟုတ်လား၊ ရတယ် လေ ... ”

သွေးသွေးမြိုင်ဆိုတဲ့ မိန်းမကလည်း ရှင့်အချစ်တွေကို မလိုချင်ပါဘူး။

ရှင်ပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကိုပဲလေ ...

ဂုဏ်ဒြပ်တွေ ...

“ဖိတ်စာက မင်းကြိုက်တာရွေးလိုက်ရင် ပြီးတာပဲ မဟုတ်လား ... ”

“ရှင်က ကျွန်မနဲ့လက်ထပ်မဲ့ယောက်ျားပဲ ... ရှင်ရွေးပေး လေ”

“ဒါလေးကောင်းတယ် သွေးရွေးလိုက် ... ”

သူ ...

တွေ့တဲ့ ကတ်တစ်ခုကို ကောက်ယူပြီး ရွေးပေးမိသည်။

မမကို မထိခိုက်စေချင်၍ပါ။

“ဟင် ... ကိုဖေရွေးပေးတဲ့ ဖိတ်စာက ညှိလိုက်တာ ... ပြီးစလွယ် ရွေးပေးတာ မဟုတ်လား ... ”

“မင်းက ရွေးပေးဆိုလို့ ရွေးပေးရတာပဲသွေး ... ”

စက်နေသ မကြိုက်ဘူး ... ”

“ဒါဆို မင်းကြိုက်တာရွေးလိုက်ပါလားသွေး ... ”

“နှစ်ယောက်ရွေးမယ် ... ”

သူ ...



စိတ်မပါပေမဲ့ ရွေးလိုက်ရသည်။

အစ်မဖြစ်သူကို အနိုင်ကျင့်ပြောဆိုနေတာတွေ သူသဘောမကျမိ။

သွေးက ပြောမရ။

ဝတ်စားပြင်ဆင်မှုကို ပြောင်းလဲလို့ရပေမဲ့ အကျင့်စရိုက်ကမရ။

ပေါ့ပျက်ပျက်နေတတ်သူ ...

မမနဲ့တခြားစီပဲ ...

“ရှင့်စိတ်ထဲမှာ ကျွန်မကိုအထင်သေးနေတာ မဟုတ်လား၊ မမကိုပဲ တမ်းတသတိရနေမှာပေါ့နော် ... ”

“မင်း မမကိုဘာမှ ဝေဖန်ပြောဆိုစရာမလိုဘူးနော်သွေး ... ကိုယ်တို့ လက်ထပ်မဲ့ကိစ္စပဲ ပြောပါ ... ”

“ရှင်က မမကိုထိတော့ အရမ်းနာနေတာပေါ့လေ ... ”

“သွေး ... ”

“ကျွန်မကို ဒေါသမျက်လုံးတွေနဲ့ မကြည့်ပါနဲ့ ... ”

သူမ အော်ပစ်သည်။

ဒေါသတွေ ပေါက်ကွဲချင်နေ၏။

ရှင် ...

မမကို ချစ်နေတာ မဟုတ်လား။

“မင်း အဲ့ဒီလိုပြောနေရင် ... မင်းနဲ့ငါ အိမ်ထောင်ရေးအဆင်ပြေမှာ မဟုတ်တော့ဘူး ... ”

“ကျွန်မက မလွန်ဘူး ... ”

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီကွာ ..."

"ကိုဇေနော် လူကြီးတွေသဘောတူလို့ လက်ထပ်ရမယ်ဆိုပြီး ... အနိုင်မကျင့်နဲ့နော် ..."

"မင်းက အနိုင်ကျင့်နေတာပဲသွေး ... အဓိက မင်းမကို အနိုင်ကျင့်နေတာရပ်ပါ ..."

"ရှင်နဲ့ ဘာဆိုင်လို့လဲ ... ကျွန်မအစ်မပဲ ..."

"မမက အရမ်းသနားဖို့ကောင်းတယ်သွေး ... မင်းအပေါ်လည်း အရမ်းအနစ်နာခံတာပဲ ..."

"ကိုဇေ ..."

"ဘာလဲ ..."

"ရှင် မမကိုမေ့ပစ်လိုက်ပါ ... မမအကြောင်းတွေ ရှင်ပြောစရာမလိုတော့ဘူးနော် ..."

သူမ ...

မနာလိုဝန်တိုစွာဖြင့် တားမိသည်။

မမကေ့ မမပဲ ...

ရှင်တမ်းတမ်းတတ ပြောနေတာတွေကို ကျွန်မ လုံးဝ လက်မခံနိုင်ဘူး။

"မင်းအစ်မအပေါ် မင်းဘာလို့ ဒီလောက်အထိ မလိုမုန်းတား ဖြစ်နေရတာလဲ ..."

"မသိဘူး ... ကျွန်မကတော့ ရှင်အရေးတယူလုပ်နေတာကိုတော့ လုံးဝလက်မခံနိုင်ဘူးနော် ... အပြတ်ပြောထားပြီ ..."



သွေးသွေးမြိုင်နှင့်ဆက်ပြီး မဆွေးနွေးချင်တော့ပေ။

စိတ်ထားမကောင်းတဲ့ မိန်းမ ...

မမနဲ့တခြားစီပဲ ...

ရုပ်ရည်လည်း မတူပေ ...

မမက နန်းဆန်ဆန်လေးချောပြီး ကြန့်ြေသိက္ခာရှိသည်။

"ပြန်မယ်ကွာ ..."

"မပြန်ဘူး ..."

"မင်းနောက်ကို လျှောက်လိုက်နေရတာ အဓိပ္ပာယ်မရှိဘူးသွေး ..."

"ဘာလို့ အဓိပ္ပာယ်မရှိရမှာလဲ ... ကျွန်မတို့နှစ်ယောက် လက်ထပ်ဖို့ စီစဉ်နေကြတာလေ ... ဖိတ်စာရွေးမယ် ... အဝတ်အစား ချုပ်မယ် ... အဲ့ဒါ အဓိပ္ပာယ်မရှိတာလား ကိုဇေ ..."

သူ စိတ်ပျက်မိသည်။

မင်္ဂလာဆောင်ကိစ္စထက် သူငယ်ချင်းတွေဆီ သွားပြီး မိတ်ဆက်ပေးနေ၏။

ကြွားနေသည်။

မျက်နှာပူမိ၏။

"အဓိက ရှင်မမကိုမေ့ပစ်လိုက်ပါ ... ရှင်မမေ့ရင်တော့ မမကို ကျွန်မတို့နဲ့အဝေးဆုံးမှာ သွားနေပေးဖို့ပြောရမယ် ..."

"သွေးသွေးမြိုင် ..."

www.burmeseclassic.com

www.burmeseclassic.com



သူ ...

အော်ဟစ်တားဆီးမိသည်။

မမက မင်းအစ်မပဲ ...

မင်းအပေါ် အနစ်နာခံလွန်းတဲ့ မိန်းကလေးတ[illegible] ယောက်ပါ။

နာကျင်နေရသည်။

စိတ်ထိခိုက်ကြေကွဲမှုတွေနှင့် ဒေါသတွေ ဖြစ်လာ[illegible] ၏။

သွေးသွေးမြိုင် မင်းအရမ်းရက်စက်တယ်။ အ[illegible] နာမှဲ့တယ်။

စိတ်ကောင်းမရှိတဲ့ မိန်းမပဲ။

သူ ...

ဆက်မပြောတော့ ...

လူကြီးတွေ စိတ်ချမ်းသာမှုအတွက် သွေးသွေး[illegible] ကို လက်ထပ်ရမှာပဲ။

မမဆန္ဒတွေပါ ဇေ ဖြည့်စွမ်းပေးတာပါ။

သွေးသွေးမြိုင်ရဲ့ ဆန္ဒတွေအတိုင်း သူလုပ်နေရသ[illegible]

"ကိုဇေ ..."

"ဟင် ..."

"သတို့သမီးဝတ်ဖို့ ချိတ်ကိုလည်း ရှင်ရွေးပေးနော် ... အ[illegible] ရောင်ဆွတ်ဆွတ်လေး ကောင်းမလား ... ဘာပဲဖြစ်[illegible] ကိုဇေ ရွေးပေးတာပဲ ဝတ်မယ်နော် ..."



သူ့လက်မောင်းတွေကို ချိတ်ဆွဲပြီး လျှောက်ကြည့်နေသည်။

အပေါင်းအသင်း မိတ်ဆွေတွေလည်း တစ်လမ်းလုံး တွေ့နေ၏။

"သူက ကိုဇေယျာညီတဲ့ သွေးနဲ့လက်ထပ်တော့မှာ ..."

ဇေရဲ့ ဂုဏ်ဒြပ်တွေလည်း ထုတ်ဖော်ပြောနေတတ်သည်။

စိတ်ပျက်စရာကောင်းနေ၏။

မတတ်နိုင်ဘူးလေ။

သူ လက်ခံလိုက်ပြီးပြီပဲ။

အကောင်းဆုံး ဖြစ်အောင်တော့ ကြိုးစားလုပ်ဆောင်ပေးရမည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

"အား ... ကျွတ် ... ကျွတ်"

သွေးဘာဖြစ်တာလဲ။

အင်းအားနည်းနေသလိုပင်။

ဖျားချင်နေသည်။

အခုတလော ...

သွေးသွေးမြိုင် နေလို့မကောင်းချင်ဘဲ ဖျားချင်နေသည်။

ကိုဇေနဲ့ စေ့စပ်တော့မယ်။

ပွဲပျက်လို့ မဖြစ်ဘူး။

နေကောင်းအောင် နေရမယ်။

"အား ... မူးလိုက်တာ ..."

သွေး ...

ထိတ်လန့်သွားရသည်။



ဘာဖြစ်ရတာလဲ။

သွေးအင်အားတွေ မဲ့ပြီး နေမကောင်းသလို ဖြစ်ဖြစ်နေတတ်သည်။

ခုခံအားကျဆင်းတဲ့ ရောဂါလား။

ဒါမှ မဟုတ် ...

ဘာရောဂါလဲ ...

အိမ်ကလူကြီးတွေ သိလို့မဖြစ်ဘူး။

စေ့စပ်ပွဲ အပျက်မခံနိုင်လို့ပါ။

မမရော ...

အသိပေးလို့ မဖြစ်ဘူး။

ကိုဇေနဲ့ မမက ချစ်သူတွေ ...

သွေးသွေးကတော့ ကိုယ်လိုချင်တဲ့အရာကို မမဆီက လုယူနေကျပါ ...

ကားတွေ ...

လက်ဝတ်ရတနာတွေ ...

ငွေကြေးတွေ ...

အားလုံး ယူခဲ့တာပဲ။

မမက သူမကိုချစ်ခင်မြတ်နိုးတာတော့ သိနေသည်။

မင်းမောင်မောင်ကို အရှုံးမပေးလို ...

သူငယ်ချင်းတွေရှေ့မှာ ကိုဇေလိုယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခွင့်ရလို့ ဂုဏ်ယူဝင့်ကြွားနေနိုင်ခဲ့သည်။

သွေးသွေးမြိုင်က ဘယ်သူ့ကိုမှ ငဲ့ညှာသောက်ထား

www.burmeseclassic.com

www.burmeseclassic.com



အားနာတတ်တာမဟုတ်။

"သွေး ..."

"ဟင် မမ ..."

"မနက်စာ လာစားတော့လေ ညီမလေး ..."

"အင်း လာစားမယ် ..."

"လာ ... လာ ... လူစုံနေပြီ ... မမအုန်းနို့ခေါက်ဆွဲချက်ထားတယ် ညီမလေး ..."

"ဟုတ်လား ... သွေးအရမ်းကြိုက်တာပဲ လာခဲ့မယ် ..."

ဖေလည်း ရောက်နေ၍ သော်ကမြိုင် မနေချင်သဖြင့် ညီမလေးကို လာခေါ်ခြင်းပင် ဖြစ်သည်။

"သွေး ..."

"ဟင် ..."

"နေကောင်းရဲ့လား ... ညီမလေးကြည့်ရတာ ဖြူဖတ်ဖြူရော် ဖြစ်နေသလိုပဲ ..."

"ကောင်းပါတယ် ... သွေးသွေး ညဘက်အိပ်ရေးပျက်သွားလို့ပါမမ ..."

"ကျန်းမာရေး ဂရုစိုက်နော် ညီမလေး ... စေ့စပ်ပွဲက နီးနေပြီလေ ..."

ဟုတ်တယ်။

စေ့စပ်ပွဲက နီးနေပြီ။

ဖေဖေက သွေးသွေးဆန္ဒအတိုင်း ဟိုတယ်ကြီးတစ်ခုမှာ ကြီးကျယ်ခမ်းနားစွာ လုပ်လို၍ အချိန်ယူနေရသည်။



အမြန် စီစဉ်ရင်ကောင်းမှာပဲ ...

ပြန်ပြင်လိုက်ရမလား။

"သွေး လာခဲ့နော် ... ဖေလည်းရောက်နေပြီ ..."

"ဟုတ်လား ..."

"အင်း ..."

"သွေး အခုပဲလာခဲ့မယ် ... အဝတ်အစားလေးနည်းနည်းလဲလိုက်ဦးမယ်နော် ..."

မမပြန်သွားသည်။

သွေးကိုတော့ မမချစ်ပါတယ်။

အမြဲတမ်း ...

အနစ်နာခံတတ်တာပဲ ...

မတတ်နိုင်တော့ဘူးမမ ...

အရင်ကတော့ ...

သွေးချစ်သူ ကိုမင်းမောင်မောင်နဲ့ပဲ လက်ထပ်ဖို့ စီစဉ်ထားကြတာပါ။

သူက သစ္စာမဲ့သွားတယ်လေ။

မမ ကျန်ခဲ့ဖို့ ဖြစ်ရတာပါ။

သွေးထလိုက်သည်။

ကိုဖေရောက်နေပြီဆို၍ မမနဲ့မျက်လုံးချင်းဆုံရင်ခုန်နေကြပြီလား။

"အား ..."

သူမ ...

www.burmeseclassic.com

www.burmeseclassic.com



လန့်သွားရသည်။

ဘာဖြစ်ရတာလဲ ...

ခွေလဲကျသွားရသည်။

"ဟင် ... "

သွေးသွေးမြိုင် မကြာခဏ အင်အားကုန်ခမ်းသွားသလို လဲကျသွားရသည်။

မဟုတ်တော့ဘူး။

တစ်ခုခုတော့ ဖြစ်နေပြီပဲ။

အဖျားကလည်း ရှိနေသည်။

သူမ ဆေးတွေ ကျိတ်သောက်တာ မသက်သာပေ။

ဆေးခန်းပြရမယ်။

မဖြစ်သေးပါဘူး ...

ဓေ့စပ်ပွဲက နီးနေပြီပဲ ...

အားယူထပြီး ထမင်းစားခန်းသို့ ထွက်လာခဲ့သည်။

လူစုံနေပြီ ...

မမရဲ့ လက်ရာကို အားလုံးကြိုက်ကြသည်။

ကိုဓေ့အနားမှာ ဝင်ထိုင်လိုက်၏။

"ဓေ့စပ်ပွဲအတွက် အားလုံးအဆင်ပြေတယ် သမီးလေး ... ဓေ့စပ်မင်္ဂလာလက်စွပ်လည်း ပေးမဲ့သူတွေရော ... မင်္ဂလာစကားပြောကြားပေးမဲ့လူတွေရော အဆင်ပြေတယ် ... အားလုံး အဆင်သင့်ပဲ ... "

ဖေဖေက ပြောနေသည်။



မူးလိုက်တာ ...

အဖျားတွေ တက်ချင်လာသည်။

လဲခွေကျချင်နေ၏။

မဖြစ်သေးပါဘူး။

ကိုဓေ့နဲ့ လက်ထပ်ဖို့က ကျွန်မရဲ့ မျှော်လင့်ချက်တွေပါပဲ ...

ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ကျွန်မ ဂုဏ်တက်မောက်မာနိုင်ပြီလေ။

ကျွန်မ အနိုင်ရမှာပဲ ...

"ကျွန်တော် သမီးလေးကို အရမ်းစိတ်ပူမိတာပဲ ... အခုတော့ အားလုံးစိတ်အေးရပြီလေ ... မင်္ဂလာလက်ဖွဲ့အဖြစ် သမီးလေးတောင်းဆိုသမျှ အကုန်ပေးမယ် ... "

သွေးဘဝ အရမ်းတင့်တယ်နေပြီ ...

"သွေး ... "

"ဟင် ... "

"သွေးလက်ထပ်ပြီးရင် ... မမလည်း နိုင်ငံခြားထွက်ဖို့ ဆုံးဖြတ်လိုက်တယ် ... မမပူပင်ရတဲ့ ညီမလေး အိမ်ထောင်ကျသွားပြီပဲ ... "

မမ ...

အဝေးကို သွားတော့မယ်။

ကောင်းတာပဲ ...

အမွေအတော်များများ သွေးသွေးမြိုင်ပဲ ရတော့မှာ

www.burmeseclassic.com



ဖေဖေရော မမကပါ ပေးခဲ့မှာပဲ။

ကိုဇေ့အတွက်လည်း နောက်ဆံမတင်းရတော့ဘူးပေါ့။

ရှင်သိမယ် ...

အခုတော့ ...

မမကိုကြည့်ထားဦးပေါ့ ...

ခံစားလေ ...

သွေးသွေးမြှင်နဲ့ လက်ထပ်ပြီးလို့ကတော့ ရှင်နာပြီပဲ။

လုံးဝကင်းအောင်နေရမယ်။

အား ...

မူးလိုက်တာ ...

ဟန်ဆောင်နေရသည်။

သွေး ဘာဖြစ်ရတာလဲ ...

ကျန်းမာရေး တစ်ခုခုတော့ ချို့ယွင်းနေပြီဆိုတာ သိလိုက်ရသည်။

ဟန်ဆောင်နေမှ ...

ဇေ့စပ်ပွဲရော လက်ထပ်ပွဲပါ လုံးဝအပျက်မခံနိုင်ပါဘူး။

"သမီးလေးအတွက် စိတ်အေးရပြီပဲ ... ဇေ့ကိုလည်း ... အန်ကယ့်စီးပွားရေးလုပ်ငန်းတွေ လွှဲခဲ့မယ် ... လက်ဖွဲ့တာလေ ..."



"ဖေဖေ တကယ်ပြောတာလားဟင် ..."

"တကယ်ပါ ..."

"အန်ကယ်ကလည်း တစ်ဦးတည်းသောသားဆိုတော့ ... ရှိသမျှ အမွေတွေအားလုံး သားနဲ့ချွေးမကို မင်္ဂလာလက်ဖွဲ့ အဖြစ်ပေးမှာပါ ..."

သွေးပျော်သွားမိသည်။

ဘဝမှာ ဘာမှမလိုအပ်တော့ဘူး။

ဂုဏ်ဒြပ်တွေနဲ့ပြည့်စုံနေတဲ့ ဘဝကို ပိုင်ဆိုင်ရတော့မယ်။

ပျော်လိုက်တာ ...

မမ အဝေးဆုံးကို ထွက်သွားမယ်ဆိုတာကို ဟန်ဆောင်ပင် မတားမိ။

ကောင်းတာပဲ ...

သွေး ဖြစ်စေချင်တာလေ ...

"သွေး ..."

"ဟင် ..."

"မမပိုင်တဲ့ စိန်တွေလည်း ညီမလေးအတွက်ပေးခဲ့မှာပါကွယ် ..."

သွေးမငြင်းမိ ...

ဟန်ဆောင်ပြီးပင် မပြောမိ ...

မမအစီအစဉ်တွေကို အားလုံးလက်ခံကြောင်း အမူအယာနှင့် သက်သေပြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သား လက်ထပ်မင်္ဂလာပွဲက အကြီးကျယ်အခမ်းနားဆုံး ဖြစ်နေရမယ်ဗျာ ... ကျေနပ်လား ..."

"ကျေနပ်ပါတယ်ဗျာ ... သမီးဘဝရှေ့ရေးအတွက် ကျုပ်စိတ်အေးရပြီ ..."

စားသောက်ဝိုင်းမှာ မပျော်နိုင်တာက ဖေပင်ဖြစ်နေသည်။

မမ ...

ခင်ဗျား အနစ်နာခံလွန်းသည်။

ညီမလေး မင်္ဂလာပွဲအတွက် မမတကယ်ပဲ တက်ကြွရွှင်လန်းနေတယ်။

ဟန်ဆောင်နေတာလား။

မမနှလုံးသားတွေထဲမှာ ဇေ့အတွက် နည်းနည်းမှ တောင် မခံစားရတော့ဘူးလားဗျာ ...

သူ ...

ထလိုက်သည်။

"ဒီနေ့တော့ ... သား သူငယ်ချင်း ချစ်ဆွေအိမ်သွားမယ်၊ မင်္ဂလာကိစ္စတွေ နောက်နေ့မှပဲ လုပ်မယ်နော်သွေး ..."

"သွားလေ ... မနက်ဖြန်ကျရင်တော့ ကိုဇေစိတ်ရှည်လက်ရှည် လိုက်ပေးရမှာပဲ ..."

"အင်းပါ ..."

မမထွက်သွားမယ်ဆိုလို့ ရှင်စိတ်ထိခိုက်တာ မဟုတ်လား။



သွေးမလိုက်နိုင် ...

ခေါင်းက အရမ်းမူးနေသည်။

မျှားနေ၏။

စားသောက်ပွဲက ပြီးသွားသည်။

"အား ..."

"ဟင် ... သွေးဘာဖြစ်တာလဲ ..."

"မူးသွားလို့ ..."

"အုန်းနို့ခေါက်ဆွဲတွေ စားတာများလို့လား ..."

"ဟုတ်မယ် ... ဘာမှ မဖြစ်ပါဘူး ... သွေးသွားတော့မယ်"

ယောက္ခမလောင်းကြီးရှေ့မှာ သွေးကျန်းမာရေး ထိခိုက်ဟန် မပြလိုပေ။

အသက်ရှူ ကျပ်လာသည်။

ဒုက္ခပါပဲ ...

ကျွန်မ ...

ဘာဖြစ်တာလဲ။

အခန်းထဲရောက်အောင် အနိုင်နိုင်လှမ်းလာရသည်။

အိပ်ခန်းထဲရောက်မှ အိပ်ရာပေါ် လှဲချလိုက်ရတော့၏။

ကိုဇေ ...

ကျွန်မ တစ်ခုခုဖြစ်နေပြီ ...

ရိုးရိုးမူးနာတော့ မဖြစ်နိုင်ဘူးလို့ ထင်မိတာပဲ။

စိတ်ပူလိုက်တာ ...

www.burmeseclassic.com

www.burmeseclassic.com



"သွေး ... "

"ဟင် မမ ... "

"ညီမလေး ဘာဖြစ်နေလဲ ... ကိုယ်တွေလည်း ပူနေတယ်။ ဖျားနေပြီ ထင်တယ် ... "

"ကျွန်မ ဘာမှမဖြစ်ပါဘူး ... နည်းနည်းဖျားတာပါ ... "

"မဟုတ်သေးဘူးလေ ... ဆေးခန်းပြရအောင် ... စေ့စပ်ပွဲနီးနေပြီလေ ... ညီမလေးဖျားနေလို့မှ မဖြစ်တာ ... ထ ဆေးခန်းသွားပြမယ် ... "

"ကျွန်မ ဘာမှမဖြစ်ပါဘူး ... ဆေးပဲသောက်မယ် ... ဘယ်ဆေးခန်းမှ မပြချင်ပါဘူးမမ ... "

"မဟုတ်တာပဲ ... ဒီလိုပေါ့နေလို့ ဘယ်ဖြစ်မလဲ ... ဆေးခန်းသွားပြရမယ် ... "

သွေးသွေးကိုယ်တွေပူနေ၍ သော်ကမြိုင် စိတ်ပူပင်သွားရသည်။

ငယ်ငယ်လေးထဲက ညီမလေး မကြာခဏ ဖျားတတ်၍ ပိုးမွေးသလို မွေးခဲ့ရ၏။

"ညီမလေးက ငယ်ငယ်လေးထဲက ကျန်းမာရေးမကောင်းဘူးလေ ... "

"မမ ... "

"ဟင် ... "

"သွေးသွေး ကျန်းမာရေးမကောင်းဘူးဆိုတဲ့ စကားကို သူ့ရှေ့မှာ မပြောမိစေနဲ့နော် ... "



"မပြောပါဘူး ... အသက်နည်းနည်းရလာတော့ ညီမလေး ကျန်းမာရေး ကောင်းလာပါတယ် ... "

"နည်းနည်းပါ ... မပူနဲ့ ... သွေးဘာမှမဖြစ်ဘူး ... "

"ဘာမှမဖြစ်လည်း ဆေးခန်းပြထားတာ မမှားဘူးလေ ... မမက စိတ်ပူလို့ပါ ... "

ညီမလေး ဟန်ဆောင်ပြီး ထိုင်စားသောက်နေတာ သော်ကမြိုင် သတိထားမိသည်။

စိတ်ပူမိ၏။

ညီမလေးကြည့်ရတာ ဖြူရော်ရော်နဲ့ အားအင်ချည့်နဲ့နေသည်။

သတိထားမိတာ တစ်ပတ်လောက်တောင် ရှိနေပြီဖြစ်၏။

"မမက ညီမလေးကို အမြဲတမ်းအရိပ်လိုကြည့်နေတာပါကွယ် ... ငယ်ငယ်လေးထဲကပဲ နည်းနည်းလေးဖျားတာနဲ့ ဆေးခန်းပြတာပဲ ... "

သွေးမကြားချင်ဘူး။

မမ ...

ဘာတွေ လာပြောနေရတာလဲ ... ။

ကျွန်မ ကျန်းမာရေး မကောင်းဘူးဆိုပြီး ကျွန်မရဲ့ မင်္ဂလာပွဲကို ဖျက်ဆီးပစ်ချင်နေရတာလား။

မလုပ်နဲ့နော် ...

ကျွန်မရဲ့ မျှော်လင့်ချက်တွေကို ဖျက်ဆီးပစ်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ ကျွန်မရှုံသူပဲ။

မမက ကိုဇေကို ချစ်နေသူ ...

သိပါတယ်။

မကောင်းတတ်လို့ မမချစ်သူကို စွန့်လွှတ်လိုက်တာ မဟုတ်လား။

သွေးကို မလိမ်နဲ့ ...

မမက ကိုဇေအထင်ကြီးအောင် သဘောထားကြီး ပြတာ မဟုတ်လား။

မှုးလိုက်တာ ...

အရေးထဲ ...

ပေလာရှည်နေသေးတယ်။

သွေးသွေး ဘာမှ နားမထောင်ချင်တော့ဘူး။

ကျန်းမာရေးမကောင်းတာ ... အကြောင်းပြမလို့ မဟုတ်လားမမ ...

"မမ အရမ်းဂရုစိုက်ခဲ့လို့ သွေးကျန်းမာလာတာ ... တစ်ပတ်လောက်ရှိပြီ ညီမလေးကို ကြည့်ရတာ အားမရဘူး ..."

"မမ သွေးပြောပြီးပြီနော် ... ဘာမှ မဖြစ်ဘူးလို့ ... ဆေးသောက်လိုက်ရင် ရတယ် ..."

"ဘယ်ဟုတ်မလဲ ... ဆေးခန်းတော့ ပြကိုပြရမယ် ... သွေးခေါင်းမာနေရင် ဖေဖေ့ကိုပြောပြီး ဆေးခန်းပြဖို့အတင်းအကျပ်ခေါ်ရမှာပဲ ..."

"ဟင် ..."



မမလုံးဝမရိုးသားတော့ဘူး။

သွေးကျန်းမာရေး မကောင်းတာ လူကြီးတွေ သိအောင်လုပ်နေပြီ ...

သေချာတယ်။

မမအကောက်ကြံတာပဲ ...

ဖေဖေနှင့်အန်ကယ်ညီညီ သိသွားလျှင် စေ့စပ်ပွဲကို ရွှေ့ပစ်မှာပါ။

မမသိသိကြီးနဲ့ ...

"သွေး ..."

"ဟင် ..."

"ထလေ ..."

"ကျွန်မ လုံးဝမပြဘူး ..."

"ဘာဖြစ်လို့လဲ ..."

"မမက ကျွန်မကျန်းမာရေး မကောင်းတာကို အကြောင်းပြပြီး ... စေ့စပ်ပွဲကို ဖျက်ဆီးပစ်မလို့လား ..."

"ဟင် ..."

"ကျွန်မ ဘာမှမဖြစ်ဘူးလို့ ပြောထားပြီးပြီပဲ ... မမ ပူပင်ဟန်ပြမနေပါနဲ့ ... ကျွန်မ ကျန်းမာရေးချူချာတတ်တာလည်း ထုတ်ဖော်ပြောစရာ မလိုပါဘူး ... ဘာဆေးခန်းမှလည်းမပြဘူး ... မမထွက်သွားပါ ... မမကို မယုံဘူး ကျွန်မတို့ စေ့စပ်ပွဲကို ဖျက်ဆီးပစ်ဖို့ ကြံစည်တာပဲ ..."

"သွေး ..."

www.burmeseclassic.com

www.burmeseclassic.com



သွေးကို ဒေါသတကြီးအော်ပြီး အခန်းထဲမှ ပြေးထွက်သွားတော့သည်။

ကိုဇေနဲ့ လက်ထပ်ပွဲကို ဖျက်ဖို့ မကြံနဲ့နော်။

မမကို လုံးဝမယုံဘူး။

ကျွန်မကို အတင်းခေါ်ပြီးဆေးခန်းတွေပြမလို့လား။

မပြဘူး ...

"အား ... မူးလိုက်တာ ..."

မဖြစ်သေးပါဘူး။

ဖေဖေ့ကို ပုံကြီးချဲ့ပြီး သွားပြောမြနေရင် ဒုက္ခပါပဲ။

သွားပြီး ရှင်းပြရမယ်။

ကျွန်မ ဘာမှမဖြစ်ဘူးဆိုတာ ဖေဖေသိအောင် ပြောပြရမယ်။

သွေးသွေးမြိုင် အိပ်နေရာမှ အားယူထပြီး ဖေဖေ့ဆီကို လာခဲ့မိသည်။



## အခန်း(၂၄)

"ဖေဖေ ..."

"ဟင် ... သမီးကြီး ... ဘာဖြစ်လာတာလဲ ... မျက်နှာလည်း မကောင်းပါလား ..."

မျက်စိမျက်နှာပျက်နေတဲ့ သမီးကြီးကိုကြည့်ပြီး ဦးကျော်ခေါင် အထိတ်တလန့် ဖြစ်သွားရတော့သည်။

"သမီးကြီး ဘာဖြစ်လာတာလဲ ... ဖေဖေ့ကို ပြောစမ်း"

သမီးကြီး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေနဲ့ပြည့်နေသည်။

"သမီးကြီး ..."

"ဖေဖေ ..."

"ပြောလေ ..."

"ညီမလေးမှာ ..."

"သမီးလေး ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး နေမကောင်းဘူး ..."
"ဟင် ..."
"ညီမလေး ဖြစ်နေတဲ့ပုံစံက သွေးကင်ဆာများလား"
"ဘာ ..."
"ဖေဖေ ပြောပြတယ်မဟုတ်လား ... ညီမလေး အဖေ
သွေးကင်ဆာနဲ့ ဆုံးသွားတာဆို ..."
"ဟုတ်တယ်လေ ... သွေးကင်ဆာနဲ့ ဆုံးတာပဲ ..."
"ညီမလေးလည်း အဲ့ဒီလိုမျိုးရိုးလိုက်သွားမှာ စိတ်ပူရတယ်"
"ဟင် ... သမီးလေး ဘာဖြစ်လို့လဲ သမီးကြီး ..."
"ဖျားနေတယ် ... သွေးအားတွေလည်း နည်းနေသလိုပဲ ...
ယိုင်ခွေခွေဖြစ်နေတာ သမီးသိတယ် ..."
"ဘယ်လိုလုပ်ကြမလဲ သမီးကြီး ... ကျန်းမာရေး စစ်ဆေး
မှာပေါ့ မဖြစ်ဘူး ... သမီးလေးကို ခေါ်ပြီး ဆေးခန်းပြ
မယ် ..."
"ဖေဖေ ..."
"ဘာလဲ သမီးကြီး ..."
"ညီမလေးက သမီးကို အထင်လွဲနေတယ် ... ဟို ဒေ
ကျန်းမာရေးအကြောင်းပြပြီး ... စေ့စပ်ပွဲကို ဖျက်ဖို့ကြိုးစား
နေတယ်တဲ့ ..."
"မဟုတ်တာဘဲ ... သမီးကြီးက အဲ့ဒီလိုမှ မဟုတ်တာ ညီမ
လေးကို မွေးစားပြီးထဲက ပြုစုစောင့်ရှောက်လာခဲ့တာပဲ ..."
"ဖေဖေရယ် ... ညီမလေးက ဖေဖေ့ကို မပြောရဘူးတဲ့ ...



လူကြီးတွေ မသိပါစေနဲ့တဲ့ ... စေ့စပ်ပွဲကို အရမ်းပျက်မှာ
ကြောက်နေတယ်လေ ..."
"မရဘူး ... သမီးလေးမှာက မျိုးရိုးရှိတယ် ... ကျန်းမာရေး
စစ်ဆေးရမှာပဲ ..."
"သမီးက စိတ်ပူလို့ပါ ... ညီမလေးရောဂါက မိဘမျိုးရိုး
လိုက်ပြီး သွေးကင်ဆာဖြစ်နေမှာစိုးလို့ပါ ဖေဖေ ..."
"ဟုတ်တယ် ... စိတ်ပူရတယ် သမီးကြီး ... သမီးလေးအဖေ
က သွေးကင်ဆာဖြစ်တာ ... သိပြီး တစ်လအတွင်းဆုံးသွား
တာပဲ ... သမီးလေးအမေလည်း မီးတွင်းထဲမှာ စိတ်ထိခိုက်
ပြီး ဆုံးရတာ ..."
"ဘယ်လိုလုပ်ကြမလဲဟင် ..."
"ဆေးစစ်ရမှာပေါ့ ..."
"ညီမလေးက သမီးကိုအထင်လွဲတော့မယ် ... မုန်းတော့
မယ် ... ညီမလေးက ဖေဖေ့ရဲ့ မွေးစားသမီးလေးဆိုပေမဲ့
သမီးက ညီမလေးအရင်းလိုပဲ ချစ်မြတ်နိုးမိတာပါ ..."

သွေးသွေးမြိုင်ရဲ့ ခြေလှမ်းတွေက တုန့်ခနဲ ရပ်သွား
သည်။

ဖေဖေနှင့်မမပြောနေတဲ့ စကားတွေကို ပီပြင်စွာ
ကြားလိုက်ရ၏။

ဘုရားရေ ...
ကျွန်မက မွေးစားသမီးတဲ့ ...
ဟုတ်ရဲ့လား ...

www.burmeseclassic.com

"ညီမလေး အသက်ထင်ရှားရှိနေသရွေ့ သမီးဘယ်တော့မှ ထုတ်ဖော်မပြောပါဘူး ... ညီမလေး လိုအပ်သမျှ ပေးဆပ်သွားမှာပါ ဖေဖေရယ် ..."

"သမီးကြီးရယ် ..."

"ညီမလေးက သမီးကိုအထင်လွဲနေတယ် ... စေ့စပ်ပွဲဖျက်အောင်လုပ်တာလို့ ထင်နေတယ် ... သွေးသွားမတော်စပ်ဘူးဆိုရင် ... ပိုပြီး မုန်းသွားမှာပဲဖေဖေ ..."

"အခြေအနေကြည့်ပြီး ဖေဖေစီစဉ်မယ် ... သမီးကြီးစိတ်ကိုဖြေပါ ... အမှန်တရားဆိုတာ ... ဖြေရှင်းလို့ ရပါတယ်သမီးရယ် ..."

သွေးသွေးမြိုင် ဖေဖေ့အခန်းထဲ မဝင်တော့ဘဲ ပြန်ထွက်လာခဲ့မိသည်။

သူမ ...

အိပ်ခန်းထဲ ပြန်ရောက်လာသည်။

အင်အားတွေ ချည့်နဲ့နေ၏။

သွေးသွေးမြိုင်က ဖေဖေရဲ့သမီးအရင်း မဟုတ်ဘူးတဲ့ ...။

ဆောက်တည်ရာ မရအောင်ဖြစ်ရသည်။

ကျွန်မ ဘယ်လိုလုပ်ရမလဲ။

အဖေက သွေးကင်ဆာနဲ့ ဆုံးရတာတဲ့ ...

ကျွန်မလည်း ...

ဆက်မတွေးရဲတော့ ...



မဖြစ်ဘူး။

ကျွန်မ ဆေးစစ်မခံဘူး။

ကိုဧနဲ့လက်ထပ်ပွဲကို လုံးဝအပျက်မခံနိုင်ပါဘူး။

စိတ်တွေကို တင်းမိသည်။

ဖေဖေရော မမပါ သူမအပေါ် ကောင်းတာတော့ သူမ သိလာရ၏။

မမ ...

ညီမလေးပေါ် အနစ်နာခံပါတယ်။

မွေးစားထားတဲ့ ကလေးတစ်ယောက်ကို မမက ချစ်မြတ်နိုးပါတယ်။

ဒါပေမဲ့ ...

မယုံဘူး ...

အချစ်နဲ့ ပတ်သက်လာရင်တော့ မမကို မယုံနိုင်ဘူး။

ကိုဧက မမချစ်သူ ...

မုန့်ကိုသာ ဝေစားနိုင်မယ်။ အချစ်ကို ဝေမစားနိုင်ဘူး မဟုတ်လား။

မမ ...

ကျွန်မ တောင်းပန်ပါတယ်။

ကိုဧ့ကို ကျွန်မ လက်ထပ်ပါစေနော် ...

ဖေဖေ့ရဲ့ သမီးအရင်းမဟုတ်ဘူးဆိုတာ ကမ္ဘာ့ပတ်ဝန်းကျင်က သိမှာပဲ ...

အဲ့ဒီအခါကျရင် ကျွန်မဂုဏ်သိက္ခာငြိုးရမယ်။

www.burmeseclassic.com



အမွေရတုန်း ယူထားမှ ...

မမက ကျွန်မရဲ့ ဧွစပ်ပွဲကို ပျက်စေချင်နေတာပါ။

ဟုတ်တယ်။

ဒီကိစ္စ မမကို မယုံရဘူး ...

ကျွန်မ ...

လုံးဝ ဆေးမစစ်ဘူး။

နေကောင်းအောင်နေမယ်။

ဆေးကို ဝယ်သောက်သည်။

အဖျားဖြတ်ဆေးတွေ သောက်နေ၏။

ကျွန်မ ...

အိပ်ရာထဲမှာ လှဲနေလို့ မဖြစ်ပါဘူး။

အရင်လိုပဲ အပြင်ထွက်ပြီး နေထိုင်သွားလာနေရမယ်။

အလှပြင်ဦးမှ ...

မနက်ဖြန် ...

ကိုဇေနဲ့ မင်္ဂလာပွဲဝတ်စုံချုပ်ဖို့ မမတာဆီကိုသွားရမယ်။

မမတာက အကောင်းဆုံး ဒီဇိုင်းထွင်ပေးမယ်တဲ့။

ဆေးတွေ သောက်သည်။

"သမီးလေး ..."

"ဟင် ..."

ဖေဖေရောက်လာသည်။



"အခန်းထဲမှာ ငြိမ်နေလို့ ဖေဖေလာကြည့်တာလေ ..."

မမပြောလိုက်တာပါ။

ကျွန်မ သိပါတယ်။

လူကြီးတွေကို ကျွန်မ နေမကောင်းတာ မပြောပါနဲ့လို့ တောင်းပန်ထားတာပဲ။

"ဖြစ်မိန်း ... သမီးလေး နေမကောင်းဘူးထင်တယ်"

ဖေဖေ့လက်တွေကို သူမဖယ်ရှားပစ်လိုက်မိသည်။

"သမီး ဘာမှမဖြစ်ပါဘူး ... နေကောင်းပါတယ်ဖေဖေ"

သမီးလေးရယ် ...

ဧွစပ်ပွဲပျက်မှာစိုးလို့ ဟန်ဆောင်နေတာလား။

ဖြစ်မှဖြစ်ရလေ။

"သမီးလေး နေမကောင်းပါဘူး ... ဆေးခန်းကိုပြရမယ် ... သမီးလေး စစ်ဆေးရမယ် ..."

"ဟင့်အင်း ... ဟင့်အင်း ... သမီးဆေးမစစ်ဘူး ... ဘာမှမဖြစ်ပါဘူး ဖေဖေ ... သမီး မနက်ဖြန်ကိုဇေနဲ့ သတို့သမီးဝတ်စုံသွားချုပ်ရဦးမယ် ..."

"ဆေးခန်းပြတာ ... သမီးဧွစပ်ပွဲမပျက်စေရပါဘူး ... ဖေဖေ တာဝန်ယူပါတယ် ... သူတို့တွေ မသိအောင် ဆေးခန်းသွားမယ် ..."

ဖေဖေက ကျွန်မကို မျိုးရိုးလိုက်ပြီး သွေးကင်ဆာဖြစ်မှာ ဆိုးလို့ပါ။

ကျွန်မ သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်း[illegible] ...

ကျွန်မ ဘာမှ မသိချင်ဘူး။

ဆေးလည်း မစစ်ချင်ပါဘူး။

"သမီး ဘာမှမဖြစ်ပါဘူး ... တကယ် မဖြစ်တာပါ ... နည်းနည်းဖျားချင်သလို ဖြစ်နေမိတာပါ ... ဆေးခန်းပြဖို့လောက်အထိ မပြင်းထန်ပါဘူး ဖေဖေရာ ... "

မမ ...

ဖေဖေ့ကို အပြောပါနဲ့ဆို သွားပြီးပြောလိုက်တယ်။

မရှိသားတာဘဲ။

ကျွန်မ ဘာမှမဖြစ်ပါဘူး။

"ကျွန်မ နေကောင်းပါတယ်ဖေဖေ ... ဘာမှမဖြစ်ပါဘူး"

သူမ ...

ငြင်းဆန်နေမိသည်။

မပြဘူး ...

နေကောင်းပါတယ်။

နည်းနည်းမောသလိုပဲ ...

"သမီးအပြင်မထွက်တာ ကိုဇေအထင်သေးမှာစိုးလို့ပါ ... ကိုဇေကော မိန်းကလေးပီသတဲ့ မိန်းမကိုမှ ချစ်တာမဟုတ်လား ဖေဖေ ... "

သမီးလေးကို တယ်လိုဖျောင်းဖျပြောဆိုရမှန်း မသိအောင် ဖြစ်နေမိသည်။

မျိုးရိုးရှိတယ်ဟု ပြောဖို့လည်း အခက်ဖြစ်နေရ၏။



"ဖေဖေ ... "

"ဟင် ... "

"သမီး အရမ်းနေမကောင်းရင် ပြောမှာပါ ... တစ်ခါတစ်ရံ ဖျားတာမျိုးလောက်ပါပဲ ... ပုံကြီးမချဲ့ဖို့ မမကိုပြောလိုက်ပါ ... "

"သမီးလေး မမကို တစ်မျိုးမထင်ပါနဲ့ ... မမကသမီးလေးအတွက် အရမ်းစိတ်ပူတတ်တာပါ ... ငယ်ငယ်လေးထဲက သမီးလေးကို အရမ်းပြုစုစောင့်ရှောက်ခဲ့တာလေ ... "

ကျွန်မ အရမ်းအန်ချင်နေသည်။

ပင်ပန်းနွမ်းနယ်နေသလိုပဲ ...

ဖေဖေ ...

ကျွန်မအနားက ထွက်သွားပါတော့ ...

စေ့စပ်ပွဲကို လိုးဝမရွှေ့နိုင်ပါဘူး။

ကျွန်မဘဝမှာ ဆိုးသွမ်းအောက်ကျစ်တဲ့ယောကျ်ားတွေနဲ့ပဲ တွေ့ခဲ့ရတယ်။

ကိုဇေကဲ့ ကျွန်မဘဝကို တင့်တယ်စေပြီး ဂုဏ်ယူဝံ့ကြွားနိုင်မဲ့ ယောကျ်ားပဲ ...

"သမီး ဘာမှမဖြစ်ပါဘူးဖေဖေ ... နေကောင်းပါတယ်"

ဖေဖေပြန်ထွက်သွားသည်။

သူမတစ်ယောက်တည်း ကြိတ်ပြီး ချော်တွေကို သောက်နေမိ၏။

နောက်နေ့ကျတော့ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုဇေနှင့် သတို့သမီးဝတ်စုံ ချုပ်ရန်သွားဖို့ ပြင်ဆင်နေမိသည်။

"ကိုဇေ အောက်မှာစောင့်နေနော် … ကျွန်မ အခုပဲလာခဲ့ပါ့မယ် …"

အလှအပတွေ ပြင်ပြီး သူမအောက်ထပ်သို့ ဆင်းလာခဲ့မိသည်။

ကားနားအရောက်တွင် ကျွန်မ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားရ၏။

မောပန်းလာသည်။

မျက်လုံးတွေ ပြာပြီး ချွေကျသွားရ၏။

ဟန်ဆောင်၍ ရပ်တည်နိုင်ခြင်းပင် မတတ်နိုင်တော့ပေ။

"သွေး … ဒုက္ခပါပဲ … သွေး"

ကိုဇေ အထိတ်တလန့်နှင့် အော်လိုက်သဖြင့် အိမ်ထဲမှာ ဖေဖေနှင့် သော်ကမြိုင် ပြေးထွက်လာခဲ့မိကြသည်။

ထိုသို့ဖြစ်မှာကို ကြိုသိ၍ ညီမလေးအား အရိပ်တကြည့်ကြည့်လုပ်နေကြရ၏။

"ကိုဇေ သမီးလေးဘာဖြစ်တာလဲ …"

"လဲကျသွားလို့ သတိလစ်နေတယ် … ဆေးခန်းအမြန်ပို့မှဖြစ်မယ် အန်ကယ် …"

ဇေ့ ဖခင်ရော ထွက်လာပြီး ညီမလေးကို ဆေးခန်းပို့ကြသည်။



ဆေးခန်းရောက်မှ ညီမလေးသတိပြန်ရလာတော့၏။

အထူးကုဆရာဝန်ကြီးတွေက ဆေးစစ်ဆေးမှုတွေလုပ်ကြည့်တော့ အခြေက သွေးကင်ဆာဖြစ်နေပြီ ဖြစ်သည်။

လွန်သွားပြီ …

နောက်ထပ်တစ်လလောက်ကလွဲပြီး ညီမလေး လူ့လောကကြီးထဲမှာ အသက်ရှင်နေနိုင်ခွင့် မရှိတော့ပေ။

"မမ …"

"ညီမလေးရယ် …"

"ညီမလေး အခြေအနေကို ညီမလေးသိပါတယ် … မမကို တောင်းပန်စကားတွေ ပြောချင်တယ် …"

"ညီမလေးရယ် … မမကို ဘာမှ တောင်းပန်စရာမလိုပါဘူး။ မမက ခွင့်လွှတ်ပြီးသားပါ …"

"မမအပေါ် ညီမလေး စိတ်ကောင်းနည်းနည်းမှ မရှိခဲ့ဘူး… အနိုင်ကျင့် ဗိုလ်ကျခဲ့တယ် … မမက အမြဲတမ်းအနစ်နာခံပြီး ခွင့်လွှတ်ခဲ့ပါတယ် …"

"ညီမလေးရယ် … ဘာမှ စိတ်ထဲမှာ မထားပါနဲ့ … မမ အားလုံး ခွင့်လွှတ်တယ်နော် …"

ညီမလေး လက်လေးကို ဆုပ်ကိုင်ပြီး သူမပြောနေမိသည်။

သူမ မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်ဝလာရ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ ..."

"ဟင် ..."

"ကိုနေ့ကို မမလက်ထဲ ကျေကျေနပ်နပ်နဲ့ သွေးအပ်ခဲ့ပါတယ် ..."

"သွေးရယ် ... ဘာတွေပြောနေရတာလဲ ... မမအတွက် ညီမလေးကလွဲပြီး ဘာမှအရေးမကြီးတော့ပါဘူး ..."

"ကျွန်မ သိပါတယ် ... မမစေတနာ မေတ္တာတွေကို ကျွန်မ နောက်ကျမှ နားလည်ခဲ့ရပါတယ် ..."

"သွေးရယ် ..."

မမ ဘာယ်လိုဖြေရမလဲ ...

ညီမလေးမှာ အသိစိတ်ဓာတ်တွေရှိလာမှ လူ့ လောကကြီးထဲမှာ နေခွင့်မရှိတော့ဘူး။

ရင်နာလိုက်တာကွယ် ...

တစ်လဆိုတဲ့ အချိန်ကို ကျွန်မကျန်ကြာသွားအောင် ကျွန်မ ဘယ်လိုမှ လုပ်နိုင်စွမ်းမရှိတော့ပါဘူး။

ညီမလေး တစ်နေ့တခြား ရောဂါအခြေအနေက ပို ဆိုးသွားရသည်။

"ကျွန်မ အတွက်ကြီးမိတယ် ... ဖေဖေနဲ့မမအပေါ် ဆိုးပေခဲ့တယ် ... အခု ကျွန်မ ပြန်ပေးဆပ်ပါရစေ ..."

"အဲဒါတွေ ဘာမှမတွေးပါနဲ့ သွေးရယ် ... မစွဲလမ်းပါနဲ့ ... ညီမလေး စိတ်တွေကို တည်ငြိမ်အောင်ကြိုးစားပါ ..."

အစွဲအလမ်းတွေကြီးပြီး ညီမလေး မကျွတ်မလွတ်



တဲ့ ဘုံဘဝမှာ ရောက်နေမှာမင်း သူမ့်စိတ်ပူမှုင်နေမိသေးသည်။

တရားချပြောင်းဖြေနေရ၏။

"မမ ..."

"ဟင် ..."

"ညီမလေး စိတ်ဖြောင့်ဖြောင့်နဲ့ လူ့လောကကြီးထဲက ထွက်ခွာသွားနိုင်အောင် ... ကျွန်မ ပြန်ပေးဆပ်သွားပါရစေ"

"ဘာများလဲ ညီမလေးရယ် ..."

"မမနဲ့ကိုနေ့ကို ကျွန်မကိုယ်တိုင် လက်ထပ်ပေးပါရစေ"

"သွေး ..."

ဖေဖေက အနားမှာရှိသည်။

လက်ပေးပါဟု ညီမလေးက ပြောင်းနေ၍ ကျွန်မ ရော ကိုနေ့ပါ ညီမလေးလက်ထဲလက်ကို ထည့်လိုက်ကြ၏။

သူမနှင့် ဖေတို့ရဲ့ လက်တွေကို ညီမလေးကိုယ်တိုင် ထပ်ပေးလိုက်သည်။

ထူပူပြီး ဖတ်ဝန်းကျင်ကို တခဏမေ့မျောသွားစဉ် ညီမလေး ငြိမ်သက်သွားတာကို သတိမထားမိ။

"သွေး ..."

"သွေး ..."

အသံကြားမှ ကျွန်မ အသိဝင်လာပြီး ညီမလေးကို ကြည့်မိသည်။ ညီမလေး ငြိမ်သက်နေ၏။

အသက်ရှူနေခြင်းကနေ လုံးဝချုပ်ငြိမ်းသွားပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှဖြစ်ရလေ ညီမလေးရယ် … မမဘယ်လိုဖြေရမလဲ"

ညီမလေးကို ဖက်ပြီး ကျွန်မ ကြေကွဲစွာ ငိုမိသည်။

မမရင်ထဲမှာ အရမ်းခံစားနေရတယ် ညီမလေးရယ်။

ဖြေလို့တောင် မရတော့ဘူး …

ညီမလေး ရုပ်အလောင်းကို အုတ်ဂူလှလှလေးထဲမှာ ထာဝရ သိမ်းထားလိုက်ကြသည်။

မမြဲသောတရားကို ကျွန်မရော ဖေဖေပါ ရှုမှတ်နေကြရတော့၏။

အားလုံးသောသူတွေ ဒီလမ်းကိုပဲ လိုက်ကြရမှာမဟုတ်လား။

သူမအတွက်တော့ အားပေးဖော်အဖြစ် ဇော်ရှိနေသေးသည်။

*အားလုံးကို ချစ်ခင်လေးစားစွာဖြင့်*

*ကျေးဇူးအထူးတင်လျက်ပါလို့*

**မိကိုရှူးဇင်**

www.burmeseclassic.com